မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်   ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ စနေနေ့၊   အတွဲ [၅၅]၊ အမှတ် [၁၂၂]

မိဘအမွေ

❍ မိခင်ဆိုဆုံးမမှု ကောင်းလျှင် သား သမီးများ နှုတ်အမူအရာယဉ်ကျေး၏။
❍ ဖခင်ဆိုဆုံးမမှု ကောင်းလျှင် သား သမီးများ ကိုယ်အမူအရာယဉ်ကျေး၏။
❍ မိခင်၊ ဖခင် နှစ်ဦးလုံး ဆိုဆုံးမမှုကောင်းလျှင် သား သမီးများ နှုတ်အမူအရာ ကိုယ်အမူအရာ နှစ်ပါးလုံး ယဉ်ကျေးကြ၏။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသည့် နေ့လယ်စာစားပွဲ အခမ်းအနားကျင်းပ

စာ - ၃

သဘာဝဓာတ်ငွေ့ တင်သွင်းရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ စတင်ဆောင်ရွက်တော့မည်

စာ - ၃

ကင်းထောက်လုပ်ငန်းစဉ်များ ရှင်သန်ဖွံ့ဖြိုးရေး နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် မြန်မာကိုယ်စားလှယ်များ အမြင်ချင်းဖလှယ်

စာ - ၅

သာ၍လင်းမည့် ရောဝတီ

ငါးနှစ်တာကာလအတွင်း မြို့ခြောက်မြို့နှင့် ကျေးရွာ ၅၅၉ ရွာကို တိုးမြှင့်ကာ လျှပ်စစ်မီး ပေးအပ်နိုင်ခဲ့ခြင်းကြောင့် ဒေသဖွံ့ဖြိုးမှု ပိုမို မြန်ဆန်ခဲ့

၂၃၀ ကေဗွီ ပုသိမ်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ - လျှပ်စစ်)

သတင်းဆောင်းပါး - သန်းဦး(သတင်းစဉ်)၊ ခင်ရတနာ

လမ်းမီးတိုင်တို့မှ ဖြာကျလာသည့် အလင်းရောင်အောက်ဝယ် ဈေးရောင်းချသူ၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။ ရေပေါ်ဈေးတည်ရှိသည့် ပုသိမ်မြို့ကမ်းနားလမ်းမကြီးသည် ဧရာဝတီတိုင်းဒေသကြီး၏ ခေတ်သစ်အလှများကို မီးရောင်အောက်တွင် ချခင်းထားသယောင်။

စာရေးသူတို့ ပြီးခဲ့သည့်နှစ် ဧရာဝတီတိုင်းဒေသကြီးတစ်ခွင် လှူမှုစီးပွား သတင်းများရယူရင်း ဧရာဝတီ၏ တသွင်သွင်စီးဆင်းသံကို နားသောတဆင်ခြင်းဖြင့် ညအလှကို မီးရောင်များအကြား ခံစားမိသည်။

မြစ်ဝကျွန်းပေါ်ဒေသဖြစ်သဖြင့် စိုက်ပျိုးရေး လွန်စွာကောင်းမွန်သည့် ဧရာဝတီ၊ မြစ်ချောင်း အင်းအိုင်တို့ကြောင့် ရေသယံဇာတဖွံ့ဖြိုးသည့် ဧရာဝတီ၊ ကမ်းခြေအလှတို့ဖြင့် ထုံမွှမ်းသည့် ဧရာဝတီ၊ ကမ္ဘာကျော်နာဂစ်မုန်တိုင်းဒဏ်ကြောင့် မရှုမလှအရေးနိမ့်ခဲ့ဖူးသည့် ဧရာဝတီ၊ သဘာဝဂေဟစနစ်များ မပျက်မစီးကျန်ရှိနေသေးသည့် ဧရာဝတီတိုင်းဒေသကြီးတစ်ခွင် အမှန်ပင် တိုးတက်လာပြီလားဆိုသည်ကို တစေ့တစောင်း လေ့လာကြည့်မိသည်။

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ထိုဒေသ၏ အခြေခံအဆောက်အအုံများ မည်မျှဖွံ့ဖြိုးလာသနည်းဆိုသည့် အမေးကို ဦးစွာစဉ်းစားကြည့်မိရာ ဆန်ရေစပါးပေါ်ကြွယ်ဝပြီး အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသည့် ဧရာဝတီသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့နှင့်အပြိုင် မြင့်မားလျက်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးရေးအတွက်ဆိုရာမှု လျှပ်စစ်မီးကဏ္ဍသည် အလွန်အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပြီး စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခြင်အန္တရာယ်နှင့် ကူးစက်ရောဂါ

"ခြင်"ဟူသော သတ္တဝါသည် ဗိုင်းရပ်ပိုးကို သယ်ဆောင်နိုင်သည့် သတ္တဝါဖြစ်၍ ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို တစ်မျိုးပြီးတစ်မျိုး ခြိမ်းခြောက်လာလျက်ရှိပါသည်။ ခြင်ကိုက်ခံရခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ကြောင်း အများအားဖြင့် သိကြပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားရခြင်းမှာလည်း ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပါသည်။ ယခုတစ်ဖန် ခြင်ကြောင့်ဖြစ်ပွားရသော ရောဂါ တစ်မျိုးတိုးလာပြီ ဖြစ်ပါသည်။

လတ်တလော ဘရာဇီးနိုင်ငံ၌ ဖြစ်ပွားနေသော ဇီကာအမည်ရှိရောဂါမှာလည်း ခြင်ကြောင့်ပင် ဖြစ်ပွားရသည်ဟု ဆိုပါသည်။ အေးဒိစ်ဟူသောခြင်တစ်မျိုးသည် ဇီကာအမည်ရှိ ဗိုင်းရပ်ပိုးကို သယ်ဆောင်ပေါက်ပွားနိုင်ကြောင်း သိရပါသည်။ ဇီကာဗိုင်းရပ်ပိုး သယ်ဆောင်ထားသောခြင် အကိုက်ခံရသော ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအနေဖြင့် သန္ဓေသား၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သည်ဟု ဆိုထားပါသည်။ ဇီကာဗိုင်းရပ်သည် တောင်နှင့်မြောက်အမေရိကတစ်ခွင်လုံးကို ပျံ့နှံ့ကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးပြောကြားလျက်ရှိပါသည်။ လက်ရှိအချိန်အထိ တောင်နှင့်မြောက်အမေရိကနှင့် ကာရစ်ဘီယံဒေသနိုင်ငံပေါင်း ၂၁ နိုင်ငံတွင် ဇီကာဗိုင်းရပ်ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ ၎င်းဗိုင်းရပ်ကြောင့် ဘရာဇီးနိုင်ငံတွင် ပုံမှန်ထက် ဦးခေါင်းအရွယ်သေးငယ်သော ကလေးများ မွေးဖွားလာမှုများပြားလျက်ရှိသည့်အတွက် အမေရိကတောင်ပိုင်းနှင့် အလယ်ပိုင်းနိုင်ငံတို့တွင် အမျိုးသမီးများ ကိုယ်ဝန်မဆောင်ကြရန် သတိပေးမှုများလည်းရှိကြောင်း သိရပါသည်။

၎င်းဖြစ်စဉ်များကို ထောက်ရှုလျက် ကျွန်ုပ်တို့လူ့ပတ်ဝန်းကျင်ရှိ ခြင်အန္တရာယ်သည် မည်ရွေ့မည်မျှ ခြိမ်းခြောက်လာသည်ကို သတိပြုကြရန်လိုပါသည်။ ခြင်ကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သည်ကို လူတိုင်းသိကြပါသည်။ ထို့ထက်ဆိုးသည်မှာ ငှက်ဖျားနှင့် ဇီကာဗိုင်းရပ်သည် လူ့အသက်အန္တရာယ်ကို များစွာခြိမ်းခြောက်လျက်ရှိပါသည်။ ခြင်ကိုက်ခံရခြင်းကို ပေါ့ပေါ့တန်တန် မတွက်ဆသင့်တော့ပါ။ ခြင်အကိုက်မခံရအောင် အစီအမံများ တိုးမြှင့်လုပ်ဆောင်ရန် လိုပါသည်။ ခြင်နှိမ်နင်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရန်လိုပါသည်။ လူနေထူထပ်သည့် မြို့ပေါ်ရပ်ကွက်များအတွင်း အမှိုက်များ၊ ရေအိုင်ရေမြောင်းများရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်လိုမည် ဖြစ်ပါသည်။ ခြင်များပေါများရခြင်း၏ အဓိကအကြောင်းအရင်းမှာ လူတို့၏အိမ်ပတ်ဝန်းကျင် ညစ်ညမ်းမှုများကြောင့်ပင် ဖြစ်ပါသည်။ ယခုအခါ ခြင်ကြောင့်ဖြစ်ပွားရသော ရောဂါများတိုးပွားလာနေပြီဖြစ်သဖြင့် ခြင်နှိမ်နင်းရေးကို ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၌ ကျန်းမာရေးတာဝန်ရှိသူများနှင့် ပူးပေါင်းကာ စီမံချက်များချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားသင့်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

ပဲခူးမြို့ရှောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ပဲခူး ဇန်နဝါရီ ၂၉

ပဲခူးမြို့ရှောင်လမ်း ၁၁ မိုင် ၃ ဖာလုံ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က အဆိုပါမြို့ရှောင်ကတ္တရာလမ်းသစ်တွင် ကျင်းပခဲ့ရာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် မြို့နေပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး မြို့ရှောင်လမ်းကို လှည့်လည်ကြည့်ရှုကြသည်။ **(ယာပုံ)**

အဆိုပါ မြို့ရှောင်လမ်းသည် အရှည် ၁၁ မိုင် ၃ ဖာလုံရှိပြီး လမ်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၁၀၀၇ ဒသမ ၉၄ သန်း၊ တံတားအတွက် စုစုပေါင်း ငွေကျပ် ၃၆၆၈ သန်း ကုန်ကျခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

ချီဖွေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ဇန်နဝါရီလ တတိယပတ်က ချီဖွေမြို့သို့ရောက်ရှိပြီး ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ချီဖွေမြို့ ပြည်သူ့ဆေးရုံ၌ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဆေးဝါးများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် မြန်မာ့စီးပွားရေးဘဏ်တွင် ဘဏ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့နယ်ဥပဒေရုံး ဆောက်လုပ်ပြီးစီးမှု၊ ဘာလဲ့ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် လုပ်ငန်းဆောင်ရွက်နေမှု၊ ဝေးလံခေါင်ပါးသောဒေသမှ လာရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဘော်ဒါဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် အခြေခံပညာ အထက်တန်းကျောင်း၌ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ချီဖွေနှစ်ခြင်းခရစ်ယာန်အဖွဲ့ခန်းမ၌ ဒေသခံများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဇန်နဝါရီ ၂၇ ရက်တွင် ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ညောင်တုန်းမြို့ ရေကာတာနိမ့်ကျနေရာများ အချိန်မီပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက ကမ်းအခြေတွင် တွင်းအနက်ပေ ၈၀ သံကူ ကွန်ကရစ်လောင်း ဘိုးပိုင်များကို ဇန်နဝါရီ ၂၉ ရက်က စိုက်ထူနေစဉ်။

နေလင်း
(ညောင်တုန်း)

ကျေးလက်မီးလင်းရေး ကြပ်မတ်ပေး

မော်လမြိုင် ဇန်နဝါရီ ၂၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခွင့်ပြုရန်ပုံငွေဖြင့် ICTS Company နှင့် HZL Company တို့မှ ကော့တွန်၊ ကော့စိန်ကျေးရွာ Solar မီးလင်းရေးနှင့် ရေပေးရေးလုပ်ငန်းများကို ဇန်နဝါရီလတတိယပတ်က မြို့နယ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် အင်ဂျင်နီယာအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ကျေးလက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၀၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၆၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၄၇၀/၄၈၀ ကျပ်
အောက်တိန်း ၉၂	၅၂၀/၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀/၆၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀/၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၅၄၀/၅၆၀ ကျပ်
အောက်တိန်း ၉၂	၆၀၀/၆၂၀ ကျပ်
အောက်တိန်း ၉၅	၇၁၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၅၇၀/၆၂၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၅
ဥရောပ	တစ်ယူရို	၁၄၁၀.၅
စင်ကာပူ	တစ်ဒေါ်လာ	၉၀၄.၉၃
ထိုင်း	တစ်ဘတ်	၃၆.၁၂၃
အိန္ဒိယ	တစ်ရူပီး	၁၈.၉၈၅
တရုတ်	တစ်ယွမ်	၈၉၆.၈၇
မလေးရှား	တစ်ရင်းဂစ်	၃၀၄.၆၇

ခင်ရတနာ-စုစည်းသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသည့် နေ့လယ်စာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက် အစည်းအဝေးပြီးနောက် မွန်းတည့် ၁၂ နာရီတွင် လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသည့် နေ့လယ်စာစားပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ပထမအကြိမ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသည့်နေ့လယ်စာစားပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အခမ်းအနားတက်ရောက်သူများ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ အသုံးပြုရန် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ လမ်းညွှန်နှင့် လက်စွဲစာအုပ် ၁၃ မျိုးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီ၊ တအာင်း(ပလောင်) အမျိုးသားပါတီနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ပါတီတို့မှ လွှတ်တော် ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် သီဆိုဖျော်ဖြေကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် ဒုတိယသမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

(သတင်းစဉ်)

သဘာဝဓာတ်ငွေ့တင်သွင်းရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ စတင်ဆောင်ရွက်တော့မည်

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံတော်၏ တိုးတက်မြင့်မားလာသော စက်မှုနှင့် လျှပ်စစ်ကဏ္ဍတို့အတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့တင်သွင်းရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်းအခမ်းအနား (၂/၂၀၁၆)တွင် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီ လက်လီရောင်းဈေးနှုန်းများ ကျဆင်းရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) နှင့် ပူးပေါင်းကာ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းအထိ ထပ်မံကျဆင်းစေရေး ထပ်မံတိုက်တွန်း နှိုးဆော်ထားကြောင်း၊ တရားမဝင်စက်သုံးဆီ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို စနစ်တကျရှိစေရေးအတွက် စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များကို ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို မိမိတို့ကိုယ်တိုင်လုပ်ကိုင်ခြင်းအပြင် နိုင်ငံခြားကုမ္ပဏီများနှင့်လည်း အကျိုးတူပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းများအနက် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကို ၂၀၀၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းမစတင်မီ EIA ၊ SIA နှင့် HSE လုပ်ငန်းများကို ထိုင်းနိုင်ငံ International Environment Management ကုမ္ပဏီက ဆောင်ရွက်ခဲ့သည်။

စီမံကိန်းမစတင်မီ အချိန်ကပင် ပိုက်လိုင်းဖြတ်သန်းမည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများသို့ ရှင်းလင်းပြောကြားခဲ့ပြီး ပိုက်လိုင်းဖြတ်သန်းရာတွင် ပါဝင်မည့်ဒေသနေ မြေပိုင်ရှင်များအား မြေယာသီးနှံလျော်ကြေးနှင့် လူမှုစီးပွားလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ကြိုတင်ရှင်းလင်း ပြောကြားခဲ့ကြောင်း၊ မြေယာလျော်ကြေး ပေးဆောင်ရာတွင်လည်း ဒေသအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အမြင့်ဆုံးဈေးနှုန်း (ကာလပေါက်ဈေး)တို့ဖြင့် တွက်ချက်ပေးလျော်ခဲ့ကြောင်း။

သီးနှံလျော်ကြေး စာချုပ်အား အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် အခွန်တံဆိပ်ခေါင်းကပ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ လျော်ကြေးငွေပေးလျော်ချိန်တွင်လည်း ဒေသနေတောင်သူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ SEAP တို့မှ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် အခမ်းအနားဖြင့် မြေပိုင်ရှင်ထံသို့ စနစ်တကျပေးလျော်ခဲ့ကြောင်း၊ ပိုက်လိုင်းတစ်လျှောက် မြေများကို အမြဲသုံးမြေအဖြစ် သိမ်းယူခဲ့သော်လည်း ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ပြန်လည်အသုံးပြုခွင့်ပေးခဲ့ကြောင်း။

ယင်းသို့ စိုက်ပျိုးရာတွင် ပိုက်လိုင်းတစ်လျှောက် အန္တရာယ်မဖြစ်စေရေးအတွက် အသိပေးအမှတ်အသားများ စိုက်ထူထားခြင်းသာဖြစ်ပြီး မြေယာအားကန့်သတ်ထားခြင်းမဟုတ်ကြောင်း၊ မြေသိမ်းဆည်းရာတွင် SEAP ကုမ္ပဏီမှ သိမ်းဆည်းခြင်းမဟုတ်ဘဲ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ဖြင့်သာ လွှဲပြောင်းထားခြင်းဖြစ်ကြောင်း၊ ပိုက်လိုင်းဖြတ်သန်းသွားသော ဒေသများရှိ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားနှင့် အခြားအထွေထွေကဏ္ဍများအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စာသင်ကျောင်း၊ ဆေးရုံဆေးခန်းနှင့် လမ်းတံတားဆောက်လုပ်ပြုပြင်ပေးခြင်း၊ မီးဘေး ရေဘေးကူညီခြင်း၊ လူနာတင်ယာဉ်နှင့် ဆက်သွယ်ရေးတာဝါတိုင်များ လှူဒါန်းခြင်းတို့အတွက် အမေရိကန်ဒေါ်လာ စုစုပေါင်း ၁၆၃ သိန်းနှင့် မြန်မာကျပ်ငွေ ၁၂၇ သန်း အကုန်အကျခံ၍ အသုံးပြုခဲ့ကြောင်း။

အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့်ပတ်သက်၍ စီမံကိန်းတွင် သင့်လျော်သော ပညာရှင်များ ရွေးချယ်ပြီး မြန်မာနိုင်ငံသားဝန်ထမ်း ၇၇၁ ဦး ခန့်အပ်ခဲ့ကြောင်း၊ ပိုက်လိုင်းလုံခြုံရေး လုပ်ငန်းများ ခန့်အပ်ရာတွင် အမြဲသိမ်းဆည်းသော ဒေသနေ မြေပိုင်ရှင်များ၏ မိသားစုများကို ဦးစားပေးခန့်အပ်ခဲ့ကြောင်း ဦးဖေဇင်ထွန်း၏ ပြောကြားချက်အရ သိရှိရသည်။

(သတင်းစဉ်)

အရေးပေါ်လူနာတင်ယာဉ် ခေါ်ဆိုနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများ၏ မိမိ မိသားစုဝင်တစ်ဦးတစ်ယောက် ဆေးရုံ၊ ဆေးခန်းသို့ပြရန် အရေးပေါ်အခြေအနေမျိုး ကြုံတွေ့လာပါက အရေးပေါ်လူနာတင်ယာဉ် (Emergency Ambulance) ခေါ်ယူနိုင်ရန် စီစဉ်ထားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ မိသားစုဝင်တစ်ဦးတစ်ယောက် အရေးပေါ်အခြေအနေဖြစ်ပါက တောင်ဥက္ကလာပမြို့နယ်ရှိ အရှေ့ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၉၇၇၂၇၅၀၇၁၊ ၀၉-၉၇၇၂၇၅၀၉၁ နှင့် ၀၁-၅၇၁၄၂၉၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တောင်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၉၇၇၂၇၅၀၇၃၊ ၀၉-၉၇၇၂၇၅၀၉၃၊ ၀၁-၇၀၉၆၁၃ နှင့် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၉-၉၇၂၇၅၁၃၄ နှင့် ၀၁-၆၄၀၂၁၅ တို့ထံသို့ အရေးပေါ်ခေါ်ဆိုနိုင်ကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်ခေါ်ဆိုရန်ရှိပါက တယ်လီဖုန်းတည်ရှိရာနေရာနှင့် အနီးဆုံးဖုန်းနံပါတ်တစ်ခုမဟုတ် တစ်ခုကို ရွေးချယ်ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ အရေးပေါ်အခြေအနေကြောင့် အရေးပေါ်လူနာတင်ယာဉ်ဖြင့် လိုရာခရီးရောက်အောင် ကူညီဆောင်ရွက်ပေးခြင်းမှာ အခမဲ့ဝန်ဆောင်မှုဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုပေးမည့် အရေးပေါ်လူနာတင်ယာဉ် ယာဉ်တစ်စီးစီကို ဖော်ပြပါ တယ်လီဖုန်းတည်ရှိရာရုံးများ၌ အသင့်ထားရှိပြီဖြစ်ကြောင်း မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကိုချစ်

မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုအပေါ် ဂျပန်စစ်ရေး အသင့်ပြင်ဆင်ထားဟုဆို

တိုကျို ဇန်နဝါရီ ၂၉

မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်ရန် ပြင်ဆင်ထားခြင်းအပေါ် ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏တပ်ကို အသင့်ပြင်ထားရန် သတိပေးပြောကြားလိုက်သည်။

“မြောက်ကိုရီးယားရဲ့ ဒုံးကျည်ဟာ လာမယ့်သီတင်းပတ်များအတွင်း စမ်းသပ်ပစ်လွှတ်ဖွယ်ရှိနေပါတယ်”ဟု ဂျပန်သတင်းရပ်ကွက်တစ်ခုသို့ ပြောသည်။

မြောက်ကိုရီးယား၏ လေးကြိမ်မြောက် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ပြီးနောက် အရှေ့အာရှတွင် တင်းမာမှုများမြင့်တက်လာပြီး မြောက်ကိုရီးယားအနေဖြင့် ၎င်း၏ ဒုံးကျည်များတွင် နျူကလီးယား ထိပ်ဖူးများတပ်ဆင်ရန် စီစဉ်ခြင်းအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာပြီးမကြာမီ ဒုံးပျံစမ်းသပ်မှုပြုလုပ် ခဲ့သည်။

ယင်းဒုံးကျည်သည် ပြိုင်ဘက်တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို ပစ်မှတ်ထား တိုက်ခိုက်နိုင်ရုံသာမက အမေရိကန်အနောက်ဘက် ကမ်းရိုးတန်းများအထိ ပစ်ခတ်တိုက်ခိုက်နိုင်သည်ဟု ဆိုသည်။

အဆိုပါမှတ်ချက်အပေါ် အတည်မပြုနိုင်သေးကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

ထိုအတောအတွင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်နာကာတာနီက ဂျပန်သို့ဦးတည်လာနိုင်သော မြောက်ကိုရီးယားဒုံးကျည်များကို ပစ်မှတ်ထားတိုက်ခိုက်ဖို့ အဆင်သင့်ဖြစ်နေစေရန် အေဂျီးဒုံးခွင်းဒုံးများ ဂျပန်ပင်လယ်တွင် ဖြန့်ကြက်ရန် အမိန့်ထုတ်ပြန်ထားသည်။

(ရိုက်တာ)

ပျောက်ဆုံးလေယာဉ်ရှာဖွေရေး အိန္ဒိယသမုဒ္ဒရာအတွင်းသို့ တရုတ်သင်္ဘောတစ်စင်းပို့လွှတ်မည်

ကင်ဘာရာ ဇန်နဝါရီ ၂၉

ပျောက်ဆုံးနေသော မလေးရှားလေယာဉ် MH-370 အား ရှာဖွေရန်အတွက် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းအတွင်းရှိ ရှာဖွေရေးဇရိယာသို့ တရုတ်နိုင်ငံက သင်္ဘောတစ်စင်းစေလွှတ်၍ ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒေါင်ဟိုဂျူ ၁၀၁ မည်ရှိ တရုတ်သင်္ဘောကို လာမည့် ဖေဖော်ဝါရီလတွင် ဩစတြေးလျဦးဆောင်သည့် ရှာဖွေရေးအဖွဲ့အစည်းကို အကူအညီပေးရန် အသုံးပြုသွားမည်ဟု ဩစတြေးလျဒုတိယဝန်ကြီးချုပ် ဝါရန်ထရစ့်က သောကြာနေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါရှာဖွေရေးသင်္ဘောဖြင့်ကူညီရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် လီခကျင်းက ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွမ်တန်ဘူလ်ထံ ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်္ဘောကို ရေအနက် မီတာ ၆၀၀၀ အထိ ရေအောက်ရှိ အရာဝတ္ထုများကို အသံတုံ့ပြန်ချက်ဖြင့် ရှာဖွေသိရှိနိုင်မည့် စနစ်ပါဝင်သည့် Pro SAS-60 ကိရိယာကို တပ်ဆင်သွားမည်ဟု သိရသည်။

အဆိုပါသင်္ဘောမှာ လတ်တလောတွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေပြီး လာမည့် ဇန်နဝါရီ ၃၁ ရက်၌ ဩစတြေးလျသို့ စတင်ထွက်ခွာမည်ဟု မျှော်လင့်ရသည်။ ဖေဖော်ဝါရီလကုန်တွင် ယင်းသင်္ဘောအနေဖြင့် ရှာဖွေရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

(ဆင်ဟွာ)

ဇီကာဗိုင်းရပ်ပျံ့နှံ့ ပေါက်ကွဲမှုပုံစံဖြစ်၊ လူပေါင်းလေးသန်း ရောဂါကူးစက်ခံရနိုင်

ဂျိနီဗာ ဇန်နဝါရီ ၂၉

ဘရာဇီးနိုင်ငံတွင် ထောင်ပေါင်းများစွာသော မွေးကင်းစကလေးများ၊ မွေးဖွားမှုချို့ယွင်းမှုနှင့်ဆက်နွယ်သော ဇီကာဗိုင်းရပ်ပြန့်ပွားမှုသည် ပေါက်ကွဲမှုပုံစံဖြင့် ပျံ့နှံ့လျက်ရှိပြီး အမေရိကတိုက်၌ လူပေါင်းလေးသန်း ရောဂါကူးစက်ခံရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHOက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

ခြင်မှတစ်ဆင့် ကူးစက်တတ်သော အဆိုပါရောဂါသည် သတိပေးရမည့်ခြိမ်းခြောက်အဆင့်သို့ ရောက်ရှိလာကြောင်း၊ တနင်္လာနေ့အရေးပေါ် အစည်းအဝေးသည် ယင်းရောဂါပျံ့နှံ့ဖြစ်ပွားမှုကို တုံ့ပြန်ရန်ဆုံးဖြတ်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီ အမှုဆောင်ဘုတ်အဖွဲ့ဝင်များအား ပြောကြားသည်။

“သတိပေးမှုအဆင့်ဟာ အလွန်ပဲမြင့်မားပါတယ်”ဟု ချန်းက ဂျိနီဗာအစည်းအဝေး၌ ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က အဆိုပါဗိုင်းရပ်ကို အမေရိက၌တွေ့ရှိခဲ့ပြီး အမေရိကတွင် ပေါက်ကွဲမှုပုံစံဖြင့် ဖြစ်ပွားနေကြောင်း၊ ယခုအထိ နိုင်ငံနှင့်ဒေသ ၂၃ ခုတို့၌ ဖြစ်ပွားလျက်ရှိကြောင်း WHO အနေဖြင့် အလျင်အမြန်ကိုင်တွယ်သွားရန် ကတိပြုပါကြောင်း ၎င်းက ပြောသည်။

ဇီကာရောဂါအတွက် ကုသရန်ဆေး သို့မဟုတ် ကုထုံးမရှိသေးကြောင်း၊ သွေးလွန်တုပ်ကွေးနှင့် ရောဂါဆင်တူကြောင်း၊ ဖျားနာခြင်း၊ အဖုအပိမ့်များထွက်ခြင်း၊ မျက်စိများနီခြင်းစသော ရောဂါလက္ခဏာများကို တွေ့ရကြောင်း၊ ကူးစက်ခံရသူ ၈၀ ရာခိုင်နှုန်းမှာ ရောဂါလက္ခဏာမပြသေးကြောင်း၊ ခြင်ကိုက်ခံရပြီး မွေးဖွားလာသော ကလေးများသည် ဦးခေါင်းများ သာမန်ထက်သေးပြီး ဉာဏ်ရည် ဖွံ့ဖြိုးမှုအားနည်းကြောင်း ၎င်းက ပြောသည်။

(ရိုက်တာ)

ဆိုမာလီရွေးကောက်ပွဲ အစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီကြိုဆို

ကုလသမဂ္ဂ ဇန်နဝါရီ ၂၉

၂၀၁၆ ခုနှစ် ရွေးကောက်ပွဲအတွက် ဆိုမာလီအစိုးရ၏ ကြိုးပမ်းမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခြီးကျူးဂုဏ်ပြုကြောင်း ကြာသပတေးနေ့က ပြောခဲ့သည်။ ၂၀၁၆ ခုနှစ်အတွင်း ပွင့်လင်းမြင်သာပြီး ငြိမ်းချမ်းသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ခြင်းသည် ဆိုမာလီနိုင်ငံသားများအတွက် သမိုင်းဝင်ခြေလှမ်းဖြစ်ရုံသာမက တည်ငြိမ်အေးချမ်းသည့် ဒီမိုကရေစီနိုင်ငံတော်သို့ လျှောက်လှမ်းနိုင်မည့် တိုးတက်မှုတစ်ရပ်လည်းဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထုတ်ဖော်ပြောကြားသည်။ မျိုးနွယ်စုများကြား အာဏာထိန်းညှိမှုကိုအခြေခံ၍ အောက်လွှတ်တော်ပါလီမန်တွင် အဖွဲ့ဝင် ၂၇၅ ဦး ပါဝင်မည်ဖြစ်ပြီး အထက်လွှတ်တော်တွင် ၅၄ ဦး ပါဝင်မည်ဖြစ်သည်ဟု မိုက်ကယ်ကိတ်တင်းက တင်ပြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက ဆိုမာလီနိုင်ငံအနေဖြင့် ပါတီများအားလုံးနှင့် ညှိနှိုင်းမှုပြုလုပ်သင့်ကြောင်း ၎င်းတို့၏အဆိုပြုချက်များကို ထောက်ခံအားဖြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးဖြစ်စဉ်များတွင် မတူညီသည်များကို စေ့စပ်ညှိနှိုင်း၍ နောက်ထပ် နှောင့်နှေးကြန့်ကြာမှုများ မဖြစ်သင့်တော့ကြောင်း အဆိုပြုထားသည်။

(ဆင်ဟွာ)

ယီမင်နိုင်ငံ အေဒင်မြို့ရှိ သမ္မတနန်းတော်တွင် အသေခံပုံးခွဲတိုက်ခိုက်မှုဖြစ်၊ ကိုယ်ရံတော်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

အေဒင် ဇန်နဝါရီ ၂၉

ကြာသပတေးနေ့က တောင်ဘက်ဆိပ်ကမ်းမြို့တော်ဖြစ်သော အေဒင်ရှိ သမ္မတနန်းတော်တွင် အသေခံတိုက်ခိုက်မှုကြောင့် တပ်သားကိုးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြရာ ယီမင်အခြေစိုက် အိုင်အက်စ်သစ္စာခံအုပ်စု၏ လက်ချက်ဖြစ်သည်ဟု ယူဆရကြောင်း ဆင်ဟွာသတင်းဌာနတွင်ဖော်ပြသည်။

နယ်သာလန်မှ တိုက်ခိုက်ရေးသမားတစ်ဦးက အေဒင်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြောင်း ယီမင်ရှိ အိုင်အက်စ်အုပ်စုကလူမှုရေးမီဒီယာများမှ ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

ဂျီဟတ်စစ်ဆင်ရေးတွင် သမ္မတကိုယ်ရံတော်တပ်ဖွဲ့မှ တပ်သား ၁၀ ဦးခန့် ကျဆုံးသွားပြီး အခြား ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယီမင်အသိအမှတ်ပြု သမ္မတ မန်ဆာဟာဒီနှင့် ၎င်းအစိုးရကို ဦးတည်ချက်ထားသော အကြမ်းဖက်တိုက်ခိုက်မှုများကို အိုင်အက်စ်အကြမ်းဖက်သမားများက ပိုမိုပြုလုပ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

ယီမင်အခြေစိုက် အိုင်အက်စ်အုပ်စုက ယီမင်တွင် တိုက်ခိုက်မှုများပြုလုပ်ရန် အနောက်နိုင်ငံသားတစ်ဦးကို အသုံးပြုခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ယီမင်နိုင်ငံဆိုင်ရာကျွမ်းကျင်သူများနှင့် လေ့လာစောင့်ကြည့်သူများက ပြောခဲ့သည်။

ဝန်ကြီးချုပ် ခါလဒ်ဘာဟတ်က မြို့တော်အေဒင်တွင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ယီမင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ဆူဒန်နိုင်ငံတို့မှ အဆင့်မြင့်ခေါင်းဆောင်နှင့် ဆွေးနွေးမှုများပြုလုပ်ပြီး တစ်ရက်အကြာတွင် ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

ကင်းထောက်လုပ်ငန်းစဉ်များ ရှင်သန်ဖွံ့ဖြိုးရေး နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် မြန်မာကိုယ်စားလှယ်များ အမြင်ချင်းဖလှယ်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နိုင်ငံအဆင့် နည်းဗျူဟာရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များဖြစ်သည့် Mr. Neville Tomkins ,Mr. S.Prassanna Shrivastava, Mr. Uzair Kamal မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာ ဦးတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားရာတွင် **(ယာပုံ)** ၁၉၁၆ ခုနှစ်လောက်က စတင်ဖွဲ့စည်းလှုပ်ရှားခဲ့သည့် မြန်မာ့ကင်းထောက် လုပ်ငန်းစဉ်များသည် ၁၉၆၄ ခုနှစ်မှာ ရပ်ဆိုင်းခဲ့ပြီး ၄၈ နှစ်အကြာမှာ မြန်မာနိုင်ငံ၏ ကင်းထောက် လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၁၂ ခုနှစ်တွင် ပြန်လည် စတင်ဖွဲ့စည်းလှုပ်ရှားနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ကင်းထောက်သမိုင်းအရ မြန်မာနိုင်ငံဟာ လူငယ်များတက်ကြွစွာ စွမ်းဆောင်နိုင်ခဲ့သည့် ကင်းထောက်လုပ်ငန်းဖြစ်စဉ်သမိုင်းမှာ နှစ်(၁၀၀) တိုင်ပြီးလို့ ဂုဏ်ယူနိုင်ပါကြောင်း။

မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းစဉ်များအနက် "အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့"၏ ကူညီထောက်ပံ့မှုဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာဝန်းကျင်၌ ရှင်သန်လှုပ်ရှားနိုင်မှု၏ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် "မြန်မာနိုင်ငံ အမျိုးသားကင်းထောက်နှင့် အမျိုးသမီးကင်းထောက်ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်း"ကို ပြုစုရေးဆွဲနိုင်ခဲ့ပြီး ဖြစ်ရုံမက နိုင်ငံတော်အစိုးရအဖွဲ့ကလည်း အတည်ပြုပြဋ္ဌာန်းနိုင်ပြီး ဖြစ်ခြင်းကြောင့် မြန်မာ့ကင်းထောက်လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်နိုင်မည့် အခြေအနေသို့ ရောက်ရှိနေကြောင်း ဝမ်းမြောက်ဖွယ် သိရှိရပါကြောင်း။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ စတင်ကာ ယနေ့အထိကျင်းပခဲ့သည့် နိုင်ငံအဆင့် ကင်းထောက်နည်းဗျူဟာ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များအဖြစ် "မြန်မာ့ကင်းထောက်မျှော်မှန်းချက်"၊ "မြန်မာ့ကင်းထောက်အဖွဲ့၏ လုပ်ငန်းတာဝန်"များ သတ်မှတ်နိုင်ခဲ့ပြီး၊ ဦးစားပေးဗျူဟာများအဖြစ် "လူငယ်အစီအစဉ်များ"၊"ခေါင်းဆောင်နိုင်သော သက်လတ်ပိုင်း အရွယ် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ခေါင်းဆောင်သင်တန်းများ" ဦးစားပေးဆောင်ရွက်ကြရန် ဆွေးနွေး အဖြေရှာနိုင်ခဲ့ကြောင်း သိရှိရ၍ အထူးဝမ်းမြောက်မိပါကြောင်း။

၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ကင်းထောက်ညီလာခံမှာ မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အဆိုပြုဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်အရည်အသွေးများ ပြည့်စုံနိုင်ရေးအလို့ငှာ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြရန် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သော "(၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံ" တက်ရောက်ကြသူများက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ အဆိုပါညီလာခံမှာ မြန်မာနိုင်ငံအား ယခုကဲ့သို့ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် အဓိကဦးဆောင် ကြိုးပမ်းပေးခဲ့သော သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာကင်းထောက်မင်းကြီး Mr. Neville Tomkins ကိုယ်တိုင်လာရောက်ပြီး အထက(၁) လမ်းမတော် စွမ်းအားခန်းမ၌ ကျင်းပခဲ့သော နိုင်ငံအဆင့် ကင်းထောက် နည်းဗျူဟာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှာ ဦးဆောင်ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရ၍ အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ ကင်းထောက်သမိုင်း၏ နှစ်(၅၀)လွန်ကာလမှာ နိုင်ငံတကာအဆင့် အလုပ်ရုံဆွေးနွေးပွဲ နှစ်ခုဖြစ်သည့် National Strategic Planning Workshop နှင့် Youth Programme Workshop တို့ကို အထက(၁) လမ်းမတော် ကျောင်းခန်းမ၌ တစ်ဆက်တစ်စပ်တည်း ကျင်းပနိုင်ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ယနေ့ကျင်းပပြီးစီးခဲ့သည့် "နိုင်ငံအဆင့် ကင်းထောက်နည်းဗျူဟာ ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ" ဟာ မြန်မာ့ကင်းထောက်လုပ်ငန်းစဉ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာကိုယ်စားလှယ်များ ခြောက်ရက်တိုင်တိုင် အမြင်ချင်းဖလှယ်ကြ၊ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည့် ဖြစ်ရပ်များသည် မြန်မာနိုင်ငံ ကင်းထောက်သမိုင်းစဉ်မှာ မှတ်တမ်းဝင်မယ့် ဖြစ်စဉ်တစ်ခုဖြစ်ခဲ့သည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း။

ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် မြန်မာနိုင်ငံကင်းထောက်ကြီးများ၊ တက္ကသိုလ်နှင့် အခြေခံပညာအဆင့်မှ ကင်းထောက်လူငယ်ခေါင်းဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ စုံစုံညီညီပါဝင်ကြကြောင်းသိရှိရ၍ ဆွေးနွေးပွဲပြီးမြောက်သည့်ကာလတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံဖြစ်ရေးအတွက် တန်ဖိုးရှိလှသည့် အတွေ့အကြုံများ ရေရှည်ကြိုးပမ်းဆောင်ရွက်ရမည့် နည်းလမ်းကောင်းများ ရရှိနိုင်ကြမည်ဟု အလေးအနက် ယုံကြည် မျှော်လင့်ပါကြောင်းနှင့် မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းစဉ်များကို နိုင်ငံတကာ ကင်းထောက်စံနှုန်းများနှင့်အညီ အရည်အသွေးမြင့်မားရေးအတွက် ဦးဆောင်ဆွေးနွေးပို့ချပေးပါသော APR မှ Mr. S.Prassanna Shrivastava ဦးဆောင်သောအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် မဟာဗျူဟာစီမံကိန်းနှင့် ပတ်သက်ပြီး မောင်ကောင်းဆက်ဟိန်း၊ မောင်ဆုထူး၊ မောင်ဟန်ထက်လင်း၊ ဦးကျော်ကျော်တို့က တင်ပြပြီး အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ်မှ Mr. Neville Tomkins က သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုတို့အား အမှတ်တရ ကင်းထောက်လည်စီးများပေးအပ်ကာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်ကိုယ်စားလှယ်သုံးဦးအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက အမှတ်တရ လက်ဆောင်များကိုလည်းကောင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ် ကိုယ်စားလှယ် Mr. S.Prassanna Shrivastava နှင့် လုပ်ငန်းဆွေးနွေးပွဲ ဒါရိုက်တာ ဦးတင်လှိုင်တို့က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းသားများကိုယ်စား ပါမောက္ခ ဒေါက်တာမင်းသောင်၊ ကင်းထောက်ကြီး ဦးမြင့်ဆွေတို့က သင်တန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ကျေးဇူးတင်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုမှ ၂၄ ဦး၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ ၁၆ ဦး၊ တက္ကသိုလ်များမှ ကင်းထောက်ဆရာနှင့် ကင်းထောက်များ ၁၀ ဦး စုစုပေါင်း ၅၀ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၄ ရက်က ဖခင်ဦးဟန်တိန်အား ရည်စူး၍ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် မိုးစန္ဒာကွန်ဒိုအခန်း(၁၀၅) အမှတ်(၄၁/စီ)နေ ဦးသောင်းရွှေ-ဒေါ်ဥမ္မာနှင့် သားသမီးမြေးမြစ်သားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ဝင်း လက်ခံယူစဉ်။ (သတင်းစဉ်)

အခြေခံလက်သမားနှင့် ပန်းရန်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း အခြေခံလက်သမားနှင့် ပန်းရန်သင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ညောင်ပင်ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝိုင်းမော်မြို့နယ်အတွင်း မံဝိန်း-ချီဖွေ-ထော့ဂေါ့-ဗီမော်လမ်းပေါ်ရှိ ရှငေါ်တံတားနှင့် နန်ဝတံတားများဖွင့်လှစ်

မြစ်ကြီးနား ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ မံဝိန်း-ချီဖွေ-ထော့ဂေါ့-ဗီမော်လမ်းပေါ်ရှိ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သော နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားများဖြစ်သည့် မေခမြစ်အရှေ့ဘက် ရှငေါ်ချောင်းကို ဖြတ်၍ ဆောက်လုပ်ထားသည့် အရှည်ပေ ၂၄၀ ရှိ ရှငေါ်တံတားနှင့် နန်ဝချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသည့် အရှည်ပေ ၁၂၀ ရှိ နန်ဝတံတားတို့ကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပေးခဲ့သည်။

တံတားများဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက အဖွင့် အမှာစကားပြောကြားသည်။ ဆက်လက်၍ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်က တံတားဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဒေသခံဦးယောဆက်က ဒေသခံများကိုယ်စား ကျေးဇူးအထူး တင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် တံတားများကို တိုင်းမှူး ဗိုလ်ချုပ်ဝင်းဘိုရှိန်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်နှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတားများ၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ချီဖွေဒေသသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် သွားလာမှုလွယ်ကူစေရန် ဝိုင်းမော်-ချီဖွေ သွားကားလမ်းကို ၂၀၁၂-၂၀၁၃မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေကျပ် ၄၇၅၇ ဒသမ ၃၁ သန်းဖြင့် ကတ္တရာလမ်းခင်းခြင်း၊ ခဲကျောက်လမ်းခင်းခြင်း၊ အမာခံသဲကျောက်လမ်းခင်းခြင်း လုပ်ငန်းများနှင့် မြေသားလမ်းချဲ့ခြင်း၊ ငါးပေမှပေ ၆၀ ရှိ ကွန်ကရစ်တံတား စုစုပေါင်း ၄၂ စင်းတို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက် သောက်သုံးရေရရှိရေးလုပ်ငန်း ၅၄ ခုကို ငွေကျပ် ၂၃၁၉ သန်း သုံးစွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကမ္ဘာမြေ၏ အနာဂတ်

ဟာရင်နိုင်တီယမ်း (မိုး/ဇလ)

ကျွန်ုပ်တို့လူသားများမှီတင်းနေထိုင်ရာ ကမ္ဘာကြီးကို သဘာဝအလျောက် ကမ္ဘာ့မြေမျက်နှာပြင်အထက်တွင် သဘာဝမှန်လုံအိမ်ဓာတ်ငွေ့က ဝန်းရံလွှမ်းခြုံထားပါသည်။ နေမှကျရောက်သော လှိုင်းခွင်တိုရောင်ခြည်ကို ကမ္ဘာ့မြေပြင်မှစုပ်ယူထားပြီး လှိုင်းခွင်ကျယ်ရောင်ခြည်အဖြစ် ပြန်လည်ထုတ်လွှတ်ရာတွင် သဘာဝမှန်လုံအိမ်ဓာတ်ငွေ့က အပူကိုစုပ်ယူထားပြီး အချို့ကို ကမ္ဘာမြေပြင်ဘက်သို့ ပြန်လည်ကျရောက်စေကာ ကမ္ဘာကြီးကို လူသားများရှင်သန်နိုင်သည့် အပူချိန်ရှိစေရန် ထိန်းညှိထားပါသည်။ ဤသဘာဝမှန်လုံအိမ်ဓာတ်ငွေ့အာနိသင်မရှိခဲ့ပါက ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ယခုကဲ့သို့ ၁၅ ဒီဂရီစင်တီဂရိတ်ခန့်ရှိရမည့်အစား လူသားများ နေထိုင်ရှင်သန်ရန်ခက်ခဲသည့် -၁၈ ဒီဂရီစင်တီဂရိတ်ခန့်ရှိနေမည် ဖြစ်ပါသည်။ အရေးပါဆုံးမှန်လုံအိမ်ဓာတ်ငွေ့များမှာ ရေနွေးငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဖြစ်ပြီး လေထုထဲတွင် အများဆုံးပါဝင်သည့် နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်ငွေ့တို့မှာ မှန်လုံအိမ်အာနိသင်မရှိကြချေ။ ကမ္ဘာပေါ်တွင် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများအသုံးပြုသည့် စက်မှုလုပ်ငန်းများ ထွန်းကားလာသော ၁၈ ရာစုဝန်းကျင်မှစ၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု အဆမတန်များပြားလာမှုကြောင့် လေထုထဲတွင် မှန်လုံအိမ်ဓာတ်ငွေ့ရှိသင့်သည်ထက် များစွာပိုမိုလာခြင်းဖြင့် ကမ္ဘာကြီး ပူနွေးလာမှုဖြစ်လာစေကာ အကျိုးဆက်အဖြစ် ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်ဖြစ်သော လွန်ကဲမိုးလေဝသဖြစ်စဉ်များ၊ ယင်းဖြစ်စဉ်များ၏ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြိမ်နှုန်းတိုးလာခြင်းကို ကမ္ဘာအနှံ့ကြုံတွေ့ကြရပါသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (World Meteorological Organization – WMO) ၏ ထုတ်ပြန်ချက်

ကမ္ဘာ့မိုးလေဝသအဖွဲ့ဝင် ၁၉၁ နိုင်ငံ၌ ကြုံတွေ့ရသည့်ဖြစ်စဉ်များအပေါ်အခြေခံ၍ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ကမ္ဘာ့ရာသီဥတုအခြေအနေအစီရင်ခံစာထုတ်ပြန်ရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်သည် ကမ္ဘာ့အပူဆုံး ငါးနှစ်ဖြစ်ကာ ၂၀၁၅ ခုနှစ်သည် ယခင်အပူဆုံးနှစ် ၂၀၁၄ ခုနှစ်၏စံချိန်ကို ကျော်လွန်ပြီး အပူဆုံးနှစ်ဖြစ်လာကြောင်း၊ မေလမှဇွန်လအတွင်း အပူလှိုင်းကြောင့် အိန္ဒိယနိုင်ငံတွင် အမြင့်ဆုံးအပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်အထိရှိခဲ့ပြီး လူပေါင်း ၂၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြောင်း၊ အလားတူ ပါကစ္စတန်နိုင်ငံတွင်လည်း ဇွန်လအတွင်း အပူလှိုင်းကြောင့် လူပေါင်း ၁၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြောင်း၊ ဥရောပနိုင်ငံများ၊ အာဖရိကမြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင်လည်း အပူလှိုင်းဒဏ်ခံစားကြရကြောင်း၊ ဇူလိုင်လအတွင်းတွင်လည်း အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီစင်တီဂရိတ်၊ အီရန်နိုင်ငံ၌ ၄၆ ဒီဂရီစင်တီဂရိတ်၊ ဩဂုတ်လအတွင်း ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီစင်တီဂရိတ်တို့ဖြင့် အမြင့်ဆုံးအပူချိန်စံချိန်သစ်တင်ကြောင်း ဖော်ပြထားပါသည်။ မိုးရွာသွန်းမှုအနေဖြင့် ပါကစ္စတန်နိုင်ငံတွင် တစ်နှစ်ပျမ်းမျှမိုးရေချိန် ၁၃ လက်မ ရရှိသောစခန်း၌ ၂၄ နာရီအတွင်း မိုးရေချိန် ၂၁ လက်မရွာသွန်းမှုကြုံတွေ့ရကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်မူ မေလမှ အောက်တိုဘာလအတွင်း မိုးကြီးမှုဖြစ်စဉ် (၃၅) ကြိမ် ရှိခဲ့ပြီး ရေကြီးမှုကြောင့် လူပေါင်း ၇၅ သန်းကျော် ထိခိုက်ခံစားခဲ့ရကာ ထိခိုက်ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံရှိကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် စံချိန်တင်အမြင့်ဆုံးအပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ အယ်လ်နီညိုနှစ်ဖြစ်သော ၂၀၁၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့တွင် တိုင်းထွာရရှိသည့် ၄၇ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဧပြီနှင့်မေလများတွင်မူ တစ်ပြည်လုံးလိုလို၌ ပုံမှန်အပူချိန်ထက်ပိုပူသော်လည်း စံချိန်တင်သည့်ပူပြင်းမှုမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် မိုးကြိုနှင့်မိုးဦးကာလဖြစ်သော ဧပြီနှင့်မေလကတည်းကပင် ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ မန္တလေးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်ရှိ စခန်းခြောက်ခု၌ စံချိန်တင်မိုးရွာသွန်းမှုကို ကြုံတွေ့ရပြီး မိုးလယ်ကာလ ဇူလိုင်လတွင် ချင်း၊ ရှမ်းနှင့် ရခိုင်ပြည်နယ်၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ စံချိန်တင် မိုးများရွာသွန်းမှုကြောင့် မြန်မာတစ်ပြည်လုံးနီးပါး ရေကြီးရေလျှံမှု ကြုံတွေ့ကြသည်ကို ပြည်သူများအားလုံး အမှတ်ရကြဆဲပင်ဖြစ်ပါသည်။ ရခိုင်နှင့်ချင်းပြည်နယ်၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇူလိုင်လနောက်ဆုံးပတ် ခုနစ်ရက်အတွင်း ရွာသွန်းသောမိုးသည် ဇူလိုင်တစ်လလုံး ရွာသွန်းသည့်မိုးရေချိန်ထက် သာလွန်သည်မှာ ဆိုင်ကလုန်းကိုမန်၏ အရှိန်ကြောင့်ဟု ဆိုနိုင်သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသဖြစ်သော ကန့်ဘလူမြို့၌ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်အတွင်း ၃၈၄ မီလီမီတာ ၁၅ လက်မ မိုးရွာသွန်းမှုသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်လွန်ကဲမိုးလေဝသဖြစ်စဉ်ဟု ဆိုရပါမည်။

IPCC (Intergovernmental Panel on Climate Change) ၏ ပဉ္စမအကြိမ်မြောက် ဆန်းစစ်တွေ့ရှိချက်အစီရင်ခံစာ (Fifth Assessment Report - AR5)

IPCC သည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO)နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme-UNEP) တို့ပူးပေါင်း၍ ၁၉၈၈ ခုနှစ်တွင် ထူထောင်ထားသော ရာသီဥတုပြောင်းလဲမှုကို သိပ္ပံနည်းကျလေ့လာမှုပြုသည့် နိုင်ငံတကာပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါသည်။ IPCC သည် သုတေသနပြုတွေ့ရှိချက်များကို စုစည်းလျက် ငါးနှစ်တစ်ကြိမ်ခန့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ ထုတ်ပြန်လေ့ရှိရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးထုတ်ပြန်သော ပဉ္စမအကြိမ်မြောက် လေ့လာဆန်းစစ်ချက် အစီရင်ခံစာအရ ၁၈၈၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိ နှစ်ပေါင်း ၁၃၀ ကျော်အတွင်း မြေထုနှင့်ရေထုဖြင့် ဖွဲ့စည်းထားသည့် ကမ္ဘာမြေကြီး၏ ပျမ်းမျှအပူချိန်တိုးလာမှုမှာ ၀ ဒသမ ၈၅ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် စက်မှုလုပ်ငန်းများ စတင်ထွန်းကားလာချိန်မှစ၍ ပင်လယ်သမုဒ္ဒရာရေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ပျော်ဝင်မှုကြောင့် ပင်လယ်ရေ၏ pH လျော့ကျလာပြီး အက်စစ်ဓာတ်တိုးလာမှု ၂၆ ရာခိုင်နှုန်းရှိကြောင်း၊ Greenland၊ အန္တာတိကနှင့် အာတိတ်ဒေသရှိ ရေခဲအရည်ပျော်မှုတိုးလာနေပြီး ၁၉၇၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဆယ်စုနှစ်အလိုက် အာတိတ်ဒေသ၏ ရေခဲထုမျက်နှာပြင် လျော့နည်းလာမှုမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၄ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ ၁၉၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၁၁၀ အတွင်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုမှာ ၁၉ စင်တီမီတာ ၇ ဒသမ ၅ လက်မခန့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အနာဂတ်အတွက် ကြိုတင်မျှော်မှန်းတွက်ချက်မှု

အနာဂတ်ရာသီဥတုသည် လူတို့၏ ထုတ်လွှတ်ခဲ့ပြီးသည့် မှန်လုံအိမ်ဓာတ်ငွေ့ပမာဏနှင့် နောင်ထုတ်လွှတ်ဦးမည့် မှန်လုံအိမ်ဓာတ်ငွေ့ပမာဏ

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် အန္တရာယ်ကြီးသော လွန်ကဲမိုးလေဝသဖြစ်စဉ်များ တွေ့ကြုံနေကြသည်ဖြစ်ရာ လာမည့်ဆယ်စုနှစ် သုံးလေးကြိမ်အတွင်း အပူချိန်တိုးလာမှု ၂ ဒီဂရီစင်တီဂရိတ်အထိရှိလာပါက အန္တရာယ်ကြီးသော ဖြစ်စဉ်များ တိုး၍သာကြုံတွေ့ကြမည်မှာ အသေအချာပင်ဖြစ်

တို့အပေါ် များစွာတည်မှီနေရာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့် နောင်နှစ်ပေါင်းတစ်ရာအတွင်း ဖြစ်ပေါ်နိုင်သည့် ရာသီဥတုအခြေအနေကို IPCC မှ သိပ္ပံပညာရှင်များက မှန်လုံအိမ်ဓာတ်ငွေ့ပါဝင်နိုင်မှုနှုန်းထားအလိုက် Representative Concentration Pathways (RCPs) လေးမျိုးအားဖြင့် ဖြစ်နိုင်ခြေများကို လေ့လာတွက်ချက် ဖော်ထုတ်ထားပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ထိန်းချုပ်မှုမရှိဘဲ ယခုတိုးနေသည့်နှုန်းထားအတိုင်း တိုးမြဲတိုးပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုသည် ၂၁၀၀ ပြည့်နှစ်တွင် ၁၀၀၀ ppm (parts per million) ဝန်းကျင်ရှိလာပါက ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်မြင့်တက်လာမှုမှာ ၄ ဒီဂရီစင်တီဂရိတ်ရှိနိုင်ကြောင်း၊ အကယ်၍ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် တိုးလာမှုမရှိတော့ဘဲ တည်ငြိမ်ကာ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်မှုသည် ၂၁၀၀ ပြည့်နှစ်တွင် ၆၀၀ ppm ဝန်းကျင်ရှိလာပါက ကမ္ဘာ၏ပျမ်းမျှအပူချိန်မြင့်တက်လာမှုမှာ ၃ ဒီဂရီစင်တီဂရိတ်ရှိနိုင်ကြောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၀ ပြည့်နှစ် ထုတ်လွှတ်မှုအောက် ၄၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုသည် ၂၁၀၀ ပြည့်နှစ်တွင် **၄၅၀ ppm** ဝန်းကျင်ရှိလာပါက ကမ္ဘာ၏ပျမ်းမျှအပူချိန် မြင့်တက်လာမှုမှာ ၂ ဒီဂရီစင်တီဂရိတ်အောက်ရှိနိုင်ကြောင်း တင်ပြထားပါသည်။

အမေရိကန်နိုင်ငံ အခြေစိုက် NOAA (National Oceanic and Atmospheric Administration) မှ ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ်တွင် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုသည် ၄၀၀ ppm ရှိနေပြီး ၁၉၈၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နှစ်ပေါင်း ၃၅ နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုတိုးလာမှုမှာ ၆၀ ppm ရှိကြောင်း သိရှိရပါသည်။ ဤတိုးလာမှုနှုန်းအရဆိုပါက လာမည့်နှစ်ပေါင်း ၃၅ နှစ် ခရစ်သက္ကရာဇ် ၂၀၅၀ မတိုင်မီ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု **၄၅၀ ppm** ဖြစ်လာနိုင်ခြေရှိနေပါသည်။ ယခု နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ၁ ဒီဂရီစင်တီဂရိတ်ခန့် ပျမ်းမျှအပူချိန်တိုးလာချိန်၌ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် အန္တရာယ်ကြီးသော လွန်ကဲမိုးလေဝသဖြစ်စဉ်များ တွေ့ကြုံနေကြသည်ဖြစ်ရာ လာမည့်ဆယ်စုနှစ် သုံးလေးကြိမ်အတွင်း အပူချိန်တိုးလာမှု ၂ ဒီဂရီစင်တီဂရိတ်အထိရှိလာပါက အန္တရာယ်ကြီးသော ဖြစ်စဉ်များ တိုး၍သာကြုံတွေ့ကြမည်မှာ အသေအချာပင် ဖြစ်ပါသည်။

မျှော်မှန်းထားသည့် မြင့်တက်လာမည့် အပူချိန်

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် COP (Conference of Parties) ကမ္ဘာ့ညီလာခံတွင် ဤ IPCC ၏ သိပ္ပံနည်းကျဆန်းစစ်တွေ့ရှိတင်ပြချက်ကို အခြေပြုလျက် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအကြား အဓိကဆွေးနွေးညှိနှိုင်းကြရသည့်အကြောင်းအရာများတွင် ပါဝင်သောအချက်တစ်ခုမှာ အပူချိန်ရေရှည် မျှော်မှန်းချက်ပန်းတိုင် (long term temperature goal) မည်မျှဖြစ်သင့်သည်ဟူသည့်အချက်ပင် ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် စက်မှုမထွန်းကားမီကာလနှင့်နှိုင်းယှဉ်ပါက အပူချိန်မြင့်တက်လာမှုသည် **၂ ဒီဂရီစင်တီဂရိတ်**အောက် ဖြစ်စေသင့်သည်ဟူသော အချက်အပေါ် ရပ်တည်ကြပြီး ကျွန်းငယ်နိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကမူ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်လာမှုသည် **၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်** ဖြစ်စေရေး ရည်မှန်းချက်ထားသင့်ကြောင်း လက်ကိုင်ပြုလျက် အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြရာတွင် နောက်ဆုံး၌ "ကမ္ဘာတစ်ဝန်းလုံးတွင် ရာသီဥတုပြောင်းလဲမှု၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်ရာ၌ ပိုမိုအားကောင်းလာစေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် စက်မှုမထွန်းကားမီကာလနှင့် နှိုင်းယှဉ်၍ ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်လာမှုကို ၂ ဒီဂရီစင်တီဂရိတ်အောက် သိသိသာသာ လျှော့ချရန်နှင့် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ကန့်သတ်လျှော့ချသွားရန်" ဟူ၍ ပါရီသဘောတူညီချက် (Paris Agreement) ၏ အပိုဒ်(၂)တွင် ထည့်သွင်းရေးဆွဲနိုင်ခဲ့ကြပါသည်။ ပါရီသဘောတူညီချက်အပေါ် နိုင်ငံအသီးသီးမှ သဘောတူညီလက်မှတ်ရေးထိုးနိုင်ရန် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ အချိန်ကာလသတ်မှတ်ထားပြီး ဤသဘောတူညီချက်အတိုင်း ၂၀၂၀ ပြည့်နှစ်မှစ၍ လိုက်နာကျင့်သုံးအကောင်အထည်ဖော်ကြရမည်ဖြစ်ပါသည်။

မိမိနိုင်ငံအခြေအနေနှင့်သင့်လျော်မည့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆောင်ရွက်မည့် အစီအစဉ် (Intended Nationally Determined Contributions – INDC)

၂၀၁၃ ခုနှစ်တွင် ကျင်းပသော (၁၉)ကြိမ်မြောက် COP နှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပသော အကြိမ် (၂၀) မြောက် COP တို့မှ ချမှတ်ထားသော ဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံအပါအဝင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nation Framework Convention on Climate Change – UNFCCC) အဖွဲ့ဝင်နိုင်ငံများက ၂၀၂၅ ခုနှစ် သို့မဟုတ် ၂၀၃၀ ပြည့်နှစ်အထိ ဆောင်ရွက်မည့် INDC များကို တင်ပြကြရပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ နိုင်ငံပေါင်း ၁၈၇ နိုင်ငံတို့က INDC ကို တင်ပြကြရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနက် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအများဆုံးဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏အစီအစဉ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို ၂၀၀၅ ခုနှစ် ထုတ်လွှတ်မှုအောက် ၆၀ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်း လျှော့ချရန်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာမဟုတ်သော စွမ်းအင်အရင်းအမြစ်မှ စွမ်းအင်ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းတိုးမြှင့်ရန်ဖြစ်ပြီး အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို ၂၀၀၅ ခုနှစ် ထုတ်လွှတ်မှုအောက် ၃၃ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်း လျှော့ချရန်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာမဟုတ်သော စွမ်းအင်အရင်းအမြစ်မှ စွမ်းအင်ထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်း တိုးမြှင့်ရန်တင်ပြထားပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနက် ၂၈ နိုင်ငံကိုယ်စားပြု ဥရောပယူနီယံ (European Union - EU)သည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ

စာမျက်နှာ ၇ သို့

အအေးပိုနေမည်

နေပြည်တော် ဇန်နဝါရီ ၂၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ အအေးပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **(မိုး/ဇလ)**

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြသည့် သမ္မတမိန့်ခွန်းပြောကြားသတင်း၌ တက်ရောက်သူများ စာပိုဒ်မှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြငြိမ်းဟု ဖော်ပြခဲ့မှုအား ဦးမြသိန်းဟု ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။ **(စာတည်းမှူးချုပ်၊ သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(အပေါ်ပုံ) လွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း**ကို ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက အကြံပြုဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဒီမိုကရေစီစနစ်သည် အများသဘောတူတိုင်း မှန်သည်ဟု တထစ်ချယုံကြည်၍ မရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ငါးနှစ်တာ သက်တမ်းကာလအတွင်း ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အထူးကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ လွှတ်တော်အတွင်း အပြိုင်အဆိုင်ဆွေးနွေးငြင်းခုံကြသော်လည်း ဆွေးနွေးမှုပြီးမြောက်ပါက ချစ်ခင်စည်းလုံးမှု မပျက်သည့်အပြင် အမျက်ထားသိုခြင်းမရှိသည်ကို ချီးကျူးပါကြောင်း၊ လွှတ်တော်၏တာဝန်ကို ကော်မတီအသီးသီး ဖွဲ့စည်းဆောင်ရွက်ခြင်းသည် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုစနစ်ထဲတွင် ပါဝင်ပါကြောင်း၊ ဥပဒေပြုရေးကဏ္ဍတွင် လွှတ်တော်နှစ်ရပ်အပြန်အလှန် ထိန်းကျောင်းမှုရှိသည့် အတွက် သဘောကွဲလွဲမှုများ ရှိသော်လည်း အကောင်းဆုံးအဖြေထွက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ **ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဒင်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်**တို့က အကြံပြုပြောကြားကြသည်။

ယင်းနောက် **ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း**က လွှတ်တော်လုပ်ငန်းများအပါအဝင် မည်သည့်အဖွဲ့အစည်း၏ လုပ်ငန်းမဆို လုပ်ငန်းအောင်မြင် တိုးတက်စေရေးအတွက် လိုက်နာရမည့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ မှန်ကန်ပြည့်စုံအားကောင်းရန်နှင့် အချိန်မီဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အကောင်အထည်ဖော်ရမည့်ပုဂ္ဂိုလ်များအနေဖြင့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရန်နှင့် လို့လဝီရိယရှိရန်လည်း လိုအပ်ပါကြောင်း၊ ပထမအကြိမ်လွှတ်တော်များအနေဖြင့် လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ မှန်ကန်ပြည့်စုံစေရန် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အသစ်များမှ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်လျော်ညီသည့် ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် လွှတ်တော်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာတွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြသော်လည်း လိုအပ်ချက်နှင့်အားနည်းချက်များရှိနိုင်ပါကြောင်း၊ လွှတ်တော်သက်တမ်းကာလအတွင်း အမှန်နှင့်အမှားသင်ခန်းစာများလည်း ရရှိနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ် ထုတ်လွှတ်မှုအောက် ၄၀ ရာခိုင်နှုန်းလျှော့ချရန် ရည်မှန်းထားပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် ၂၀၂၅ ခုနှစ်တွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၀၅ ခုနှစ် ထုတ်လွှတ်မှုအောက် ၂၆ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ဦးစားပေးများအဖြစ် ၂၀၃၀ ပြည့်နှစ်မတိုင်မီ သစ်တောကဏ္ဍတွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောဧရိယာသည် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေဧရိယာ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်ရန်နှင့် စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှု ၃၈ ရာခိုင်နှုန်းတိုးမြှင့်ရန်နှင့် စွမ်းအင်ချွေတာအသုံးပြုမှု (Energy Efficient) များကို တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ဤကဲ့သို့ UNFCCC အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၇ နိုင်ငံ၏ INDC တင်ပြချက်များအရ နိုင်ငံအသီးသီး၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချမှုကြောင့် အကျိုးသက်ရောက်စေမည့် အပူချိန်မြင့်တက်နိုင်မှုကို သိပ္ပံပညာရှင်များက လေ့လာဆန်းစစ်တွက်ချက်ရာတွင် ရည်မှန်းချက်ထားရှိ သည့် ၂ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်၍ ၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ် အပူချိန်မြင့်တက်စေမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ ဤ INDC သည် ပါရီသဘောတူညီချက်၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်း (Mitigation) အပိုင်းတွင် အဓိကအချက်အဖြစ် ပါဝင်ထားပြီး UNFCCC အဖွဲ့ဝင်နိုင်ငံများသည် ၂၀၂၀ ပြည့်နှစ်တွင် မိမိနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချမည့်အစီအစဉ် (Nationally Determined Contributions–NDC)ကို ထပ်မံပြင်ဆင်တင်ပြကြရန်ဖြစ်ကာ ဤတင်ပြမှုကို ငါးနှစ်တစ်ကြိမ် အသစ်ပြင်ဆင်တင်ပြကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကမ္ဘာတစ်လွှားတွင်ရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအားလုံးတို့သည် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချမှုကို မိမိနိုင်ငံ၏ INDC အားဖြင့် ကတိကဝတ်ပြုထားသည့် ပမာဏထက် ပိုမိုလျှော့ချရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ကြမှသာ ရာသီဥတုပြောင်းလဲမှုကို လျော့ကျစေမည့် အပူချိန်ရေရှည်ရည်မှန်းချက်ဖြစ်သော အပူချိန်မြင့်တက်လာမှု **၂ ဒီဂရီစင်တီဂရိတ်**အောက် **၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်**အထိ ဖြစ်စေရေး လမ်းစပေါ်လာနိုင်ပါမည်။ ကျွန်ုပ်တို့လူသားများအားလုံး ပိုင်ဆိုင်ထားသော ကမ္ဘာမြေ၏အနာဂတ်သည် ယနေ့လူသားများ၏ ပြုမူစွမ်းဆောင်ချက်အပေါ် တည်မှီလျက်ရှိနေပါသည်။

တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ၂၉-၁-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဇန်နဝါရီ ၃၀ ရက်တွင် ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သတင်းမီဒီယာများအား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်မီဒီယာခန်း၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူး ဦးစောလှထွန်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၄၄ ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက် စုစုပေါင်း ၁၁၉ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

မြန်မာနိုင်ငံမှာ မိုက်ခရိုဆော့ဖ် အနေနဲ့ အရှိန်ရလာတဲ့အခါ လူတိုင်း လုပ်ငန်းအဖွဲ့အစည်းတိုင်း အကောင်းဆုံးဖြစ်လာအောင် ကူညီပေးပြီး စွမ်းရည် မြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ မိုက်ခရိုဆော့ဖ် အနေနဲ့ မြန်မာနိုင်ငံအတွက် အကောင်းဆုံးသော နည်းပညာ လက်တွဲဖော်အဖြစ်ရပ်တည်သွားမှာ ဖြစ်ပါတယ်” ဟု ၎င်းကဆူးလေ ရှန်ဂရီလာဟိုတယ်၌ ဇန်နဝါရီ ၂၈ ရက် ညပိုင်းက ကျင်းပသောသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါမိုက်ခရိုဆော့ဖ်မှ တာဝန်ရှိသူများသည် မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှအသင်းဝင်များနှင့်လည်းကောင်း၊ မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA) မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန် နည်းပညာများထောက်ပံ့ပေးမည့်အစီအစဉ်များနှင့် ပတ်သက်ပြီး အိုင်တီနည်းပညာပိုင်းအရ အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းဦးဆောင်နေသူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပပေးခဲ့ကြောင်း၊ ထိုပွဲများ၌ နည်းပညာပိုင်းတွင် ဖြစ်ပေါ်နေသော trend များနှင့် နည်းပညာဆန်းသစ်မှုမှ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ကြီးထွားလာအောင် ပြောင်းလဲတိုးတက်လာအောင်နှင့် ပြည်တွင်းစီးပွားရေး တည်ဆောက်လာနိုင်အောင် မည်သို့ကူညီနိုင်မည်ကိုလည်း ဆွေးနွေးခဲ့ကြောင်း၊ အထူးသဖြင့် Cloud Computing သည် စွမ်းအားမြင့်မားသော ကွန်ပျူတာတွက်ချက်နှုန်းကို အသုံးချကာစီးပွားရေးလုပ်ငန်းများ မြှင့်တင်ပေးရန်လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျိုက်လတ်ဓာတ်အားခွဲရုံသို့ ရောက်ရှိလာသော ၂၃၀ ကေဗွီ ထရန်စဖော်မာများကို တွေ့ရစဉ်။ (ဓာတ်ပုံ-လျှပ်စစ်)

ဧရာဝတီတိုင်း ဒေသကြီးတစ်ခုလုံးတွင် ကျေးရွာပေါင်း ၇၃၉ ရွာ၌ လျှပ်စစ်မီးရရှိခဲ့ပြီး ၅၉၃၈ ရွာသည် အခြားနည်းလမ်းများဖြင့် လျှပ်စစ်မီးကို ရရှိလာနိုင်သော်လည်း မီးလင်းရန်ကျေးရွာပေါင်း ၅၂၄၀ အထိ ကျန်နေသေးသည်ကို တွေ့ရှိရ

❇ ရှေ့ဖုံးမှ

လျှပ်စစ်မီးလုံလောက်စွာ ပေးဝေနိုင်မှသာ အခြားသော လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ သတင်းအချက်အလက်နည်းပညာနှင့် လူမှုဘဝမြင့်မားမှုများအတွက် အထောက်အကူ ဖြစ်နိုင်လိမ့်မည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအားဖြင့် မြို့ပေါင်း ၃၃ မြို့နှင့် ကျေးရွာပေါင်း ၇၃၉ ရွာကို လျှပ်စစ်မီးပေးနိုင်ခဲ့ပြီး ယင်းမြို့ရွာများတွင် နေထိုင်သည့်လူဦးရေ နှစ်သိန်းကျော်ခန့်သည် လျှပ်စစ်မီး၏ အကူအညီဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် ကိစ္စအဝဝတို့ကို ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မူလအခြေအနေနှင့် နှိုင်းယှဉ်ကြည့်သည့်အခါ ၂၀၁၁ ခုနှစ် မတိုင်မီက ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့ပေါင်း ၂၇ မြို့နှင့် ကျေးရွာပေါင်း ၁၈၀ ကိုသာ လျှပ်စစ်မီးပေးဝေနိုင်ခဲ့သဖြင့် ငါးနှစ်တာကာလအတွင်း မြို့ ခြောက်မြို့နှင့် ကျေးရွာ ၅၅၉ ရွာကို တိုးမြှင့်ကာ လျှပ်စစ်မီးပေးအပ်နိုင်ခဲ့ခြင်းကြောင့် ဒေသဖွံ့ဖြိုးမှု ပိုမိုမြန်ဆန်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းရသည်။

"နိုင်ငံတော်ဓာတ်အားစနစ်တင်သာမကပါဘူး။ မြို့ပြရော ကျေးလက်နေလူတန်းစားတွေ အားလုံး အဆင်ပြေစေဖို့အတွက် အခြားနည်းလမ်းပေါင်းစုံကနေ လျှပ်စစ်ဓာတ်အားထုတ်ယူပြီး ဒေသခံတွေ လျှပ်စစ်အလင်းရောင်ရရှိစေဖို့ ကြိုးပမ်းထားတာရှိပါတယ်။ ဓာတ်အားခွဲစက်ရုံခွဲတွေ၊ ပင်မမဟာဓာတ်အားလိုင်းတွေ တိုးလာတာနဲ့အမျှ တစ်မြို့ပြီးတစ်မြို့ တစ်ရွာပြီးတစ်ရွာ လင်းလာလိုက်တာ အခုဆိုရင် ဧရာဝတီတိုင်းဒေသကြီးမှာ မြို့နယ် ၂၆ မြို့၊ မြို့နယ်ခွဲ ၁၃ မြို့ စုစုပေါင်း ၃၉ မြို့ရှိတဲ့အနက် မြို့နယ်ခွဲအနည်းငယ်သာ မီးရဖို့လိုပါတော့တယ်" ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတော်ဓာတ်အားလိုင်းအပြင် ထိုကဲ့သို့ မပေးနိုင်သေးသည့် ကျေးရွာများအတွက် အခြားနည်းလမ်းများဖြင့် လျှပ်စစ်မီးရယူသုံးစွဲလျက်ရှိကြသည်ကိုလည်း မြင်တွေ့ရသည်။ ဒီဇယ်မီးစက်ဖြင့် မီးလင်းသည့်ကျေးရွာ ၄၄၄၈ ရွာ၊ ဇီဝလောင်စာဖြင့် မီးလင်းသည့် ကျေးရွာ ၁၇ ရွာ၊ စပါးခွံလောင်စာစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၅၁၁ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၉၄၆ ရွာ၊ အသေးစားရေအားနှင့် လေအားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၁၆ ရွာရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် ကျေးရွာပေါင်း ၇၃၉ ရွာ၌ လျှပ်စစ်မီးရရှိခဲ့ပြီး ၅၉၃၈ ရွာသည် အခြားနည်းလမ်းများဖြင့် လျှပ်စစ်မီးကို ရရှိလာနိုင်သော်လည်း မီးလင်းရန်ကျေးရွာပေါင်း ၅၂၄၀ အထိ ကျန်နေသေးသည်ကို တွေ့ရှိရသည်။

ကျန်ရှိနေသေးသည့် ကျေးရွာများနှင့် မြို့နယ်ခွဲများတွင် လျှပ်စစ်မီးရရှိစေရေးအတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းအပါအဝင် ဓာတ်အားခွဲရုံများနှင့် ဆက်စပ်ဓာတ်အားလိုင်းဖြစ်သည့် ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်းတို့ကို တည်ဆောက်ခဲ့ရာ ယခုငါးနှစ်အတွင်း မြို့များသာမက ကျေးရွာများအထိပါ လျှပ်စစ်မီးပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငါးနှစ်အတွင်း လျှပ်စစ်မီးရရှိနိုင်ရေးအတွက် စီမံကိန်းငါးခုကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအနေဖြင့် ၂၃၀ ကေဗွီ အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်း အရှည် ၃၀ ဒသမ ၂၅ မိုင်ကို ၂၀၁၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေဖြင့် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် ရရှိလာသည့်ဓာတ်အားများကို စနစ်တကျ မျှဝေသုံးစွဲနိုင်ရေးအတွက် အသုတ်ဓာတ်အားခွဲရုံတွင် Switch Bay တိုးချဲ့တည်ဆောက်ခြင်းနှင့် ပုသိမ် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းများကို ဒုတိယမြောက်စီမံကိန်းအဖြစ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ဓာတ်အားများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလက စတင်ဖြန့်ဖြူးနိုင်ခဲ့သည်။

ထိုကဲ့သို့ တိုးချဲ့တည်ဆောက်ထားသည့် ဓာတ်အားခွဲရုံများမှ ဓာတ်အားများကို ထပ်ဆင့်ထုတ်လွှတ်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ် မတ်လက ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်း မိုင်ပေါင်း ၇၆ ဒသမ ၅ မိုင်နှင့် ဆက်စပ်ဓာတ်အားခွဲရုံများဖြစ်သည့် ၆၆ ကေဗွီနှင့် ၅ အမ်ဗွီအေ ငရုတ်ကောင်း ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီနှင့် ၂၀+၅ အမ်ဗွီအေ ငပြေမ ဓာတ်အားခွဲရုံတို့ကို တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ထို့ပြင် လျှပ်စစ်ဓာတ်အားမရရှိသေးသည့် မြို့နယ်များအတွက် ပိုမိုပေးအပ်နိုင်ရန်ရည်ရွယ်ကာ ပုသိမ်(ကန်ကြီးထောင့်)၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ဆက်စပ်ဓာတ်အားလိုင်းများကို တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်၍ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ခြမ်းဒေသရှိ မြို့နယ်များနှင့် ကျေးလက်အထိ ၂၄ နာရီပတ်လုံး လျှပ်စစ်မီး ပေးဝေဖြန့်ဖြူးနိုင်တော့မည်ဖြစ်သည်။

ပုသိမ်(ကန်ကြီးထောင့်)ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းကာ တပ်ဆင်ခြင်းဖြင့် ငရုတ်ကောင်းနှင့် ငပြေမ ဓာတ်အားခွဲရုံများမှတစ်ဆင့် ပြည်တွင်း ပြည်ပခရီးသွားများ အပန်းဖြေလာရောက်ကြရာ အထင်ကရနေရာများဖြစ်ပြီး ယနေ့တိုင် နိုင်ငံတော်ဓာတ်အားလိုင်း မရရှိသေးခြင်းကြောင့် အခက်ကြုံနေရသည့် ရွှေသောင်ယံ၊ ငွေဆောင်၊ ချောင်းသာ၊ ငရုတ်ကောင်း၊ ငပြေမ၊ ထီးချိုင့်၊ ငပုတော၊ အုတ်ရှစ်ကွင်းနှင့် ကျုံကူးအတွင်းရှိ ကျေးရွာပေါင်း ၁၉၂ ရွာ အိမ်ခြေပေါင်း ၄၀၇၆၀ တို့ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

"အပန်းဖြေကမ်းခြေ ချောင်းသာနဲ့ ငွေဆောင်တို့မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးဖို့ စီမံကိန်းက အရင်တုန်းကလည်း လုပ်ဖို့အစီအစဉ်တွေ ချမှတ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဓာတ်အားလိုင်းတွေ ချိတ်ဆက်ရာမှာ ကုန်ကျစရိတ်က အလွန်မြင့်မားတဲ့အတွက် စီးပွားရေးလုပ်ကိုင်သူတွေက ကိုယ်ပိုင်မီးစက်တွေနဲ့ ဓာတ်အားရယူပြီး ဖွင့်လှစ်ခဲ့ရတာဖြစ်ပါတယ်။ **မကြာခင်မှာ ဒီအခက်အခဲတွေကျော်လွှန်ပြီး အပန်းဖြေကမ်းခြေတစ်ဝိုက်နဲ့ ငရုတ်ကောင်းကျွန်းလို စက်မှုဇုန်တွေ တည်ထောင်လို့ ကောင်းမွန်တဲ့နေရာတွေဟာ ပိုမိုစည်ကားလာမှာဖြစ်သလို ဒေသခံတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးပွားလာနိုင်တယ်**" ဟု ချောင်းသာကမ်းခြေ၌ ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

စာမျက်နှာ ၉ သို့

ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဓာတ်အားဖြန့်ဖြူးလျက်ရှိသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများပြပုံ



မြန်မာသမိုင်းတွင် ပထမဦးဆုံးအကြိမ် နိုင်ငံတကာခုံရုံးသို့ တင်သွင်းရင်ဆိုင်ဖြေရှင်းသည့် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှုစာအုပ် ထုတ်ဝေ

နေပြည်တော် ဇန်နဝါရီ ၂၉

ဒေါ်လှမျိုးနွယ် (နိုင်ငံ၏ ဒုတိယကိုယ်စားလှယ်အဖြစ် အမှုတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်သူ) ရေးသားသည့် **မြန်မာသမိုင်းတွင် ပထမဦးဆုံးအကြိမ် နိုင်ငံတကာခုံရုံးသို့ တင်သွင်းရင်ဆိုင်ဖြေရှင်းသည့် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှု** စာအုပ်သည် မြန်မာစာပေသမိုင်းတွင် ထူးခြားစွာပေါ်ပေါက်လာခြင်းဖြစ်သည်။ မြန်မာသမိုင်းတွင် အခြား အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံနှင့် ဖြစ်ပွားသော အငြင်းပွားမှုအား ကမ္ဘာ့အဆင့်ရှိ ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံးသို့ ပထမဦးဆုံးအကြိမ် တင်သွင်းဖြေရှင်းသည့် အမှုဖြစ်ခြင်းကြောင့် ထူးခြားသော သမိုင်းမှတ်တိုင်စိုက်ထူသည့် စာအုပ်ကောင်းဖြစ်သည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် လေ့လာသိရှိသင့်ပါသည်။ ထို့အတူ ဥပဒေပညာရှင်များ၊ သမိုင်းပညာရှင်များ၊ ရှေ့နေများ၊ နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်နေသူများနှင့် ဥပဒေကျောင်းသားကျောင်းသူများအနေဖြင့်လည်း လက်စွဲကိုင်ထားသင့်သည်ဆိုလျှင် မမှားပါ။ အိမ်နီးချင်းနှစ်နိုင်ငံအကြား အငြင်းပွားမှုအား ငြိမ်းချမ်းသော နည်းလမ်းဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ နည်းလမ်းတကျဖြေရှင်းခဲ့၍ အာရှဒေသတွင်းနိုင်ငံများကပါ စံနမူနာယူကြရပြီး အတွေ့အကြုံကောင်း၊ အားသာချက်၊ အားနည်းချက်၊ အနာဂတ်တွင် သတိထားဆောင်ရွက်သင့်သည့် ကဏ္ဍများကို ထင်ဟပ်ထားသည့် စာအုပ်ကောင်းဖြစ်သည်။

ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် ဖုန်း-၀၉-၉၇၂၈၁၈၁၉၀၊ ၀၉-၂၅၀၂၀၅၀၆၀ နှင့် ၀၉-၂၅၀၁၀၂၅၄၂ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၈ မှ

ဓာတ်အားလိုင်းကြီးများတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် မြေပြင်ကွင်းဆင်း၍ တာဝါတိုင်ဒီဇိုင်းပြုလုပ်ခြင်း၊ တာဝါတိုင်များ ဆောက်လုပ်ပြီးစီးပါက ဓာတ်အားလိုင်းတည်ဆောက်ခြင်း၏ အခက်အခဲဆုံးအပိုင်းဖြစ်သည့် တန်ပေါင်း ရာနှင့်ချီသော ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ဓာတ်အားခွဲရုံနှင့် ချိတ်ဆက်ကာ ဓာတ်အားပို့လွှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသဖြင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းမှာ အမြင်ရှင်းသလောက် နည်းပညာအရ ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး သက်စွန့်ဆံဖျား ဆောင်ရွက်ရသည်။

၆၆ ကေဗွီ ၁၀ အမ်ဗွီအေ ပုသိမ်(မြက်တို) ဓာတ်အားခွဲရုံကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအချက်အလက်များအရ သိရှိရသည်။

“ဧရာဝတီတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းမှာ အခုထက်ပိုပြီး လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့အတွက် လှိုင်သာယာ-ကျိုက်လတ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၅၂ မိုင်နဲ့ ၂၃၀ ကေဗွီ ကျိုက်လတ် ဓာတ်အားခွဲရုံတွေ ဆက်လက်တည်ဆောက်နေတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လမှာ စတင်ခဲ့ပြီး တာဝါအခြေခံအဆောက်အအုံတွေတည်ဆောက်မှု ၆၇ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ လာမယ့်ဘဏ္ဍာနှစ်မှာ အပြီးသတ်ဖို့ရှိပါတယ်။ ဒါ့အပြင် ၂၃၀ ကေဗွီ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံကိုလည်း တစ်ပါတည်း တည်ဆောက်နေတဲ့အတွက် လာမယ့်ဘဏ္ဍာနှစ်မှာ ဓာတ်အားဖြန့်ဖြူးမှုကို တစ်ပါတည်း ဆောင်ရွက်နိုင်ပြီ” ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထိုစီမံကိန်းပြီးစီးသွားပါက ဧရာဝတီတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းရှိ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ မော်လမြိုင်ကျွန်းဒေသအတွင်းရှိ ကျေးရွာပေါင်း ၂၈၆ ရွာကို လျှပ်စစ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော လေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု ဖြစ်မြောက်နိုင်စွမ်းကို စမ်းသပ်လုပ်ဆောင်နေပြီး စီမံကိန်းလျာထားမှုအနေဖြင့် ချောင်းသာ၊ ရေနောက်အိုင်၊ ထန်းပင်ကွင်းနှင့် ကန်ကြီးထောင့်တို့၌ ဆောင်ရွက်သွားရန် စီစဉ်ထားသည်။

“ချောင်းသာမှာ လေအားကနေတစ်ဆင့် မဂ္ဂါဝပ် ၃၀ အထိ စမ်းသပ်ထုတ်ဖို့ China Three Gorges Corporation က ပြင်ဆင်နေပါတယ်။ အဲဒါက အောင်မြင်သွားပြီဆိုတာနဲ့ ရေနောက်အိုင် လေအားလျှပ်စစ်ထုတ်လုပ်ရေး ကနေ ၁၁၂ မဂ္ဂါဝပ်၊ ထန်းပင်ကွင်းကနေ မဂ္ဂါဝပ် ၇၀ နဲ့ ကန်ကြီးထောင့်ကနေ မဂ္ဂါဝပ် ၈၀ ဓာတ်အားတွေ ထုတ်လုပ်သွားဖို့ရှိပါတယ်” ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမျိုးသားလျှပ်စစ်စီမံချက်အရ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်းကာလတွင် အိမ်ထောင်စုပေါင်း ၁ ဒသမ ၇ သန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် လျာထားလျက်ရှိပြီး ပြီးခဲ့သည့် ငါးနှစ်တာအတွင်း၌မူ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လျှပ်စစ်ဓာတ်အား ၁၈၂၂ မဂ္ဂါဝပ် တိုးထုတ်ခဲ့သည့်အပြင် မြို့ပေါင်း ၄၂၂ မြို့နှင့် ကျေးရွာပေါင်း သုံးသောင်းနီးပါးတို့မှာ မဟာဓာတ်အားလိုင်းကြီးမှ ပေးအပ်သည့် လျှပ်စစ်မီးကို မျှဝေနိုင်ခဲ့ပြီဖြစ်သည်။

ပညာသင်ကြားသူများအတွက် လျှပ်စစ်မီးကြောင့် ညအချိန် စာသင်အံကျက်မှတ်နိုင်ကြပြီ၊ တောင်သူဦးကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းများသည်လည်း လျှပ်စစ်စွမ်းအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ အချိန်တိုးမြှင့်နိုင်ကြပြီ၊ ကျန်းမာရေးဌာနများ လျှပ်စစ်စွမ်းအားဖြင့် လူ့အသက်ပေါင်းများစွာကို အချိန်မီခွဲစိတ်ကုသနိုင်ရေးအတွက် အရည်အသွေးမြှင့်နိုင်ကြပြီ၊ နီယွန်မီးရောင် ထိန်ညီးစွာဖြင့် ဘာသာရေးအခမ်းအနားများ၊ ဒေသလူမှုရေးလုပ်ငန်းများကို အရှိန်မြှင့်နိုင်ကြပြီဆိုပါက ယင်းဒေသသည် ဖွံ့ဖြိုးတိုးတက်သည့် ဒေသပင်ဖြစ်သည်။

လှိုင်းကြက်ခွပ်ကလေးများက ကမ်းနားလမ်းမကြီးတစ်လျှောက် နီယွန်မီး၏ အလင်းရောင်အောက်၌ ငွေရောင်တလက်လက်တောက်ပနေသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသည်လည်း အနီးဆုံးသော အနာဂတ်မနက်ဖြန်တွင် တလက်လက်တောက်ပနေမည်သာ။

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၉

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့၌ ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့၌ ၃ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့၊ ဟားခါးမြို့နှင့် ခန္တီးမြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

မကြာမီဖွင့်လှစ်တော့မည့် မဲဇလီ(၂) ရေထိန်းတံခါး

နေပြည်တော် ဇန်နဝါရီ ၂၉

မြစ်ဝကျွန်းပေါ်ဒေသများ၏ စိုက်ခင်းများ ရေနစ်မြုပ်ခြင်းမှ ကာကွယ်ရန် အဓိကအားဖြင့် ရေထိန်းတံခါးများ၏ကဏ္ဍသည် အလွန်အရေးပါလှသည်။ သို့ဖြစ်၍ အဓိက ရေငန်ဝင်ရောက်နိုင်သော ဒေသများတွင် ရေတံခါးကို မဖြစ်မနေ တည်ဆောက်ရမည်ဖြစ်သည်။ သို့မှသာ စပါးစိုက်ခင်းများ ရေငန်ဝင်ခြင်း၊ ရေနစ်မြုပ်ခြင်းဒဏ်မှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီရွာမ ကျေးရွာအနီး ပန်းလှိုင်မြစ်ဝမှ ပေ ၁၀၀၀ ခန့်အကွာတွင် မဲဇလီ (၂) ရေထိန်းတံခါးကို တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ ပန်းလှိုင်မြစ်သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်နှင့် ဧရာဝတီမြစ်တို့ကို ဆက်သွယ်ထားသော မြစ်တစ်စင်းဖြစ်သည်။ ယခင်က ပန်းလှိုင်မြစ်သည် ရေကြောင်းသွားလာရေးအတွက် အသုံးဝင်သော မြစ်တစ်စင်းဖြစ်သည်။ ထို့အပြင် မိုးရာသီတွင် ရေကြီးရေနက်ကွင်းများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးရှိ ညောင်တုန်းကျွန်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ တက်သစ်ကျွန်း၊ အရွဲကွင်းနှင့် ရွှေယမင်းကွင်းတို့မှ ပိုလျှံရေများကို ထုတ်နုတ်ပေးသည့် မြောင်းမကြီးသဖွယ် အသုံးဝင်သော မြစ်တစ်စင်းဖြစ်သည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းမြို့မှစ၍ ဧရာဝတီမြစ်မှ ခွဲထွက်စီးဆင်းကာ ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီး၌ ပန်းလှိုင်မြစ်၊ ကုက္ကိုဝမြစ်ဟူ၍ မြစ်နှစ်စင်းခွဲထွက်ပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီး လှိုင်မြစ်အတွင်းသို့ စီးဝင်သည်။ ဧရာဝတီမြစ်နှင့် လှိုင်မြစ်မှ စီးဝင်ရေနှင့်ပါလာသော သဲနုန်းများပို့ချခြင်းတို့ကြောင့် ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက် တိမ်ကောလာပြီး မိုးတွင်းကာလ ပိုလျှံရေများကို ထုတ်နုတ်နိုင်ခြင်းမရှိတော့သဖြင့် မိုးစပါးစိုက်ဧရိယာများ ရေကြီးနစ်မြုပ်ပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဧရာဝတီမြစ်မှ စီးဝင်သောရေကြောင့် သဲနုန်းပို့ချမှုကို ကာကွယ်ရန်အတွက် လည်းကောင်း၊ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် လည်းကောင်း၊ နွေစပါးစိုက်ပျိုးရာသီတွင် ရေချိုသိုလှောင်ထားနိုင်ရန်အတွက် လည်းကောင်း ပန်းလှိုင်မြစ်နှင့် ကုက္ကိုဝမြစ် ခွဲထွက်စီးဆင်းသောနေရာအနီး ပန်းလှိုင်မြစ်ပေါ်၌ မဲဇလီ(၂) ရေထိန်းတံခါးကို တည်ဆောက်ခြင်းဖြစ်သည်။

မဲဇလီ(၂)ရေထိန်းတံခါးတည်ဆောက်ခြင်းကြောင့် ပန်းလှိုင်မြစ်အတွင်းသို့ သဲနုန်းဝင်ရောက်မှုမှ ကာကွယ်တားဆီးနိုင်ခြင်း၊ မိုးရာသီတွင် မြစ်ရေဝင်ရောက်ခြင်းကို တားဆီးခြင်းဖြင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခြင်းနှင့် နွေရာသီပန်းလှိုင်မြစ်အတွင်းသို့ ရေချိုသွင်းခြင်းဖြင့် နွေစပါးများစိုက်ပျိုးနိုင်စေရန်ဖြစ်သည်။

မဲဇလီ(၂)ရေထိန်းတံခါးသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေတံခါးပေါက် (၈×၆)ပေ ၁၄ ပေါက်၊ ရေခေါ်မြောင်း အလျားပေ ၆၀၀၊ ရေထုတ်မြောင်း အလျားပေ ၁၀၀၀ ရှိပြီး အကျိုးပြုဧရိယာမှာ ဧက ၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မဲဇလီ (၂) ရေထိန်းတံခါး တည်ဆောက်နေမှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ- ဆောက်လုပ်ရေး)

မြတ်ဗုဒ္ဓအရိုးဓာတ်တော် ရန်ကုန်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ကြွချီတော်မူ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ ရွှေတိဂုံစေတီ ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း ယာယီစံကျောင်း ပလ္လင်တော်၌ အပူဇော်ခံယူတော်မူခဲ့သော မြတ်ဗုဒ္ဓ၏အရိုးဓာတ်တော်သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံ ဟိမဝန္တာသို့ ပြန်လည်ကြွချီတော်မူကြောင်း သိရသည်။

မြတ်ဗုဒ္ဓအရိုးဓာတ်တော် ရွှေတိဂုံစေတီတော်ရင်ပြင်၌ လှည့်လည်အပူဇော်ခံစဉ်။

မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်သည် ယနေ့နံနက် ၇ နာရီတွင် ခေတ္တကိန်းဝပ်ရာ ချမ်းသာကြီးတန်ဆောင်းမှတစ်ဆင့် ပင့်ဆောင်ရေးအဖွဲ့ အိန္ဒိယနိုင်ငံ ဟိမဝန္တာ ဗုဒ္ဓဓာတ်တော်တိုက်မှ ဘုန်းတော်ကြီး ၅၆ ပါး၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့များ စုပေါင်း၍ ရင်ပြင်တော်တစ်ပတ် လှည့်လည်အပူဇော်ခံသည်။ အပူဇော်ခံစဉ် ရွှေတိဂုံစေတီတော် ရင်ပြင်တစ်ဝိုက်၌ ရဟန်းရှင်လူပြည်သူများက စောင့်ကြိုကာ ကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာ ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ထိုမှတစ်ဆင့် ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းမှ ဆင်းသက်ကာ ကမ္ဘာအေးလမ်းမကြီးမှတစ်ဆင့် ဦးဝိစာရလမ်းတစ်လျှောက်၊ ဆက်လက်၍ ပြည်လမ်းတစ်လျှောက် အပူဇော်ခံကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အထူးလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံသို့ ကြွချီတော်မူသွားကြောင်းသိရပြီး လမ်းတစ်လျှောက်၌ ရဟန်းရှင်လူများ၊ ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်စည်ကားကားရှိကြောင်း သိရသည်။

“အခုလို မြန်မာနိုင်ငံမှာ ကြုံတောင့်ကြုံခဲ ဖူးမြော်ခွင့်ရလို့ လာဖူးကြတဲ့ ရဟန်းရှင်လူတွေက အလွန်ကိုများပြားပါတယ်။ ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီက စတင်ပြီး ရွှေတိဂုံစေတီတော်မှာ အပူဇော်ခံပါတယ်။ ရဟန်းရှင်လူပြည်သူ နှစ်သိန်းနီးပါးခန့် ဖူးမြော်ကြည်ညိုခွင့်ရလိုက်တယ်” ဟု ရွှေတိဂုံစေတီတော်လုံခြုံရေးနှင့် ဂေါပကရုံးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နှစ်ရက်တာ ခေတ္တကိန်းဝပ်အပူဇော်ခံစဉ် စေတနာရှင် ရဟန်းရှင်လူပြည်သူများ လာရောက်၍ လှူဒါန်းကြရာ အလှူတော်ငွေကျပ် ၉၆၁ သိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၁၂၀ ရရှိသည်။

ယင်းအလှူတော်ငွေများကို ပင့်ဆောင် ကြီးကြပ်ရေးအဖွဲ့ အိန္ဒိယနိုင်ငံ ဟိမဝန္တာ ဗုဒ္ဓဓာတ်တော်တိုက် ဆရာတော်ကြီးများက ရွှေတိဂုံစေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ပြန်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။ အလှူခံရသော ရွှေလက်စွပ် ၄၄ ကွင်း၊ ရွှေဆွဲကြိုး နှစ်ကုံး၊ ရွှေရင်ထိုးတစ်ခု၊ ကျောက်မျက်ရတနာပေါင်းစုံ အထုပ်သေးသုံးထုပ်နှင့် ရွှေဆွဲပြားငါးခုတို့ကို အိန္ဒိယနိုင်ငံ ဟိမဝန္တာဗုဒ္ဓဓာတ်တော်တိုက်ပြခန်း၌ မြန်မာပြည်သူများ လှူဒါန်းမှုအဖြစ် ပြသထားရှိသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကရုံးအဖွဲ့ထံမှ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

■ *ကျောဖုံးမှ*

သိပ်မထူးပါဘူး။ ဧည့်စာရင်းနဲ့နေတာဆိုတော့ လျှောက်လို့မရဘူး။ နယ်ပြန်ပြီး သန်းခေါင်စာရင်းလုပ်ဖို့ဆိုတာကလည်း သိပ်တော့မလွယ်ပါဘူး။ ဘာပဲပြောပြော အစိုးရအနေနဲ့ ဒါမျိုး များများလုပ်ပေးရင်တော့ အိမ်ရှင် အိမ်ငှားဈေးနှုန်းတွေကျသွားနိုင်တယ်။ ငွေကြေးအရသင့်တော့ အထောက်အကူတစ်ခုခုတော့ဖြစ်လာမှာပါ” ဟု ဒဂုံဆိပ်ကမ်းမြို့နယ် (၆၀) ရပ်ကွက်နေသူ ကိုကျော်က ပြောသည်။

တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုးက “ငှားရမ်းနေထိုင်လိုသူ ပြည်သူတွေကို ကျွန်တော်တို့ လျှောက်လွှာလည်း မရောင်းပါဘူး။ လျှောက်လွှာနမူနာပုံစံတွေကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွေရဲ့ ကြော်ငြာသင်ပုန်းတွေမှာ ဖေဖော်ဝါရီ ၁ ရက်ကစပြီး ကပ်ထားပေးမယ်။ အဲဒါကို နမူနာကြည့်ပြီး လက်ရေးနဲ့ပဲ လျှောက်လျှောက်၊ ကွန်ပျူတာနဲ့ပဲ လျှောက်လျှောက် မိမိအစီအစဉ်နဲ့ လျှောက်ထားရပါမယ်။ လျှောက်လွှာကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း ပြည်လမ်းနဲ့ အလုံလမ်းထောင့် လွှတ်တော်ဝင်းရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံးမှာ လာရောက်လျှောက်ထားနိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကို တိုက်ရိုက်လျှောက်ထားရမှာဖြစ်ပါတယ်” ဟု ပြောသည်။

“အစိုးရက အခုလိုငှားပေးမယ်လို့ကြားတာ ကြာပြီ။ ကျွန်မတို့ကတော့ သွားလျှောက်မယ်။ အိုးပိုင်အိမ်ပိုင်မရှိတဲ့သူတွေက အများကြီးဆိုတော့ သိပ်တော့မလွယ်ပါဘူး။ ဒီအပေါ်မှာ အစိုးရအနေနဲ့ အိုးပိုင်အိမ်ပိုင် ဟုတ်၊ မဟုတ်ဆိုတာကို ဘယ်အချိန်မှာ ဘယ်လိုစစ်ဆေးပြီး ဘယ်လိုစနစ်နဲ့ ချသွားပေးမလဲဆိုတာ အရေးကြီးတယ်။ လျှောက်ရမှာက ကျွန်မတို့အလုပ်ပဲ၊ ကျတာမကျတာကတော့ ကံတရားပါ၊ သိပ်တော့ မျှော်မှန်းမထားပါဘူး” ဟု ဒဂုံတောင်(၁၀၄) ရပ်ကွက်နေသူ ဒေါ်ခင်ထူးက ပြောသည်။

အငှားအိမ်ရာလျှောက်ထားလိုသူများသည် လျှောက်လွှာနှင့်အတူ မြေကွက်၊ နေအိမ်ခန်း ပိုင်ဆိုင်မှုမရှိကြောင်း ကိုယ်တိုင်ခံဝန်ချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေသန်းခေါင်စာရင်းမိတ္တူ၊ မြေကွက်နေအိမ်ခန်းပိုင်ဆိုင်မှုမရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်များ ပူးတွဲထည့်သွင်းလျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ပါက မြေလွတ်၊ နေအိမ်ခန်းပိုင်ဆိုင်မှုမရှိကြောင်း ဌာနဆိုင်ရာအကြီးအကဲ၏ ထောက်ခံချက်ပါဝင်ရမည်ဖြစ်ကြောင်း၊ အဆိုပါအချက်အလက်နှင့်ကိုက်ညီမှုရှိသူတိုင်း လျှောက်ထားနိုင်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

“လျှောက်ထားသူဦးရေ ၁၂၀၀ ကျော်ရင် မဲနှိုက်ပေးမယ်။ လစဉ်ငှားရမ်းခကတော့ သုံးသောင်းပါ။ နေထိုင်ခွင့်ရတဲ့သူတွေက လိုက်နာရမယ့် သတ်မှတ်စည်းကမ်းချက်တွေပါဝင်တဲ့ အငှားစာချုပ်သီးခြားချုပ်ရဦးမှာ ဖြစ်ပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုးက ပြောသည်။

“လက်ရှိက အိမ်ငှားနေတာပါ၊ အစိုးရက သုံးသောင်းနဲ့ ငှားပေးမယ်ဆိုလည်း ရဖို့က ၅၀ ရာခိုင်နှုန်းလောက် ရှိရင်တော့ သွားလျှောက်ချင်တယ်။ ကိုယ့်အတွက် ၁၀ ရာခိုင်နှုန်းတောင်မရှိတော့ အလုပ်ဖျက်ပြီး မသွားချင်ဘူး၊ လက်ရှိမှာ ဝမ်းရေးက ပိုပြီးအရေးကြီးတယ်။ ဒါကြောင့် မဲစနစ်နဲ့ပေးလည်း ပေါက်မှာမဟုတ်တော့ သွားမလျှောက်တော့ပါဘူး” ဟု ဒဂုံ(ဆိပ်ကမ်း)မြို့နယ်နေသူ ကိုညီညီက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် ဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်း၌ အမှန်တကယ် မြေကွက် နေအိမ်အခန်းမရှိဘဲ နေရေးအခက်အခဲရှိသည့် ပြည်သူများ မျှမျှတတ ရရှိရန် အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း တိုင်းဒေသကြီးဝန်ကြီးက ပြောကြားသည်။

“လျှောက်လို့ရရင်တော့ လျှောက်ချင်တယ်။ တစ်လသုံးသောင်းလောက်က တတ်နိုင်တယ်။ အခုဆိုရင် ကျူးကျော်နေရာမှာ မနေချင်ပေမယ့်လည်း ငွေကြေးမတတ်နိုင်တော့ နေနေရတယ်။ ဘယ်အချိန် လာဖျက်မယ်ဆိုတာလည်းမသိဘူး၊ ဖျက်ဖို့ အကြောင်းကြားစာပို့ထားတာတွေရှိတယ်။ ကျွန်မတို့လို အိုးပိုင်အိမ်ပိုင်မရှိတဲ့သူတွေအတွက် ဒီသတင်းကြားရတာ ဝမ်းသာစရာပါ။ သွားလျှောက်ရင်လည်း သန်းခေါင်စာရင်းရှိတဲ့သူတွေ စုပေါင်းပြီးသွားကြမယ်။ မဲစနစ်နဲ့ဆိုတော့ ကံတရားနဲ့လည်းဆိုင်တယ်။ သွားလျှောက်ရမှာ ကျွန်မတို့တာဝန်ပါပဲ” ဟု ဒဂုံ(ဆိပ်ကမ်း)မြို့နယ် (၆၀) ရပ်ကွက်နေ ဒေါ်အေးအေးငြိမ်းက ပြောသည်။

ရန်ကုန်မြို့သည် ဆိပ်ကမ်းမြို့ပီပီ စီးပွားရေးအချက်အချာကျမှုကြောင့် လူနေထူထပ်ခဲ့၍ ကျူးကျော်ပြဿနာများကို အစိုးရအဆက်ဆက်ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

ဖဆပလအစိုးရခေတ်တွင် ပြည်တော်သာအိမ်ရာစီမံကိန်း၊ အိမ်စောင့်အစိုးရခေတ်တွင် ဖဆပလကျူးကျော်ရပ်ကွက်များကြောင့် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတမြို့သစ်စီမံကိန်းများ၊ တော်လှန်ရေးကောင်စီခေတ်တွင် ကိုယ်တိုင်လုပ်အားပေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သုဝဏ္ဏအငှားအိမ်ရာစီမံကိန်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရခေတ်တွင် ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့သစ်စီမံကိန်းစသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မျက်မှောက်ခေတ်တွင်လည်း တစ်နှစ်ထက်တစ်နှစ် လူဦးရေသိပ်သည်းမှုများ ဆက်လက်တိုးပွားလာခဲ့ရာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရန်ကုန်တိုင်းဒေသကြီး၌ လူဦးရေခုနစ်သန်းနှင့် ရန်ကုန်မြို့၌ လူဦးရေငါးသန်းကျော် နေထိုင်လျက်ရှိသည်။

လူဦးရေထူထပ်မှုနှင့်အတူ အိုးပိုင်အိမ်ပိုင်နေထိုင်ရေး အခက်အခဲများလည်း ပိုမိုဖြစ်ပေါ်လာခဲ့သည်။ ယာဉ်ကြောပိတ်ဆို့မှုနှင့် အစိုးရမြေကျူးကျော်နေထိုင်မှုကိစ္စရပ်များက ရန်ကုန်မြို့၏ထိပ်တန်းစိန်ခေါ်မှုများထဲတွင် ပါဝင်လျက်ရှိသည်။

ထို့ကြောင့် လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်မြို့ရှိ ကိုယ်ပိုင်အိမ်ရာမရှိသော မိသားစုများအတွက် ယခု အိမ်ငှားလျှောက်လွှာခေါ်ယူလျက်ရှိသည့် ရေ၊ မီးအစုံအလင်နှင့် အခန်းပေါင်း ၁၂၀၀ ပါဝင်သော မဟာဗန္ဓုလအငှားအိမ်ရာစီမံကိန်း ထပ်မံတည်ဆောက်ရန်အတွက် ကုမ္ပဏီများကို တင်ဒါစိစစ်ရွေးချယ်ဆောင်ရွက်လျက်ရှိသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြနန္ဒာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ အစိုးရမြေ ၁၈၃ ဒသမ ၅၀၅ ဧကရှိ အခန်းပေါင်း ၃၀၀၀ ပါဝင်သော တန်ဖိုးနည်းအိမ်ရာစီမံကိန်းနှင့် တင်ဒါတင်သွင်းသည့် ကုမ္ပဏီများကိုစိစစ်ဆောင်ရွက်လျက်ရှိသည့် အခန်းပေါင်း ၁၀၀၀၀ ပါဝင်သော ရန်ကုန်မြို့သစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ရှမ်းပြည်နယ်နေ့ ကျင်းပရေး သီပေါ၌ ညှိနှိုင်းစည်းဝေး

သီပေါ ဇန်နဝါရီ ၂၉

ဖေဖော်ဝါရီ ၇ ရက်တွင်ကျရောက်မည့် (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းက အမှာစကားပြောကြားပြီး ရှမ်းတိုင်းရင်းသားဦးစိုင်းသန့်စင်က ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံနှင့် သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ရှမ်းတိုင်းရင်းသားများက အကြံပြုဆွေးနွေးကြပြီး ရှမ်းပြည်နယ်နေ့ဖြစ်မြောက်ရေးနာယက၊ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်း တာဝန်များပေးအပ်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

(၆၈) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ယမန်နေ့မှအဆက်

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၁၀)ပါး

၅။ ပလ္လင်အမှတ်(၂၇၄)	အရှင်ကုဏ္ဍလာလင်္ကာရ၊ အသက်(၃၃ နှစ်) ၊ သိက္ခာ(၁၃) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ပလ္လင်အမှတ်(၂၇၆)	အရှင်စန္ဒောဘာသ၊ အသက်(၃၂ နှစ်)၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ပလ္လင်အမှတ်(၂၉၆)	အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရအသက်(၂၉ နှစ်)၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ပလ္လင်အမှတ်(၃၁၅)	အရှင်ဇနိတာလင်္ကာရ၊ အသက်(၂၇ နှစ်)၊ သိက္ခာ (၇)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ပလ္လင်အမှတ်(၃၂၀)	အရှင်ကုမာရသက္က၊ အသက်(၂၈ နှစ်)သိက္ခာ (၅)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ပလ္လင်အမှတ်(၃၂၃)	အရှင်စန္ဒသာရာလင်္ကာရ၊ အသက်(၂၅ နှစ်)၊ သိက္ခာ (၅) ဝါ၊ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

အာဂုံပြန်အောင်စာရင်း

တိပိဋကဓရ (၁)ပါး

၁။ ပလ္လင်အမှတ်(၁)	အရှင်ပညာဝံသာဘိဝံသ၊ အသက် (၄၀) နှစ်၊ သိက္ခာ (၂၀) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ပထမပိုင်း)ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက (၁) ပါး

၁။ ပလ္လင်အမှတ်(၂)	အရှင်အဂ္ဂဝံသ၊ အသက် (၃၅) နှစ်၊ သိက္ခာ (၁၅) ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက (၂) ပါး

၁။ ပလ္လင်အမှတ်(၄)	အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၃) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ပလ္လင်အမှတ် (၇)	အရှင်သုဇနာလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်း (ဒုတိယပိုင်း) သုံးကျမ်းအာဂုံအောင် ဝိနယဓရ (၁၆) ပါး

၁။ ပလ္လင်အမှတ် (၁၃)	အရှင်သြဘာသ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ပလ္လင်အမှတ် (၁၈)	အရှင်ခေမာစာရ(မကွေး)၊ အသက်(၃၀)၊ သိက္ခာ (၁၀) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ပလ္လင်အမှတ်(၂၁)	အရှင်ပညာဇောတ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ ပိဋကသုံးပုံ နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ပလ္လင်အမှတ်(၂၈)	အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ပလ္လင်အမှတ်(၃၀)	အရှင်လူခဝံသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၆။ ပလ္လင်အမှတ်(၃၃)	အရှင်ခေမိဿရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ပလ္လင်အမှတ်(၃၇)	အရှင်ပဏ္ဍိတဝံသ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ပလ္လင်အမှတ်(၄၈)	အရှင်ပဏ္ဍိတ၊ အသက်(၂၉ နှစ်)၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။ ပလ္လင်အမှတ်(၄၉)	အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၃၁ နှစ်)၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၀။ ပလ္လင်အမှတ်(၅၁)	အရှင်ဝရသာမီလင်္ကာရ၊ အသက်(၃၁ နှစ်)၊ သိက္ခာဝါ(၁၀) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ပလ္လင်အမှတ်(၅၄)	အရှင်ဇာဂရာလင်္ကာရ၊ အသက်(၃၁ နှစ်)၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ပလ္လင်အမှတ်(၅၆)	အရှင်ပညာဝံသ၊အသက်(၃၃နှစ်)၊ သိက္ခာ(၁၀)ဝါ၊ ကျိုက္ကစံ ရွှေကျင်တိုက်သစ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ပလ္လင်အမှတ်(၅၇)	အရှင်ခေမာစာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ပလ္လင်အမှတ်(၆၆)	အရှင်ဓမ္မပါလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ၊ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ပလ္လင်အမှတ်(၆၇)	အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ပလ္လင်အမှတ်(၆၈)	အရှင်ဥဇ္ဇောတာလင်္ကာရအသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်း(ပထမပိုင်း)နှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ(၃၇)ပါး

၁။ ပလ္လင်အမှတ်(၇၇)	အရှင်သောဘန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ပလ္လင်အမှတ်(၇၉)	အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)**
၃။ ပလ္လင်အမှတ်(၈၁)	အရှင်ဉာဏဓဇ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်ရန် လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထောင့် အမှတ်(၆၅၈)ရှိ နိမ်ယန်ဝေ့ကွမ် ဘုရားကျောင်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အလှူရှင်များသည် ယနေ့ နံနက်ပိုင်းက မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းက လက်ခံယူသည်။

(သတင်းစဉ်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) မှ 3G ကွန်ရက်လွှမ်းခြုံမှု ဖေဖော်ဝါရီလဆန်းပိုင်း စတင်အသုံးပြုနိုင်မည်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ – မင်းထက်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)နှင့် ဂျပန်နိုင်ငံ KDDI၊ Sumitomo တို့ပူးပေါင်း၍ နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကွန်ရက်တိုးချဲ့မှုအနေဖြင့် ယခုလာမည့် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ နိုင်ငံတစ်ဝန်း 3G ကွန်ရက်ကို လူဦးရေ ၉၀ ရာခိုင်နှုန်းကျော် လွှမ်းခြုံ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အောက်ဘလောက်ရှိ MPT ရုံးချုပ်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

“ကျွန်တော်တို့ MPT ဟာ အသုံးပြုပြည်သူတွေကို အကောင်းဆုံး ဝန်ဆောင်မှုတွေ တတ်နိုင်သမျှ ပေးဖို့က အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်နဲ့အညီ ကွန်ရက်တွေ ချဲ့ထွင်သွားဖို့ဆိုတာက အမြဲတမ်း ဦးစားပေးထားတဲ့ အစီအစဉ်တစ်ခု ဖြစ်ပြီး အခုကတော့ နိုင်ငံလူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို 3G ကွန်ရက်တွေ ပေးနိုင်ခြင်းအားဖြင့် ပထမမှတ်တိုင်ကို စိုက်ထူလိုက်ပါပြီ။ ဒါ့အပြင် အခုလာမယ့် မတ်လမှာ လူဦးရေ ၉၅ ရာခိုင်နှုန်းအထိ ကွန်ရက်လွှမ်းခြုံနိုင်အောင် လုပ်ဆောင်နိုင်တော့မှာပါ” ဟု MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.Koichi Kawase က ပြောသည်။

နိုင်ငံတစ်ဝန်း လက်ရှိတည်ဆောက်ထားရှိသော MPT မိုဘိုင်းတာဝါတိုင်များတွင် 2.1 GHz လှိုင်းများ တပ်ဆင်အသုံးပြုခဲ့သည်။ ယခုအခါ အဆိုပါတာဝါတိုင်များ၌ 900 MHz လှိုင်းကို ထပ်မံဖြည့်ဆည်းတပ်ဆင်လိုက်ခြင်းဖြင့် 3G စနစ် ထည့်သွင်းတပ်ဆင်မှုများကို ၉၀ ရာခိုင်နှုန်းကျော်အထိ ပြီးစီးအသုံးပြုနိုင်ခဲ့ပြီး လာမည့်မတ်လတွင်လည်း နိုင်ငံတစ်ဝန်း ၉၅ ရာခိုင်နှုန်းအထိ တိုးချဲ့ဝန်ဆောင်မှုပေးနိုင်တော့မည်ဖြစ်သည်။ ယခင် MPT သည် မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သာ 3G ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ ယခုလို 2G ကွန်ရက်မှ 3G ကွန်ရက်အထိ တိုးမြှင့်ခြင်းအားဖြင့် သုံးစွဲသူပြည်သူများ အသံပိုမိုကြည်လင် ကောင်းမွန်လာပြီး

MPT မှ စိုက်ထူထားသော 3G တာဝါတိုင်ကို တွေ့ရစဉ်။

အင်တာနက်သုံးစွဲမှုတွင်လည်း 21 Mbps အထိ အရည်အသွေးတိုးမြှင့်သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ သို့သော် ယခု 3G ကွန်ရက်ကို ဆွေသဟာအစီအစဉ်ရှိသူများသာ အဓိကအသုံးပြုနိုင်မည်ဖြစ်ပြီး ဆွေသဟာ အစီအစဉ်မရှိသူများ အပြည့်အဝသုံးစွဲနိုင်မည် မဟုတ်ကြောင်း MPT မှ Mr.Koichi Kawase က ပြောသည်။

ယခုကဲ့သို့ ကွန်ရက်သစ်ဖြန့်ကြက်ခြင်းအထိမ်းအမှတ်အဖြစ် MPT မှ pre-paid နှင့် postpaid သုံးစွဲသူအားလုံးအတွက် 3G9+ အထူးအစီအစဉ်ကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အတွင်း ပြုလုပ်မည်ဖြစ်ပြီး ကြိုတင်ငွေဖြည့်စနစ် (pre-paid) သုံးစွဲသူများက ငွေကျပ် ၁၀၀၀၊ ၃၀၀၀၊ ၅၀၀၀ နှင့် ၁၀၀၀၀ နှင့်အထက် ငွေဖြည့်သူတိုင်း အပိုထပ်ဆောင်းငွေများ ရရှိမည်ဖြစ်သည်။ ထိုအပိုထပ်ဆောင်းငွေအတွက် သက်တမ်းကုန်ဆုံးရက်မှာ အထူးအစီအစဉ်အတွင်း ငွေဖြည့်ခဲ့သည့်ရက်မှ ၁၅ ရက်အတွင်း အသုံးပြုနိုင်မည်ဖြစ်သည်။

“အခု ဆက်သွယ်ရေးလုပ်ပိုင်ခွင့်ရကုမ္ပဏီတွေအနေနဲ့ ပြည်သူတွေ အဆင်ပြေအောင် သုံးခုစလုံးက ငွေဖြည့်တိုင်း အပိုထပ်ဆောင်းငွေတွေပေးနေတာ ခဏခဏတွေ့ရတယ်။ ကျွန်မတို့အတွက် အခုလို လုပ်ပေးတာကောင်းပါတယ်။ ဒါပေမယ့် အခုလိုလုပ်ပေးတဲ့ အခါမှာ ပွင့်လင်းမြင်သာမှုရှိအောင် လုပ်သင့်တယ်။ ဥပမာ ငွေကျပ် ၃၀၀၀ ဖိုး ထည့်တယ်ဆိုရင် ပေးချင်တဲ့ အပိုဆောင်းငွေကို အဲဒီအပေါ် သိသာမြင်သာမှုရှိအောင် လက်တွေ့ကျကျပေးရင် ပိုကောင်းမယ်လို့မြင်တယ်။ အခုတော့ သူတို့ဘယ်လောက် ရာခိုင်နှုန်းပေးတယ်ဆိုတာတွေက မမြင်ရတော့ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ ကျွန်မမြင်တယ်” ဟု MPT ရော တယ်လီနောပါ နှစ်မျိုးစလုံး အသုံးပြုနေသူတစ်ဦးက ပြောသည်။

ယခုအခါ MPT သည် နိုင်ငံတစ်ဝန်း 3G ကွန်ရက်အသုံးပြုနိုင်ရန်အတွက် လာမည့်မတ်လကုန်တွင် တာဝါတိုင် ၅၀၀၀ အထိ စိုက်ထူနိုင်မည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံတစ်ဝန်း ဆင်းကတ်သုံးစွဲမှုအရေအတွက် စုစုပေါင်း ၁၈ သန်းရှိရာတွင် ဆွေသဟာအစီအစဉ်ဖြင့် အသုံးပြုသူမှာ ၁၂ သန်း ကျော်ရှိကြောင်းနှင့် ယခု 3G စနစ်ကို ဆွေသဟာအစီအစဉ်အသုံးပြုသူ ၁၂ သန်းကသာ ကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြေပြိုဆည်များကြောင့် ဖြစ်ပေါ်နိုင်သည့်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ် ဟန်ကင်ကျေးရွာမှ ခုနစ်မိုင်ခန့်အကွာရှိ မြေပြိုဆည်ကို ဆန်းစစ်လေ့လာရန်အတွက် မြေပြိုဆည်များကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက်တွင် ကလေးမြို့မှစတင်ထွက်ခွာ၍ ဖေဖော်ဝါရီ ၄ ရက်အထိ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးရေးအဖွဲ့အား ဦးဇော်ဝင်းမြင့် (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ချင်းပြည်နယ်) ကခေါင်းဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ ဘူမိဗေဒဌာန(ကလေးတက္ကသိုလ်)၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန စုစုပေါင်းဌာန ၁၂ ခုနှင့် ကျွမ်းကျင်ပညာရှင်များအဖွဲ့ (MGS၊ SUNTAC) နှင့် ဒေသဆိုင်ရာလူမှုအဖွဲ့အစည်းများဖြစ်သည့် ကလေးလွင်ပြင်နှင့် ချင်းတွင်းလူငယ်ကွန်ရက်အဖွဲ့တို့မှ ကိုယ်စားလှယ်များ လိုက်ပါဆောင်ရွက်မည်ဖြစ်ပြီး စုစုပေါင်း ၃၀ ခန့်ဖြင့် သက်ဆိုင်ရာဌာနများအလိုက် ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ မြေပြိုဆည်၏တည်နေရာနှင့် အရွယ်အစားဖော်ထုတ်ခြင်း၊ ဦးစားပေးဖြေရှင်းဆောင်ရွက်ရမည့် မြေပြိုဆည်များရွေးချယ်ခြင်း၊ ဆည်တစ်ခုချင်းအလိုက် ကျိုးပေါက်လာပါက သက်ရောက်နိုင်မည့်ဧရိယာ (Impact Area) တိုင်းတာခြင်း၊ အဆိုပါဧရိယာများအတွင်းရှိ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်အခြေအနေကို ဆန်းစစ်ခြင်း၊ သတင်းအချက်အလက်များစုစည်းခြင်းနှင့် မြေပြိုဆည်တစ်ခုချင်း၏ ကျိုးပေါက်ပြိုပျက်နိုင်မှုအခြေအနေကို ဆန်းစစ်ခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာမည့်အချက်အလက်များအပေါ် အခြေခံ၍ မြေပြိုဆည်တစ်ခုချင်းအလိုက် ပြိုပျက်လာပါက ဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်မှ လျော့နည်းသက်သာစေရန် ဆောင်ရွက်မည့် အစီအစဉ်များ (Mitigation Plan) ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး(အရှေ့)နှင့် တောင်ငူခရိုင်တို့ ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ်ဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက်က တောင်ငူမြို့ အမှတ်(၇) အခြေခံပညာအထက်ကျောင်းခန်းမ၌ကျင်းပရာ စာရေးဆရာ၊ ဆရာမများက အသိပညာပေးဟောပြောကြစဉ်။ မောင်ရွှေဝင်း(ပြည်)

မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

၃၀-၁-၂၀၁၆ (စနေနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Hyper Sports
၈း၃၅ The Farmer
၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၀း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၅ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၀၀ တစ်ပတ်အတွင်း လွှတ်တော်သတင်း
၁၃း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ် (အပိုင်း-၃)**
၁၄း၁၅ Hyper Sports

ညပိုင်း

၁၅း၄၅ Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း)
၁၈း၃၅ Business News
၁၉း၁၅ ဟိုးတုန်းကရေဒီယို အသံလွှင့်ဇာတ်လမ်းများ **မူပိုင်မေတ္တာ** (ပထမပိုင်း)
၂၁း၀၀ ဂီတတံခါးလေးဖွင့်ပါဦး ဂီတသမား၊ ဂီတစကား မြဝတီမင်းကြီးဦးစ၏ အထူးထူးငယ်နှင့်ပတ်ပျိုး (ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

ဇန်နဝါရီ ၂၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး	မှတ်ချက်
၁။	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၄၀၀၀ မှ ၄၈၅၀၀	အဟောင်း
၂။	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၇၀၀၀ မှ ၃၆၅၀၀	အသစ်
၃။	ဇီရာ/ ဧည့်မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၅၀၀ မှ ၂၂၀၀၀	အသစ်
၄။	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၉၈၀၀ မှ ၂၁၀၀၀	အသစ်
၅။	မြီးတိုး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၃၀၀၀ မှ ၂၆၀၀၀	အဟောင်း
၆။	မြီးတိုး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၁၀၀၀ မှ ၂၂၅၀၀	အသစ်
၇။	သုခ(ဆန်)	နယ်စုံ	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၃၀၀၀ မှ ၂၃၅၀၀	အသစ်/ရှယ်
၈။	ပဲစင်းငုံနီ RC(2016)		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၅၀၀၀၀၀	
၉။	ကြက်သွန်နီ	ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ မြင်းခြံ၊	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၀၀ မှ ၈၀၀	
၁၀။	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၅၀၀ မှ ၃၅၅၀	ရှယ်၊လတ်
၁၁။	ကြက်သွန်ဖြူ	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၅၅၀ မှ ၃၉၀၀	ထူး-၂၃၊၄၊၅
၁၂။	အာလူး	လွိုင်ကော်၊ ဆင်ဖြူကျွန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၃၀ မှ ၆၆၀	A1,OK,S1,S2
၁၃။	ခရမ်းချဉ်သီး	အင်းလေး	တစ်တာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၃၀၀၀ မှ ၄၀၀၀	ရှယ်
၁၄။	ခရမ်းချဉ်သီး	ဗမာကိုင်းသီး (မုံရွာ၊ ကြံခင်း)	တစ်တာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၅၀၀၀ မှ ၇၀၀၀	ရှယ်
၁၅။	နာနတ်		တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၆၀၀ မှ ၁၂၀၀	
၁၆။	ကျွဲကောသီး	မော်လမြိုင်	တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၅၀၀ မှ ၁၈၀၀	
၁၇။	လိမ္မော်သီး		တစ်တာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၀၀၀ မှ ၁၄၀၀	

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။



ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
ကျောက်ဖြူမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးစံထွန်းခိုင်(ဘ)ဦးသာဒိုးအောင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ကျောက်ဖြူမြို့ **တရားလို** **နှင့်** ဒေါ်မြမြအေး (ဘ)ဦးကျော်အေး ဇင်ချောင်း ကုန်ဘောင်ကြီး (ဆယ်အိမ်စု)ကျောက်ဖြူမြို့ **တရားပြိုင်**

ကျောက်ဖြူမြို့၊ ဇင်ချောင်း ကုန်ဘောင်ကြီး (ဆယ်အိမ်စု)နေ ဦးကျော်အေး၏သမီး ဒေါ်မြမြအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးစံထွန်းခိုင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၈ရက် (၁၃၇၇ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီခိုင်)
မြို့နယ်တရားသူကြီး
ကျောက်ဖြူမြို့

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၂၇)လမ်း၊ အမှတ်(၅၉)၊ ပထမထပ်တိုက်ခန်းနှင့်ပတ်သက်၍
အများသိစေရန်

အထက်ပါတိုက်ခန်းကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင် ၁၂/ပဘတ(နိုင်) ၀၂၅၉၇၈ ဆိုသူသည် ဦးခင်မောင်တင့် ၁၂/ပဘတ(နိုင်)၀၂၅၅၀၂ ထံမှ (၂၂-၄-၁၉၉၄) ရက်စွဲပါ နေအိမ်တိုက်ခန်း အပြီးအပိုင်ရောင်းချခြင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူဖြစ်သည်။ အဆိုပါတိုက်ခန်းတွင် ကျွန်ုပ်၏မိတ်ဆွေမှ ညီမအရင်းဖြစ်သူ ဒေါ်သန်းသန်းအေး (ခ)ဖရီဒါ ၁၂/ပဘတ(နိုင်)၀၂၁၁၀၈ အား မေတ္တာဖြင့် အခမဲ့ခေတ္တနေထိုင်ခွင့်ပြုခဲ့ခြင်းသာ ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေသိရှိသဘောမတူဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ အာမခံထားခြင်းနှင့် လွှဲပြောင်းခြင်းတစ်မျိုးမျိုးကို ပြုလုပ်ပိုင်ခွင့် လုံးဝမရှိပါကြောင်းနှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်(ဘဏ်)၊ ဒေါ်ခင်အေးမာ (၆၀၆၅) (၈၈၅၆)
တရားလွှတ်တော်ရှေ့နေများ

ဦးအောင်ခိုင်ဖေ၊ ဒေါ်ခိုင်ဝေမွန် စဉ်-၄၆၈၃၁ စဉ်-၃၅၇၃၀
အထက်တန်းရှေ့နေများ

အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၆၇၂၃၇

ဖမ်းဆီးရမိသည့် ပုံစံ(၈)ဝင် အခြားသစ်လုံး/ခွဲသားများအား ရောင်းချရန်လေလံကြော်ငြာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ သာပေါင်း၊ ရေကြည်နှင့် မအူပင်မြို့နယ်များမှ ပုံစံ(၈)ဝင် အခြားသစ်လုံး/ခွဲသား(၁၆၅.၄၅၇၈)တန်အား "တိုင်းကျော်သယ်ယူခွင့်မပြုကြောင်း" စည်းကမ်းသတ်မှတ်ချက်ဖြင့် ပုသိမ်ခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၄-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီ၌ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်	စုစုပေါင်း	မှတ်ချက်
၁။	အခြားသား(သစ်လုံး) အခြားသား(ခွဲသား)	- -	၈၀.၇၄၃၈ တန် ၆၇.၆၁၂၄ တန်	သာပေါင်းမြို့နယ် "
၂။	အခြားသား(သစ်လုံး) အခြားသား(ခွဲသား)	- -	၅.၄၀၂၈ တန် ၁၀.၅၂၄၂ တန်	ရေကြည်မြို့နယ် "
၃။	အခြားသား(ခွဲသား)	-	၁.၁၇၄၆ တန်	မအူပင်မြို့နယ်
	စုစုပေါင်း	-	၁၆၅.၄၅၇၈ တန်	

၂။ လေလံတင်ရောင်းချမည့် ပုံစံ(၈)ဝင် ပစ္စည်းများအား သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနနှင့် ဆက်သွယ်၍ ၂၆-၁-၂၀၁၆ ရက်မှ ၃-၂-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။
၃။ လေလံလျှောက်လွှာများကို ပုသိမ်ခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တစ်စောင်လျှင် (၅၀၀ိ/)နှုန်းဖြင့် ၂၆-၁-၂၀၁၆ ရက်မှ ၃-၂-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

(ဥက္ကဋ္ဌ)
လေလံတင်ရောင်းချရေးကော်မတီ

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မင်းရန်အောင် ၅လမ်း၊ အမှတ် ၄၂နေ ဦးသိန်းပိုင် ၁၂/ဥကမ(နိုင်) ၀၂၂၁၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဈ)၊ မြေကွက်အမှတ် (၄၂ ၁/၂)၊ မြေအမျိုးအစား နှစ် ၆၀ဂရန်၊ အကျယ်အဝန်း အလျား× အနံ ပေ (၃၃×၆၀)၊ ဧရိယာ ၁၉၈၀ စတုရန်းပေ မြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန် တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မင်းရန်အောင် ၅လမ်း၊ အမှတ် ၄၂၊ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးသိန်းပိုင် ၁၂/ဥကမ(နိုင်) ၀၂၂၁၅၀နှင့် ဒေါ်ဝင်းဝင်းမော် ၁၂/ဥကမ(နိုင်)၀၀၀၀၂၆ တို့ နှစ်ဦးပူးတွဲပိုင်ဆိုင်ကြပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ မြေခွဲခြမ်းစိတ်ဖြာခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ တခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည်တို့ကို မပြုလုပ်ကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်သန်း
LL.B, D.M.A, D.B.L, D.M.L, D.A (Psy),
WIPO, D.L.P (Switzerland),
Diploma in International Law,
High Court Advocate & Legal Advisor
အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၄၂၀၀၃

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အုတ်လုပ်ရန် တူးထားသောရေကန်ထဲတွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံး

တိုက်ကြီး ဇန်နဝါရီ ၂၉

တိုက်ကြီးမြို့နယ် ဂျုံးဖြူအုပ်စု သရက်ကုန်းကျေးရွာတွင် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က အမျိုးသားတစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဖိုးဝင်းတင် (၆၅ နှစ်)သည် အရက်အလွန်အကျွံသောက်ပြီး ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပျောက်ဆုံးရာမှ လိုက်လံရှာဖွေရာ မတွေ့ရှိဘဲ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် အုတ်ကွင်းပိုင်ရှင် ဦးသန်းဝင်းက အုတ်ကွင်းကို လိုက်လံကြည့်ရှုစစ်ဆေးရာ အုတ်လုပ်ရန် တူးထားသော အကျယ် ၁၀ ပေ ပတ်လည်၊ အနက် ၁၂ပေ ရှိ ရေကန်ထဲတွင် မှောက်လျက်သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

အဆိုပါအလောင်းကို တိုက်ကြီးဆေးရုံသို့တင်ပို့ရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိသဖြင့် သေမှုသေခင်းဖွင့်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် သေနတ်တစ်လက် သိမ်းဆည်းရမိ

မြိတ် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု ဗောဓိကမ်းကျေးရွာအနီး ဒေသအခေါ် တရုတ်ကျွန်းနေ ဦးနောင်ပြူးနေအိမ်၌ မူးယစ်ဆေးဝါးနှင့် လက်နက်တို့ကို ဇန်နဝါရီ ၂၈ ရက်က ရှာဖွေတွေ့ရှိပြီး ဦးနောင်ပြူးမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။

ဦးနောင်ပြူးနေအိမ်၏ အနောက်ဘက်လျှို့ထဲမှ ပလတ်စတစ်ကော်စေ့ဖြင့် ပစ်ခတ်ရသည့် ဖိုက်ဘာသေနတ်နှင့် အရှည် ၇ ဒသမ ၅ လက်မခန့်ရှိ ထိုင်းနိုင်ငံလုပ် သေနတ်အတိုတစ်လက်၊ ကိုးလုံးကျည် ၁၂ တောင့်၊ ကျည်ခွံ အခု ၄၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၊ (၁၀ ဒသမ ၂ ကီလိုဂရမ်)၊ ဘိန်းစာမှုန့် ၁၀ ကျပ်သား (၀ ဒသမ ၁၆၃၃) ကီလိုဂရမ်)၊ GPS map 76 (GARMIN) တစ်လုံး၊ လက်ကိုင်ဖုန်းသုံးလုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ တနင်္သာရီမြို့မရဲစခန်းက အမှုဖွင့်လှစ်၍ ဦးနောင်ပြူးကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ယာဉ်မောင်းအိပ်ပျော်နေစဉ် ငွေကျပ် ၁၃သိန်း လုယက်မှုဖြစ်ပွား

မြင်းခြံ ဇန်နဝါရီ ၂၉

မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာမြောက်ဘက် စက်မှုဇုန်အနီး မိုင်တိုင် (၄၇၁/ ၁)နှင့် (၄၇၁/၂)ကြား၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၃ နာရီခွဲက လူတစ်စုက ယာဉ်မောင်းအားထိုးနှက်ပြီး ယာဉ်ပေါ်ပါငွေများ လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့မှ တောင်သာမြို့နယ်ဘက်သို့ ဘိလပ်မြေအိတ်များတင်ဆောင်၍ ယာဉ်မောင်း ကိုကျော်ဆန်းလင်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် နံနက် ၁ နာရီက အဆိုပါနေရာ၌ရပ်နားကာ အိပ်ပျော်နေစဉ် နံနက် ၃ နာရီခွဲတွင် လူသုံးဦးက ကားရှေ့ခန်းသို့ဝင်လာ၍ မာကျောသည့် လက်နက်တစ်ခုဖြင့် နဖူးဘယ်ဘက်ထိပ်ကိုထိုးခဲ့ပြီး နှစ်ဦးကချုပ်နှောင်ထားကြောင်း၊ ကျန်တစ်ဦးက တူးဘောက်အတွင်းမှ ငွေကျပ် ၁၃ သိန်းကို လုယူသွားပြီး ဆိုင်ကယ်သုံးစီးဖြင့် မြောက်ဘက်သို့ မောင်းနှင်သွားခဲ့ကြောင်း သိရသည်။

ယာဉ်နောက်လိုက် ကိုကျော်ဇင်မှာ ယာဉ်နောက်ခန်း၌ အိပ်ပျော်နေ၍ ဖြစ်စဉ်ကိုမသိဘဲ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်နေရာ အကူအညီတောင်းရန် အခက်အခဲဖြစ်ခဲ့ကြောင်း၊ ထို့နောက်ကုက္ကဲရဲကင်းသို့ သတင်းပေးတိုင်ကြားခဲ့သည်။ အဆိုပါဖြစ်စဉ်ကို ဆီမီးခုံနယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

အခွန်ဆောင်ပစ္စည်းအရေအတွက်ထက် ပိုမိုတင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်

ဘားအံ ဇန်နဝါရီ ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ- သထုံကားလမ်း မိုင်တိုင်အမှတ်(၁၃/၈)နှင့် (၁၄/၁)တို့အကြားတွင် ကုန်များတင်ဆောင်လာသော ၂၂ ဘီးတွဲယာဉ်တစ်စီး ဇန်နဝါရီ ၂၃ ရက်က တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့မှ သကြားအိတ်များတင်ဆောင်ပြီး ယာဉ်မောင်း စိုးဝင်း (၄၇နှစ်)မောင်းနှင်သည့် ၂၂ ဘီး တွဲယာဉ်သည် ဘားအံဘက်မှ သထုံဘက်သို့ မောင်းနှင်လာစဉ် ရှေ့ယာဉ်တစ်စီးအား ကျော်တက်ရာ အရှိန်မထိန်းနိုင်သဖြင့် လမ်းမပေါ်တွင် တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နောက်တွဲနှင့် ယာဉ်ခေါင်းပိုင်းတို့ပျက်စီးသွားပြီး ယာဉ်ပေါ်တွင် ထိုင်းနိုင်ငံဘက်မှ တင်သွင်းလာသည့် သကြားအိတ်များကို စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စိုးဝင်းအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ကာ အမှုစစ်က ယာဉ်ပေါ်ပါပစ္စည်းများမှာ ထိုင်းနိုင်ငံမှ တင်ဆောင်လာသည့် ကုန်ပစ္စည်းများဖြစ်၍ အခွန်ဆောင်ထားခြင်း ရှိ မရှိ သိရှိနိုင်ရန် ဘားအံမြို့နယ် အကောက်အခွန်ဦးစီးအဖွဲ့တို့က စစ်ဆေးခဲ့ရာ စုစုပေါင်း သကြားအိတ် ၆၀၉ အိတ်အနက် အိတ် ၄၀၀ သာ အခွန်သွင်းထားသည့် ကုန်ပစ္စည်းစာရင်းပုံစံအားပြသနိုင်ပြီး ကျန် ၂၀၉ အိတ်မှာ အခွန်ပေးဆောင်ထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရ၍ မြို့နယ်အကောက်အခွန်ဦးစီးဌာနသို့ အပ်နှံခဲ့ပြီး အကောက်အခွန်မဲ့ပစ္စည်းများ တင်ဆောင်လာသူ ယာဉ်မောင်း စိုးဝင်းအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

အမည်ပြောင်း

ဦးဝင်းမြင့်နိုင် ၇/ပမန(နိုင်)၁၂၃၁၉၆ ၏သား ရန်ကုန်မြို့၊ အထက(၆) ဗိုလ်တထောင်၊ သူငယ်တန်း(A)မှ မောင်မိုးမြင့်ထက်ဇော်အား ယနေ့မှစ၍ မောင်ဝင်းဘုန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝင်းဘုန်းပြည့်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်(အထက-ခွဲ)မင်းကွက်နဝမတန်း(B)မှ မောင်နိုင်ဝင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းငြိမ်း ၇/ပတတ(နိုင်)၀၇၁၄၇၀ ဖြစ်ပါကြောင်း။

ဦးထွန်းငြိမ်း

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁-၂၀၁၆ရက်ထုတ် ဤသတင်းစာကြော်ငြာအချပ်ပို (ဖြူ/မဲ)စာမျက်နှာ (ဃ)ပါ အများသိစေရန် ကြေညာ ချက်ကြော်ငြာတွင် ဒေါ်ခင်မျိုးအောင် ၁၁/ကဖန(နိုင်)၀၃၀၇၆၉ အစား ဒေါ်ခင်ချိုအောင် ၁၁/ကဖန(နိုင်) ၀၃၀၇၆၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ
ဘ၀စက်ထဲပုံလွန်တော်မူသော
မဟာစည်သြဝါဒါစရိယဆရာတော်ကြီး
ဒေါက်တာဘဒ္ဒန္တဇင်္ဂလမဟာထေရ်
(သာသနာ့စေ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (Ph.D)
အန္တိမဈာပန ည ဓမ္မပူဇာ

အစီအစဉ်

၁။ ၁၃၇၇ -ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆) ရက်နေ့ည
(၃၀. ၁. ၂၀၁၆)(စနေနေ့)
(၆း၀၀)နာရီမှ (၈း၀၀)နာရီထိ
ဒေါက်တာ ဘဒ္ဒန္တကောဝိဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ)
(သဒ္ဓမ္မဇောတိကဓဇ) (မဟာသဒ္ဓမ္မဇောတိကဓဇ)
(သာသနာ့တက္ကသိုလ ဓမ္မာစရိယ) (BA, M.A,Ph.D) (မဇ္ဈိမဂုဏ်ရည်)
မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာရိပ်သာကျောင်းတိုက်၊ သာကေတ။
၂။ ၁၃၇၇-ခုနှစ်၊ ပြာသိုပြည့်ကျော် (၇) ရက်နေ့ည
(၃၁. ၁. ၂၀၁၆) (တနင်္ဂနွေနေ့)
(၆း၀၀)နာရီမှ (၈း၀၀)နာရီထိ
ဘဒ္ဒန္တဝါသဝ (ပြည်တွင်း-ပြည်ပ မဟာစည်ရိပ်သာများ ဥသျှောင်
သြဝါဒါစရိယ) (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဓမ္မကထိက
ဗဟုဇနဟိတဓရ) (မြစ်သားဆရာတော်)
တို့မှ တရားဓမ္မများဟောကြားတော်မူပါမည်။

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း) လက်အောက်ရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(က) (9)M,(10)M ကွန်ကရစ်တိုင်များ
(ခ) (၁၁/၀.၄)ကေဗွီ ထရန်စဖော်မာများ
(ဂ) ခွဲရုံနှင့်လိုင်း ဆက်စပ်ပစ္စည်းများ

၂။ တင်ဒါတင်သွင်းရမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁-၂-၂၀၁၆ရက်မှ ၁၀-၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့
(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၀-၂-၂၀၁၆ရက် ၁၆း၀၀နာရီ (ဗုဒ္ဓဟူးနေ့)

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပဲခူးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၅၂-၂၂၂၂၂၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

❖ ကျောဖုံးမှ

နိုင်ပွဲကြောင့်ဖိအား လျော့သွားပြီဖြစ်သည်။

ဧရာဝတီအသင်းမှာ နိုင်ငံခြားသား ကစားသမားသုံးဦးကို အမာခံထားကာ ဝင်းမင်းသူ၊ ကျော်ဇေယျာဝင်း၊ သီဟဇော်၊ အောင်ကျော်နိုင်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ ရန်ကုန် အသင်းတွင် ဒဏ်ရာရနေသည့် ကျော်မင်းဦးနှင့် ကြည်လင်းတို့ကလွဲ၍ လူစုံပါဝင်ခဲ့ပြီး ခင်မောင်လွင်၊ ကျော်ကိုကို၊ ရန်အောင်ကျော်၊ အက်ဒီဆင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပုံမှန်ခြေစွမ်းမရသောကြောင့် ရုန်းကန်ခဲ့ရပြီး ဧရာဝတီခံစစ်ပိုင်းနှင့် အသင်းခေါင်းဆောင် မင်းမင်းသူတို့၏ အမှားကတစ်ဆင့် ရန်ကုန်အသင်း နှစ်ဂိုးဆက်ရရှိခဲ့သည်။ ဂိုးပေါက်ပျောက်နေသည့် တိုက်စစ်မှူး အက်ဒီဆင်က ၅ မိနစ်နှင့် ၁၅မိနစ်တို့တွင် နှစ်ဂိုးသွင်းယူခဲ့သည်။ ၃၉ မိနစ်တွင် ဧရာဝတီအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး ကျော်ဇေယျာဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ဧရာဝတီအသင်းချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၃ မိနစ်တွင် တိုက်စစ်မှူးခရစ္စတိုဖာက ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ သရေကျသွားပြီးနောက်ပိုင်းတွင် ဧရာဝတီအသင်းကစားပုံ ပိုကောင်းလာပြီး အနိုင်ဂိုးကို ၇၇ မိနစ်တွင် ခရစ္စတိုဖာက သွင်းယူခဲ့သည်။ ဧရာဝတီအသင်းမှာ ပထမဆုံးနိုင်ပွဲကြောင့် တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ခဲ့သည်။

ယနေ့ပွဲ

(ဗထူးကွင်း)

ရတနာပုံ - ရခိုင်

(အောင်ဆန်းကွင်း)

ဇွဲကပင် - Southern

(သုဝဏ္ဏကွင်း)

ချင်းယူနိုက်တက် - ဟံသာဝတီ

မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲ အခမဲ့ကြည့်ရှုနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာ့ရိုးရာလက်ဝှေ့ပထမတန်းလက်ဝှေ့ကျော်များ ထွက်ပေါ်ရေးအတွက် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သော မျိုးဆက်သစ် (Myanmar Fight)ပွဲစဉ်(၁၂) ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ လက်ဝှေ့ကလပ်အသစ်မှ လက်ဝှေ့သမားများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် သက်ထွန်းဇော်(ရွှေကုက္ကို)နှင့် သက်ထူးအောင်(ရွှေသောင်းရင်း)၊ လမင်းကိုကို(အား/ကာသိပ္ပံ)နှင့် ရိုးမသစ္စာ(နဂါးမာန်)၊ ကျော်စွာထွန်း(ရွှေသောင်းရင်း)နှင့် သက်ပိုင်စိုး(အား/ကာသိပ္ပံ)၊ ရန်လင်းအောင်(အောင်မြန်မာ)နှင့် မင်းထက်(ရွှေသောင်းရင်း)၊ အောင်မြင့်(ရွှေသောင်းရင်း)နှင့် မင်းထက်ဇော်(ရွှေကုက္ကို)တို့က သုံးချီစိန်ခေါ်ပွဲများ၊ ရဲရင့်အောင်(အဖြူရောင်သွေးသစ်)နှင့် လျှမ်းလျှမ်းတောက်(လှိုင်ကော်)၊ စောထွန်းနိုင်လင်း(လှိုင်ကော်)နှင့် ကိုကိုအောင်(ထွန်းသွင်)တို့က လေးချီပွဲများ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကာ လက်ဝှေ့ဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

အင်ဒိုနီးရှားရောက် လူကုန်ကူးခံ မြန်မာရေလုပ်သားခုနစ်ဦး ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် လူကုန်ကူးခံရသော မြန်မာရွှေ့ပြောင်းရေလုပ်သားခုနစ်ဦးသည် ယနေ့ည ၇ နာရီတွင် သက်ဆိုင်ရာသံရုံးနှင့် IOM အဖွဲ့များ အကူအညီဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ **(ယာပုံ)**

"ကနဦး အင်ဒိုနီးရှားသံရုံးကနေ IOM ကို အကြောင်းကြားပြီး စာရင်းပို့တာ ၁၂ ဦးဖြစ်ပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာက အဆင့်ဆင့်စစ်ဆေးဆောင်ရွက်ချက်တွေအပေါ်မှာ မူးယစ်ဆေးဝါးတွေ သုံးစွဲထားတယ်လို့ သံသယရှိသူလေးဦးနဲ့ အန်ဘွန်ကျွန်းမှာ အိမ်ထောင်ရှိတဲ့ တစ်ဦးကိုတော့ ထားခဲ့တယ်။ အခု ခုနစ်ဦးပဲ ပြန်ပို့နိုင်ပါတယ်"ဟု အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး ရဲဝင်းအောင်က ပြောသည်။

ထိုလူကုန်ကူးခံ ရေလုပ်သားများအား နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ်(၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် IOM အဖွဲ့များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌စောင့်ဆိုင်းကာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းသို့ပို့ဆောင်ကာ မြို့နယ်ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေး ကောင်းမကောင်း စစ်ဆေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မှတ်ပုံတင်ရှိမရှိစစ်ဆေးခြင်း၊ အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လူကုန်ကူးခံရသည့်အကြောင်းအရင်းဖြစ်စဉ်အသေးစိတ်တို့အား မေးမြန်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် လူကုန်ကူးခံရေလုပ်သားများအား နေရပ်အသီးသီးသို့ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရောက်ရှိလာသောလူကုန်ကူးခံ ရွှေ့ပြောင်းမြန်မာရေလုပ်သားများမှာ မကွေးတိုင်းဒေသကြီး မိကျောင်းရဲမြို့နယ် မင်းရွာအုပ်စုမှ ဦးဇော်မျိုးဝင်း၊ မွန်ပြည်နယ် ကျိုက္ခမီမြို့နယ် စက်စဲကျေးရွာမှ ဦးထွန်းသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လတ်ကျေးရွာမှ ဦးထက်ဝေဇော်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်မှ ဦးတင်လင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ ဦးသက်လှိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ညောင်အင်းရွာမှ ဦးနိုင်လင်းထွန်းနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မှ ဦးသန်းနိုင်စိုးတို့ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ကလေးခိုးမှုကောလာဟလနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ ရှင်းလင်းဟောပြော

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့ကကြီးမှူး၍ ကလေးသူခိုး ကောလာဟလသတင်းများနှင့်ပတ်သက်၍ ပြည်သူများအား ဥပဒေဆိုင်ရာ ရှင်းလင်းဟောပြောဆွေးနွေးပွဲကို ယနေ့ ညနေ ၄ နာရီက သီရိဟေမာအနောက်ရပ်ကွက် လမ်း ၉၀ နှင့် ၉၁ လမ်းကြား ၂၇လမ်းရှိ အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းခင်က မြန်မာနိုင်ငံအရပ်ရပ်တွင် ကလေးခိုးမှုများ ဖြစ်ပေါ်နေကြောင်း သတင်းများထွက်ပေါ်နေသည့်အတွက် အဆိုပါ ကောလာဟလသတင်းများအား နားထောင်ခြင်းမပြုဘဲ ဖြစ်စဉ်အမှန်ကိုသာ သိရှိစေရန်၊ ပြစ်မှုကျူးလွန်သူဟုယူဆရသူများကို ပြည်သူများအနေဖြင့် လက်လွန်ခြေလွန်မဖြစ်စေရန်၊ သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားပြီး တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

AG1 A Distributor of TATA Vehicles
TATA

TATA C.S.R Program Trainee သင်တန်းသားများခေါ်ယူခြင်း

TATA Motors Ltd.၏မြန်မာနိုင်ငံဆိုင်ရာ တစ်ဦးတည်းဖြန့်ချိရေးကိုယ်စားလှယ်ဖြစ်သည့် Apex Greatest Industrial Co., Ltd. သည် TATA Motors Ltd. ၏ စီစဉ်မှုဖြင့် ဒေသဆိုင်ရာ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံချက် (Co-operate Social Responsibility) CSR Program များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းရှိ ပညာသင်ကြားနိုင်မှုအားနည်းသော ဆင်းရဲနွမ်းပါးသူ လူငယ်များအား အင်ဂျင်နီယာ လူငယ်အတတ်ပညာရှင်များ ဖြစ်ပေါ်လာစေရေးအတွက် ကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပြီး မော်တော်ယာဉ်ဆိုင်ရာ အင်ဂျင်နီယာပညာရပ်များကို (India) နိုင်ငံတွင် (၉) လ၊ မြန်မာနိုင်ငံတွင် (On Job) (၃) လ စုစုပေါင်း တစ်နှစ်သင်တန်းဖြင့် စာတွေ့၊ လက်တွေ့ အခမဲ့ (အခမဲ့) သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။ အဆိုပါသင်တန်းတက်ရောက်ရန် ပြည့်စုံရမည့်အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မြန်မာနိုင်ငံသား (အမျိုးသား) ဖြစ်ရမည်။
(ခ) အသက် (၂၀) မှ (၂၈) နှစ်ကြားဖြစ်ရမည်။
(ဂ) အခြေခံပညာအထက်တန်းနှင့် အထက်၊ အလားတူ ပညာအရည်အချင်းရှိသော (ဥပမာ - စက်မှုလက်မှုအထက်တန်းကျောင်းဆင်း) တတ်မြောက်သူ ဖြစ်ရမည်။
(ဃ) အခြေခံအဆင့် အင်္ဂလိပ်စာသိရှိနိုင်သူဖြစ်ပြီး လက်ရှိ အလုပ်ဝင်ရောက်နေသူ မဖြစ်စေရ။
(င) ဝင်ငွေနည်းပါးသော မိသားစုဝင်များကို ဦးစားပေးမည်။
(စ) လျှောက်ထားမည့်သူအနေဖြင့် ရဲစခန်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ ပညာအရည်အချင်း ထောက်ခံစာမူရင်း၊ အမျိုးသားမှတ်ပုံတင်မူရင်းများကို တင်ပြနိုင်သူဖြစ်ရမည်။ (လျှောက်ထားချိန်တွင် မိတ္တူဖြင့် တင်ပြနိုင်သည်။)
(ဆ) လျှောက်လွှာများကို အောက်ဖော်ပြပါလိပ်စာသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့ နောက်ဆုံးထား ပေးပို့နိုင်ပါသည်။ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားလိုပါက(moc16kyaw@gmail.com) သို့ပေးပို့ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

လိပ်စာ ။ ။ Apex Greatest Industrial Co., Ltd. (TATA MOTORS SHOW ROOM) ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ တိရစ္ဆာန်ဥယျာဉ်ရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ။ ။ ၀၁ ၂၅၅၉၂၂၊ ၀၁ ၂၄၆၇၀၁။

အမည်ပြောင်း

ဦးထင်ကျော်၏သား ဒဂုံအရှေ့ပိုင်းမြို့နယ်၊ အထက(၂)သတ္တမတန်း(E)မှ မောင်ဇွဲစွမ်းအောင်အား မောင်လမင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အဝေးသင်ဒုတိယနှစ်(မြန်မာစာ)၊ ၁၈/၃၅၉၂၊ မသီရိမြေဦး(၁၂/ဗဟန(နိုင်)၁၀၈၂၁၆)၏ဖခင်အမည်မှန်မှာ ဦးမင်းဇော်ခင် (၃/ကကရ(နိုင်)၀၂၉၄၈၀)ဖြစ်ပါသည်။

ဦးမင်းဇော်ခင်

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးမျိုးခိုင် ၁၂/မရက(နိုင်)၀၁၄၃၄၆ ၏ နိုင်ငံကူးလက်မှတ်(A-303759)မူရင်းမှာခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၃၅၉၀၇၈**

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ပြည်မြို့၊ အောင်ချမ်းသာရပ်၊ ပြည်သာယာရပ်ကွက် ဦးတင်အေး အမည်ပေါက်အကွက်အမှတ်(၁၄-ဖြူကုန်း) ဦးပိုင်အမှတ် ၁၂၆ရှိ မြေဧရိယာ ၀ဒသမ ၁၀ဧက၊ နှစ် ၃၀ ဂရန်မူရင်း Proceedings No.181 1998-19ပျောက်ဆုံးသွားပါသဖြင့် ဦးတင်အေး၏ သားသမီးများဖြစ်ကြသော ဦးမိုးကျော်ပါ(၅)ဦးက မိတ္တူကူးယူ၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဦးမိုးကျော်ပါ (၅)ဦး**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် (၅၉၁-အီး/က)၊ မြေကွက်တည်နေရာအမှတ် (၅၉၁-အီး/က)၊ ခေမာကျောင်းလမ်း (ဦးမြိုင်၊ အေအေ-၀၁၅၅၂၈) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးမြိုင်- မိခင် ဒေါ်မြနှစ်တို့ ကွယ်လွန်သဖြင့်ဒေါ်မြင့်မြင့်မေ ၁၂/ဥကမ(နိုင်)၀၅၇၇၈၁က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဇယားဝင်အဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **ဘဏ်** ဆိုသည်မှာ ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် လုပ်ငန်းအဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်နှင့် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်ခွဲတို့လည်း ပါဝင်သည်။

(ဃ) **ဘဏ်လုပ်ငန်း**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းကိုသော်လည်းကောင်း၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကိုသော် လည်းကောင်းဆိုသည်။

(င) **လုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီ အက်ဥပဒေအရလည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီများနှင့် နိုင်ငံပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းတို့ကို ဆိုသည်။

(စ) **ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းများကိုဆိုသည်-
- (၁) အပ်နှံငွေအမျိုးမျိုးလက်ခံခြင်းလုပ်ငန်း၊
- (၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများက ထုတ်ပေးသော သို့မဟုတ် ပေးသွင်းသော ချက်လက်မှတ်များကို ငွေထုတ်ပေးသည့်လုပ်ငန်းနှင့် ငွေကောက်ခံပေးသည့်လုပ်ငန်း၊
- (၃) ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း၊
- (၄) ပုဒ်မ ၅၂ ပါ ဗဟိုဘဏ်က သတ်မှတ်လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ။

(ဆ) **ကူးသန်းရောင်းဝယ်ရေးဘဏ်**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်ကိုဆိုသည်။

(ဇ) **ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း** ဆိုသည်မှာ သက်တမ်းတစ်နှစ်ထက်ကျော်လွန်သော စာရင်းသေအပ်နှံငွေများကိုသာ လက်ခံပြီး ၎င်းအပ်နှံငွေများ၏သက်တမ်း သို့မဟုတ် အစိုးရအဖွဲ့က ဖြည့်ဆည်းပေးသည့် ရန်ပုံငွေများ၏သက်တမ်းနှင့်ကိုက်ညီသော ချေးငွေများဖြင့် အထူးစီးပွားရေးလုပ်ငန်းကဏ္ဍများသို့ ချေးငွေဖြည့်ဆည်းပေးသည့်လုပ်ငန်းများကိုဆိုသည်။

(ဈ) **ဖွံ့ဖြိုးရေးဘဏ်** ဆိုသည်မှာ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်ကိုဆိုသည်။

(ည) **ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရန် ပုဒ်မ ၂၀ အရ မှတ်ပုံတင်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်-
- (၁) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း၊
- (၂) အငှားချသည့်လုပ်ငန်း(Leasing)၊
- (၃) ကြွေးမြီများဝယ်ယူ ကောက်ခံသည့်လုပ်ငန်း (Factoring)၊
- (၄) ချေးငွေတိုကင်လုပ်ငန်း (Credit token)၊
- (၅) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊
- (၆) ဗဟိုဘဏ်က သတ်မှတ်သည့် အခြားချေးငွေဝန်ဆောင်မှု လုပ်ငန်းတစ်ခုခု။

(ဋ) **ဦးပိုင်ကုမ္ပဏီ** ဆိုသည်မှာ ဘဏ်၏အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့်အထက်အားပိုင်ဆိုင်ပြီးဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်အများစုကို ရွေးကောက်တင်မြှောက်နိုင်ခွင့်ရှိသော သို့မဟုတ် ဘဏ်၏စီမံခန့်ခွဲမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မူဝါဒများကိုသော်လည်းကောင်း သိသာစွာလွှမ်းမိုးဆောင်ရွက်နိုင်သော ကုမ္ပဏီတစ်ခုကို ဆိုသည်။

(ဌ) **ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

(ဍ) **ဘဏ်ရုံးခွဲ**ဆိုသည်မှာ ဘဏ်၏လုပ်ငန်းဆောင်ရွက်သည့် ပင်မရုံး၊ လုပ်ငန်းဆောင်ရွက်ပေးသည့်ရုံးခွဲ၊ ငွေထုတ်ပေးသည့်ရုံး၊ ငွေတစ်ဆင့်ထုတ်ပေးသည့်ရုံး၊ ကိုယ်စားလှယ်ရုံးနှင့် သတ်မှတ်ကာလတစ်ခုအတွက်သာ လုပ်ငန်းဆောင်ရွက်ပေးသည့်ရုံးတို့ကို ဆိုသည်။

(ဎ) **အလုပ်လုပ်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေ၊ အများပြည်သူအလုပ်ပိတ်ရက်နှင့် ဘဏ်ပိတ်ရက်မှအပ ကျန်သည့် ပြက္ခဒိန်နေ့ရက် တစ်ခုခုကို ဆိုသည်။

(ဏ) **မတည်ရင်းနှီးငွေ(Capital funds)** ဆိုသည်မှာ -
- (၁) မြန်မာနိုင်ငံတွင် တည်ထောင်သည့် ဘဏ်ဖြစ်လျှင် ဗဟိုဘဏ်က သတ်မှတ်သည့် မတည်ငွေရင်းလုံလောက်မှုအချိုးလိုအပ်ချက်ကို ပြည့်မီစေရန်ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေနှင့်ဘဏ်၏ အရှုံးဖြစ်ပေါ်မှုများကို နုတ်ပယ်ပြီးနောက် အများပြည်သူသို့ကြေညာသည့် သီးသန့်ရန်ပုံငွေနှင့်ထည့်ဝင်ပြီး မတည်ငွေရင်းနှစ်ရပ်ပေါင်းကိုဆိုသည်။
- (၂) မြန်မာနိုင်ငံတွင်လိုင်စင်ရရှိသည့် နိုင်ငံခြားဘဏ်ခွဲဖြစ်လျှင် ဗဟိုဘဏ်ကသတ်မှတ်သော ကနဦးမတည်ရင်းနှီးငွေနှင့် ဗဟိုဘဏ်ကအခါအားလျော်စွာ သတ်မှတ်သည့် မတည်ငွေရင်းလုံလောက်မှုအချိုးကိုပြည့်မီစေရန် ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေကိုဆိုသည်။

(တ) **ဗဟိုဘဏ်**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ထ) **အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စီမံခန့်ခွဲမှုတွင် အဓိက တာဝန်ရှိသူကိုဆိုသည်။ ဤစကားရပ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် တိုက်ရိုက်ခန့်ထားခြင်းခံရသူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ခေတ္တဆောင်ရွက်သူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်သူဖြစ်စေအကျုံးဝင်သည်။

(ဒ) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(ဓ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

(န) **ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း လုပ်ငန်း**ဆိုသည်မှာ -
- (၁) ငွေရေးကြေးရေးအဖွဲ့အစည်းက ဆက်သွယ်ဆောင်ရွက်သူအား ထုတ်ပေးနိုင်သောရန်ပုံငွေ သို့မဟုတ် ငွေရေးကြေးရေးအာမခံများအရ ချေးငွေထုတ်ပေးခြင်း၊ ကြိုတင်ပေးငွေနှင့်အခြားသောချေးငွေအမျိုးအစားများထုတ်ချေးပေးခြင်း သို့မဟုတ်၊
- (၂) ငွေရေးကြေးရေးအဖွဲ့အစည်းက ဆက်သွယ်ဆောင်ရွက်သူများ၏ပေးရန်တာဝန်များကို ၎င်းတို့၏ကိုယ်စားကျခံပေးခြင်းကို ဆိုသည်။

(ပ) **ငွေစုငွေချေးအသင်းလုပ်ငန်း** ဆိုသည်မှာ အသင်းဝင်များစာရင်းရှိစုဆောင်းထားသည့်ငွေများကိုအသုံးပြု၍ အသင်းဝင်တစ်ဦးချင်းသို့ စားသုံးမှုအတွက်ဖြစ်စေ၊ ကုန်ထုတ်လုပ်မှုအတွက်ဖြစ်စေ၊ ကူးသန်းရောင်းဝယ်မှုအတွက်ဖြစ်စေ ချေးငွေများထုတ်ပေးခြင်းကို အဓိကထား၍ ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဖ) **ချေးငွေတိုကင်လုပ်ငန်း** ဆိုသည်မှာ အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ပေးကတ်သို့မဟုတ် တန်ဖိုးသိုမှီးထားသောကတ် (stored value card)နှင့် ဗဟိုဘဏ်မှ သတ်မှတ်ခွင့်ပြုထားသော အခြားကတ် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ချေးငွေတိုကင်ထုတ်ပေးသည့်လုပ်ငန်းကို ဆိုသည်။

(ဗ) **ချေးငွေသတင်းအချက်အလက်ဌာန** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ ကုမ္ပဏီများအတွက်ဖြစ်စေ ချေးငွေဆိုင်ရာသတင်းအချက်အလက်များကို စုဆောင်းပြီး အခကြေးငွေရယူ၍ အဆိုပါသတင်းအချက်အလက်များ ပံ့ပိုးပေးသည့်အဖွဲ့အစည်းကို ဆိုသည်။

(ဘ) **အပ်နှံငွေ** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ငွေအပ်နှံပြီး အဆိုပါငွေအပ်နှံသူက တောင်းဆိုသည့်အခါတွင်ဖြစ်စေ၊ ငွေအပ်နှံသူနှင့် ငွေလက်ခံသူတို့ သဘောတူထားသည့် အချိန်ကာလတစ်ခုတွင်ဖြစ်စေ ငွေပမာဏတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ပြန်လည်ပေးရမည့် ငွေတစ်ရပ်ကို ဆိုသည်။

(မ) **စာတမ်းအမှတ်အသား** ဆိုသည်မှာ အောက်ပါတို့ ပါဝင်သည် -
- (၁) မည်သည့်ပုံစံဖြင့်မဆို သရုပ်ဖော်ထားသည့် သို့မဟုတ် ဖော်ပြထားသည့် အရာဝတ္ထုတစ်ခုခု၊
- (၂) အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်နည်းဖြင့်ဖြစ်စေ၊ စက်မှုပိုင်းဆိုင်ရာနည်းဖြင့်ဖြစ်စေ ရုပ်သေ သို့မဟုတ် ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ထားသည့် မြင်နိုင်သောအရာတစ်ခုခု၊ အသံသွင်းထားသည့်အရာတစ်ခုခု။

(ယ) **ဝန်ထမ်း** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ထမ်းကို ဆိုသည်။ ထို့ပြင် ယင်းစကားရပ်တွင် အခြားအလုပ်ရှင်က ခေတ္တလွှဲပြောင်းပေးထားသူများ ပါဝင်သည်။

(ရ) **ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်း(Factoring)** ဆိုသည်မှာ သူတစ်ဦးဦးက ရရန်ရှိသည်များကို ငွေရေးကြေးရေးအဖွဲ့အစည်းက လျှော့နှုန်းဖြင့်ဝယ်ယူ၍ ကောက်ခံပြီးရယူသည့်လုပ်ငန်းကို ဆိုသည်။

(လ) **သင့်လျော်မှန်ကန်ခြင်းရှိမှု (Fit and proper)** ဆိုသည်မှာ ဤဥပဒေအရ အကျုံးဝင်သည့် ပုဂ္ဂိုလ်များအတွက် ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့်စံနှုန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဂ္ဂိုလ်တစ်ဦး၏ ရိုးသားမှု၊ ဖြောင့်မတ်မှု၊ လုံ့လဝီရိယရှိမှု၊ စွမ်းဆောင်ရည်ရှိမှု၊ ဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိမှုတို့ ပါဝင်သည်။

(ဝ) **ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း** ဆိုသည်မှာ အများပြည်သူထံမှ အပ်နှံငွေမယူဘဲ အခြားနည်းဖြင့်ရရှိသည့် ငွေကြေးရန်ပုံငွေဖြင့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုဝယ်ယူခြင်းအတွက် ချေးငွေထုတ်ပေးသည့်လုပ်ငန်းကို အဓိကဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(သ) **နိုင်ငံခြားဘဏ်ခွဲ**ဆိုသည်မှာ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲတစ်ခုကို ဆိုသည်။

(ဟ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဠ) **အငှားချသည့်လုပ်ငန်း(Leasing)**ဆိုသည်မှာ အငှားချထားသူက ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ငှားယူသူအား ဝယ်ယူသည့်နည်းလမ်းဖြင့်ဖြစ်စေ၊ ဝယ်ယူခြင်းမဟုတ်သည့် နည်းလမ်းဖြင့်ဖြစ်စေ ငှားရမ်းခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်ဆင့်ငှားရမ်းခြင်းလုပ်ငန်းလည်း ပါဝင်သည်။

(အ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် ဗဟိုဘဏ်က ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ကက) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုဘဏ်က ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် ထုတ်ပေးသောခွင့်ပြုချက်ကို ဆိုသည်။

(ခခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂဂ) **ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်-
- (၁) ငွေလွှဲခြင်း၊
- (၂) ငွေပေးချေမှုလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊
- (၃) ချက်လက်မှတ်များကိုငွေသားဖြင့်လဲလှယ်ပေးခြင်း၊
- (၄) ခရီးသွားချက်လက်မှတ် သို့မဟုတ် ငွေပေးအမိန့်လက်မှတ်များ ထုတ်ဝေခြင်းနှင့် ရောင်းချခြင်း။

(ဃဃ) **ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ဆက်နွှယ်သည့် အရာရှိ** ဆိုသောစကားရပ်တွင် အောက်ပါတို့ပါဝင်သည် -
- (၁) အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒုတိယအမှုဆောင်အရာရှိချုပ်၊
- (၂) ငွေရေးကြေးရေးအရာရှိချုပ်၊
- (၃) ငွေရေးကြေးရေးအဖွဲ့အစည်းတွင် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်သော အခြားဝန်ထမ်းများ။

(ငင) **ငွေပေးချေမှုစနစ်** ဆိုသည်မှာ အောက်ပါတို့မှအပ ငွေကြေး သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို စာရင်းရှင်းလင်းခြင်း သို့မဟုတ် ပေးချေခြင်း သို့မဟုတ် လွှဲပြောင်းခြင်းစနစ် သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ် ကိုဆိုသည်-
- (၁) ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်ပိုင်စီမံခန့်ခွဲမှု ကိစ္စရပ်အတွက် ဆောင်ရွက်သည့် ဌာနတွင်းငွေပေးချေမှုစနစ်၊
- (၂) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားငွေပေးချေမှုစနစ်များ သို့မဟုတ် အစီအစဉ်များ။

(စစ) **ငွေပေးချေမှုနည်းလမ်းများ** ဆိုသည်မှာ ငွေ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများရယူရာ၌ သော်လည်းကောင်း၊ ပေးချေရန်အတွက် သော်လည်းကောင်း အသုံးပြုနိုင်သည့် ထိတွေ့နိုင်သော သို့မဟုတ် မထိတွေ့နိုင်သော ငွေပေးချေမှုနည်းလမ်းတစ်ခုခုကို ဆိုသည်။

(ဆဆ) **လုပ်ငန်းတည်နေရာ** ဆိုသည်မှာ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်း၏ရုံး သို့မဟုတ် ရုံးခွဲကို ဆိုသည်။

(ဇဇ) **ဆွေမျိုးသားချင်း** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကိုမောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏မိဘ၊ ဘိုးဘွားနှင့်ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

(ဈဈ) **ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ဆက်နွှယ်သူများ** ဆိုသည်မှာ-
- (၁) ငွေရေးကြေးရေးအဖွဲ့အစည်းတွင် အကျိုးစီးပွားအများအပြားရှိသူ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ပုဂ္ဂိုလ်ထံတွင် သိသာထင်ရှားသော အကျိုးခံစားခွင့်ရှိခြင်း၊
- (၂) ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းကို ထိန်းချုပ်နိုင်သော စီးပွားရေးလုပ်ငန်းတစ်ခု၊
- (၃) ပုဒ်မခွဲငယ် (၁)နှင့်(၂)တို့ပါ လူပုဂ္ဂိုလ်တစ်ဦး၏ ဆွေမျိုးသားချင်းတစ်ဦးဦး၊
- (၄) ပုဒ်မခွဲငယ် (၁) မှ (၃)ထိ ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ခုခု၊
- (၅) ငွေရေးကြေးရေးအဖွဲ့အစည်း၌ ယခင် သို့မဟုတ် လက်ရှိကာလတွင် အကျိုးစီးပွားများစွာရှိနေခြင်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်နွှယ်ပတ်သက်နေခြင်းတို့ကြောင့် ဆက်နွှယ်နေသူဟု ဗဟိုဘဏ်က သတ်မှတ်ခြင်းခံရသူ။

(ညည) **ဇယားဝင်အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရမဟုတ်ဘဲ အခြားသီးခြားဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားရှိပြီး သီးသန့်လူအုပ်စု၊ အသိုက်အဝန်းတစ်ခုအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အောက်ပါအဖွဲ့အစည်းများကိုဆိုသည်-
- (၁) ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊
- (၂) စိုက်ပျိုးရေးဘဏ်၊
- (၃) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လိုင်စင်ထုတ်ပေးထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊
- (၄) ငွေစုငွေချေးအသင်းများ၊
- (၅) စာတိုက်ငွေစုဘဏ်။

(ဋဋ) **ငွေချေးသက်သေခံလက်မှတ်**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(ဌဌ) **အဓိကကျသည့်အကျိုးစီးပွား**ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်းငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့် အထက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကို သော်လည်းကောင်း ဆိုသည်။

(၃၃) **ဆက်နွယ်နေသည့်ကုမ္ပဏီ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ၂၀ ရာခိုင်နှုန်းထက်မနည်း ၅၀ ရာခိုင်နှုန်းထက်မပိုသော အစုရှယ်ယာများအား ထိန်းချုပ်ပိုင်ဆိုင်သည့် အခြားကုမ္ပဏီကိုဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) နိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) နိုင်ငံတော်အတွင်းရှိ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများက ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာမှ ကျင့်သုံးနေသည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန်၊

(ဃ) ဗဟိုဘဏ်က ငွေရေးကြေးရေးအဖွဲ့အစည်းများအား နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းပြုနိုင်ရန်၊

(င) ငွေအပ်နှံသူများ၏ အကျိုးစီးပွားအား အကာအကွယ်ပေးရန်နှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှု၊ လုံခြုံမှုနှင့်ခိုင်မာမှုကို ထိန်းသိမ်းရန်။

အခန်း (၃)

ဖွဲ့စည်းတည်ထောင်ခြင်း

၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီအက်ဥပဒေအရလည်းကောင်း ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ရမည်။ နိုင်ငံတော်ပိုင် ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်လျှင် ဤဥပဒေနှင့်အညီ တည်ထောင်ထားရှိသော ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း (၄)

ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍

ဗဟိုဘဏ်၏ယေဘုယျတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုင်စင်ထုတ်ပေးခြင်း၊

(ခ) မှတ်ပုံတင်ပေးခြင်း၊ အတည်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း၊

(ဂ) ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများအား ဤဥပဒေနှင့်အညီ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း၊

(ဃ) ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်၊ စည်းမျဉ်း၊ ညွှန်ကြားချက်နှင့်လမ်းညွှန်ချက်များကို လိုက်နာစေခြင်း၊

(င) ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအား သတ်မှတ်ချက်များနှင့်အညီ သတင်းအချက်အလက်များနှင့် ကာလအလိုက် အစီရင်ခံစာများကို ဗဟိုဘဏ်သို့တင်ပြစေခြင်း၊

(စ) ဘဏ်လုပ်ငန်းစနစ်နှင့်ငွေပေးချေမှုစနစ်တွင် ငွေရေးကြေးရေး ဆိုင်ရာဝန်ဆောင်မှုရယူသူအကာအကွယ်ပေးမှုကို ဖော်ဆောင်မြှင့်တင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေနှင့်အညီအပ်နှင်းသည့် အခြားလုပ်ပိုင်ခွင့်များ။

၆။ ဗဟိုဘဏ်သည် ဤဥပဒေပါ မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) မိမိ၏ဝန်ထမ်းတစ်ဦးဦးကို သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) မိမိ၏ဝန်ထမ်းမဟုတ်သူတစ်ဦးဦးကို ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ လုပ်ပိုင်ခွင့်တစ်ခုခုကို ကျင့်သုံးရန်ဖြစ်စေ၊ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်ဖြစ်စေ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်ချက်ဖြင့် ခန့်အပ်နိုင်သည်။

၇။ ဗဟိုဘဏ်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ဤဥပဒေနှင့်အကျုံးမဝင်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အခြားငွေရေးကြေးရေး ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ ဘဏ်များ သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များဖလှယ်နိုင်သည်။

(ခ) ငွေရေးကြေးရေးစနစ်လုံခြုံမှုနှင့်ခိုင်မာမှုရှိစေရန် အခြားငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့်နားလည်မှုစာချွန်လွှာနှင့် အခြားသင့်လျော်သည့်စာချုပ်များ ချုပ်ဆိုနိုင်သည်။

(ဂ) နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများနှင့် နိုင်ငံခြားဘဏ်များ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက အဓိကအကျိုးစီးပွားပိုင်ဆိုင်မှုရှိသည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းပြုရာတွင် ဗဟိုဘဏ်သည် ပြည်ပမှ သက်ဆိုင်ရာ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် လိုအပ်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖလှယ်နိုင်ရေးအတွက် အပြန်အလှန်ဆောင်ရွက်မှုအခြေခံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဃ) ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များချုပ်ဆိုနိုင်ပြီး ယင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် နားလည်မှုစာချွန်လွှာနှင့် အခြားအစီအစဉ်များအရ ရရှိသော သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရန်အချက်ပါရှိရမည်။

အခန်း(၅)

လိုင်စင်

၈။ (က) ဤဥပဒေအရ ဘဏ်လုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ပုံစံဖြင့် အောက်ပါစာတမ်းအမှတ်အသားများ ပူးတွဲ၍လျှောက်ထားရမည် -

(၁) နိုင်ငံတော်တွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ကြောင်း စာတမ်းအမှတ်အသား၊

(၂) အဆိုပြုလျှောက်ထားသူ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းမိတ္တူတစ်စောင်နှင့် ယင်း၏ဖွဲ့စည်းခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားတစ်ခုခု၊

(၃) အဓိက စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုနေရာနှင့် အဆိုပြုဘဏ်၏ရုံးခွဲများ၊

(၄) လျှောက်ထားသူ၏ စာရင်းစစ်ဆေးပြီးသော ငွေစာရင်းရှင်းတမ်းများနှင့် အရှုံးအမြတ်စာရင်းမိတ္တူများ၊

(၅) အဆိုပြုအဖွဲ့အစည်း၏ ခွင့်ပြုမတည်ငွေရင်းနှင့်ထည့်ဝင်ပြီး မတည်ငွေရင်း၊

(၆) အဆိုပြုအဖွဲ့အစည်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားသတ်မှတ်ဖော်ပြချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံဖော်ပြချက်၊

(၇) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသူပိုင်ရှင်၏ အရည်အချင်းနှင့်အတွေ့အကြုံများ၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုနှင့် ငွေရေးကြေးရေးအခြေအနေ၊

(၈) အဆိုပြုအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်တို့၏ အရည်အချင်းနှင့်အတွေ့အကြုံများ၊

(၉) လျှောက်ထားသူက မိမိနှင့်ဒါရိုက်တာများ၊ အမှုဆောင်အရာရှိချုပ်၊ လုပ်ငန်းတွဲဖက်သက်ဆိုင်သူများ၏ ငွေရေးကြေးရေး၊ ပြစ်မှုကင်းရှင်းကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုနောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၁၀) အဆိုပြုအဖွဲ့အစည်း၏ ပိုင်ရှင်များ၊ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်တို့က မိမိတို့နှင့် လုပ်ငန်းတွဲဖက်သက်ဆိုင်သူများ၏ ငွေရေးကြေးရေး၊ ပြစ်မှုကင်းရှင်းကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုနောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၁၁) ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်သည့် အခြားအချက်အလက်များ။

(ခ) ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ဥပဒေတစ်ရပ်ရပ်ဖြင့် တည်ထောင်ခဲ့သော နိုင်ငံတော်ပိုင်ဘဏ်များသည် ဤဥပဒေအရ လိုင်စင်ပြန်လည်လျှောက်ထားခြင်းကို ပုဒ်မ ၁၇၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၉။ နိုင်ငံခြားဘဏ်တစ်ခုခုသည် နိုင်ငံတော်တွင် မိမိ၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲတစ်ခုခုဖွင့်လှစ်တည်ထောင်၍ ဘဏ်လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ပုဒ်မ ၈ ပါ စာတမ်းအမှတ်အသားများအပြင် အောက်ပါစာတမ်းအမှတ်အသားများကိုပါ ပူးတွဲတင်ပြရမည်-

(က) အပြည်ပြည်ဆိုင်ရာ မြီရှင်အဆင့်သတ်မှတ်သည့် အေဂျင်စီတစ်ခုက မြီရှင်အဆင့် သတ်မှတ်သည့် အစီရင်ခံစာ(Credit rating report)၊

(ခ) မတည်ငွေရင်းအခြေအနေဖော်ပြချက်နှင့် စုစုပေါင်းရရန်ပိုင်ခွင့်နှင့် မတည်ငွေရင်းအရ မိခင်နိုင်ငံ၌လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ၌လည်းကောင်း မိမိဘဏ်၏ အဆင့်သတ်မှတ်ချက်၊

(ဂ) နိုင်ငံခြားဘဏ်က နိုင်ငံတော်ရှိ မိမိ၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် တာဝန်များအားလုံးကို ကာမိစေမည့် ငွေကြေးရန်ပုံငွေထည့်ဝင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံစာ၊

(ဃ) နိုင်ငံခြားဘဏ်၏ အဓိက လုပ်ငန်းနေရာတည်ရှိသည့် နိုင်ငံ၏ ဘဏ်လုပ်ငန်း ကြပ်မတ်ကွပ်ကဲသူက အောက်ပါအချက်များအတွက် ထောက်ခံစာ-

(၁) နိုင်ငံခြားဘဏ်သည် ထိုနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် တရားဝင်လိုင်စင်ရရှိထားကြောင်း၊

(၂) နိုင်ငံခြားဘဏ်ကို ထိုနိုင်ငံ၏ ဥပဒေအရ နိုင်ငံတော်တွင် လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖွင့်လှစ်လုပ်ကိုင်ရန် ခွင့်ပြုထားကြောင်း၊

(၃) နိုင်ငံခြားဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ထိုရာထူးအတွက် သင့်လျော်မှန်ကန်မှုမရှိသည့် အချက်အလက်များ မတွေ့ရှိရကြောင်း။

၁၀။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၈ နှင့် ၉ တို့အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း တွေ့ရှိရပါက လိုင်စင်လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း တွေ့ရှိလျှင် လျှောက်လွှာကို ငြင်းပယ်ရမည်-

(၁) ဤဥပဒေပါ လိုင်စင်ထုတ်ပေးရန် လိုအပ်ချက်များနှင့် မပြည့်စုံခြင်း၊

(၂) လိုင်စင်လျှောက်လွှာတွင်ပါရှိသည့် သတင်းအချက်အလက်ဖြစ်စေ၊ ယင်းနှင့်ဆက်စပ်၍ ပူးတွဲတင်ပြသည့် သတင်းအချက်အလက်တစ်ရပ်ရပ်တွင်ဖြစ်စေ မှားယွင်းကြောင်း၊ လွဲမှားထင်မှတ်စေကြောင်း သို့မဟုတ် မတိကျကြောင်း တွေ့ရှိခြင်း၊

(၃) လျှောက်ထားသူသည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံ၏ အခြားဥပဒေတစ်ရပ်ရပ်အရ လိုအပ်ချက်များကို လိုက်နာနိုင်ဖွယ်ရာမရှိကြောင်း ညွှန်ပြချက်ရှိသည်ဟု ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၄) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့်အကျိုးစီးပွားရှိသူတစ်ဦးဦးက လျှောက်ထားသူအပေါ် ဩဇာလွှမ်းမိုးသောကြောင့် လျှောက်ထားသူ၏စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၅) လျှောက်ထားသူသည် အဖွဲ့အစည်းအုပ်စုတစ်စုနှင့် ဆက်နွယ်နိုင်ခြေရှိပြီး ထိုအဖွဲ့အစည်းအုပ်စုသည် လျှောက်ထားသူ၏ စီမံခန့်ခွဲမှုကို ထိခိုက်လာနိုင်ကြောင်း သို့မဟုတ် ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း တာဝန်ထမ်းဆောင်ရာတွင် အဟန့်အတားဖြစ်စေကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၆) နိုင်ငံတော်၏ လက်ရှိစီးပွားရေးနှင့် ငွေရေးကြေးရေးအခြေအနေများအရ လျှောက်ထားသူ၏ လိုင်စင်လျှောက်ထားမှုကို ငြင်းပယ်သင့်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း။

၁၁။ ဗဟိုဘဏ်သည်-

(က) ပြည့်စုံသည့်လျှောက်လွှာကိုရရှိပါက သတ်မှတ်ချက်များနှင့်အညီ ထပ်မံစိစစ်ပြီး လက်ခံရရှိသည့်နေ့ရက်မှ ခြောက်လထက် နောက်မကျစေဘဲ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း သို့မဟုတ် ငြင်းပယ်မည်ဖြစ်ကြောင်း စာဖြင့်ပြန်ကြားရမည်။

(ခ) မပြည့်စုံသည့်လျှောက်လွှာကို လိုအပ်ချက်များ ထပ်မံလုပ်ဆောင်နိုင်ရန် ပြန်ပေးရမည်။ သတ်မှတ်ရက်အတွင်း လိုအပ်ချက်များ ပြည့်စုံအောင်ဆောင်ရွက်နိုင်ခြင်းမရှိသော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ကြောင်း စာဖြင့်ပြန်ကြားရမည်။

(ဂ) လျှောက်ထားချက်လက်ခံရန် ဆုံးဖြတ်ပါက လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ပြပေးရမည်။ ဗဟိုဘဏ်သည် ဘဏ်၏လုပ်ငန်း ခိုင်မာတည်တံ့စွာလုပ်ကိုင်ရေးကိုဖြစ်စေ၊ ငွေရေးကြေးရေးစနစ်ကိုဖြစ်စေ၊ ဘဏ်သို့ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နိုင်သည့် ကိစ္စရပ်တစ်ခုခုပေါ်ပေါက်လျှင် စည်းမျဉ်း၊ စည်းကမ်းတစ်ခုခုကို လိုအပ်သလို ပြောင်းလဲပြင်ဆင်နိုင်သည်။

(ဃ) ဗဟိုဘဏ်သည် လိုင်စင်ရဘဏ်များ၏စာရင်းကို နှစ်စဉ် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၂။ ဘဏ်လုပ်ငန်းဆောင်ရွက်သူသည် အောက်ပါအချက်များနှင့် ညီညွတ်ရမည်-

(က) မြန်မာနိုင်ငံတွင် ဥပဒေနှင့်အညီဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး ဗဟိုဘဏ်ကထုတ်ပေးသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(ခ) နိုင်ငံခြားဘဏ်၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖြစ်ပြီး ဗဟိုဘဏ်က ထုတ်ပေးထားသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(ဂ) ပုဒ်မ ၁၉ အရ ကင်းလွတ်ခွင့်ရရှိထားသူဖြစ်ခြင်း။

၁၃။ လိုင်စင်ရရှိထားသော ဘဏ်များသည်-

(က) ဗဟိုဘဏ်က သတ်မှတ်ထားသည့်လိုင်စင်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း လုပ်ငန်းကို စတင်လုပ်ကိုင်ရမည်။

(ဂ) ဤဥပဒေအရ ခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်းမပြုရ။

(ဃ) မိမိလိုင်စင်မိတ္တူတစ်စောင်ကို မိမိ၏ လုပ်ငန်းနေရာတွင်သော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းလုပ်ဆောင်ရာနေရာတိုင်းတွင်သော်လည်းကောင်း ထင်ရှားစွာပြသထားရမည်။

၁၄။ (က) ဗဟိုဘဏ်သည် ဘဏ်၏ကွဲပြားသော လုပ်ငန်းအတွက်ဖြစ်စေ၊ မတူညီသောအတန်းအစား၊ အမျိုးအစားများအတွက်ဖြစ်စေ ကွဲပြားသော လိုင်စင်ကြေးများကို သတ်မှတ်ထားရှိရမည်။

(ခ) လိုင်စင်ရရှိသောဘဏ်များသည် လိုင်စင်ထုတ်ပေးသည့်နေ့၏ နှစ်ပတ်လည်နေ့မတိုင်မီ တစ်လထက်နောက်မကျစေဘဲ အောက်ပါတို့ကိုပေးဆောင်ရမည် -

(၁) လိုင်စင်ရရှိသည့်အခါလိုင်စင်ကြေး၊

(၂) အဓိကလုပ်ငန်းလုပ်ဆောင်သည့်နေရာရှိ ရုံးချုပ်အပြင် နိုင်ငံတော်အတွင်းတွင် ရုံးတစ်ခုခုဖွင့်လှစ်ခြင်းအတွက် အခကြေးငွေ၊

(၃) အဓိကလုပ်ငန်း လုပ်ဆောင်ရာနေရာရှိ ရုံးချုပ်အပါအဝင် ရုံးအသီးသီးအတွက် ထုတ်ပေးသော လိုင်စင်အတွက် နှစ်စဉ်ကြေး။

၁၅။ ဗဟိုဘဏ်သည် ဘဏ်တစ်ခုခုကို အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် မိမိထုတ်ပေးထားသော လိုင်စင်ကိုရုပ်သိမ်းနိုင်သည်-

(က) ဘဏ်များအတွက် ပြုပြင်သတ်မှတ်သည့် အနည်းဆုံးမတည်ငွေရင်းကို သတ်မှတ်ကာလအတွင်း ထည့်ဝင်ရန်ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံးမတည်ငွေရင်းလိုအပ်ချက်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဖြည့်တင်းရန်ပျက်ကွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများကို ဘဏ်အနေဖြင့် ဖောက်ဖျက်ခြင်းနှင့် ဗဟိုဘဏ်၏ သတ်မှတ်ချက်များကို သတ်မှတ်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခြင်း၊

(ဃ) မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခံရခြင်း သို့မဟုတ် လူမွဲအဖြစ်ခံယူခြင်း၊

(င) အခြားအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းကိုခွဲခြမ်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ မူလတရားဝင်ရပ်တည်မှု ပျောက်ကွယ်သွားခြင်း၊

(စ) လိုင်စင်ကို ရုပ်သိမ်းခြင်းကြောင့် အမျိုးသားအကျိုးစီးပွားနှင့် ယင်းဘဏ်တွင် ငွေအပ်နှံသူများ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းမရှိဟု ဗဟိုဘဏ်က ယုံကြည်ကျေနပ်မှုရှိခြင်း၊

(ဆ) ဘဏ်က လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှားယွင်းသော သို့မဟုတ် အရေးကြီးသောအချက်တွင် လွဲမှားထင်ဟပ်စေသော သတင်းအချက်အလက်များပေးခြင်း၊

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(ဇ) ဘဏ်သည် လိုင်စင်ရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်းခွင့်ပြုထားသော ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဈ) ဘဏ်သည် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေစဉ်အတွင်း ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ခွင့်ပြုထားသော လုပ်ငန်းများကို ဆောင်ရွက်ရန် တစ်ဆက်တည်းသုံးလပျက်ကွက်ခြင်း၊

(ည) ဘဏ်သည် ခွင့်ပြုထားသော ဆောင်ရွက်ချက်များကို ငွေအပ်နှံသူများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသော နည်းလမ်းဖြင့်ဆောင်ရွက်ခြင်း၊

(ဋ) လိုင်စင်ကို ဆက်လက်ခွင့်ပြုခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း၊

(ဌ) လိုင်စင်ကို ဆက်လက်ခွင့်ပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးစနစ်တည်ငြိမ်မှုကို ထိခိုက်ခြင်း၊

(ဍ) ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ဤဥပဒေနှင့် ယင်းတို့အရထုတ်ပြန်သော စည်းမျဉ်းကိုဖောက်ဖျက်ခြင်း၊

(ဎ) ဘဏ်သည် ဗဟိုဘဏ်ကထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ဏ) ဘဏ်သည် ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်မှုမရှိခြင်း သို့မဟုတ် သင့်လျော်သော အချိန်ကာလအတွင်း ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်ဖွယ်ရာမရှိခြင်း၊

(တ) ဘဏ်သည် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ အခြားဘဏ်တစ်ခုခုနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ထ) ဘဏ်သည် ၎င်း၏ဘဏ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိ၍လိုင်စင်ရုပ်သိမ်းပေးရန် ဗဟိုဘဏ်သို့ လျှောက်ထားခြင်း။

၁၆။ ဗဟိုဘဏ်သည်-

(က) လိုင်စင်ရုပ်သိမ်းခြင်းကို ပုဒ်မ ၁၅ ပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း စဉ်းစားဆုံးဖြတ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ရသည့် အကြောင်းရင်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာဘဏ်သို့ စာဖြင့်ပြန်ကြားရမည်။

၁၇။ ဗဟိုဘဏ်သည် ပုဒ်မ ၁၅ နှင့် ၁၆ တို့အရ လိုင်စင်ကိုရုပ်သိမ်းရန် ဆုံးဖြတ်သည့်အခါ လိုင်စင်ကိုရုပ်သိမ်းကြောင်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၈။ ဘဏ်သည် မိမိ၏ သင်းဖွဲ့မှတ်တမ်း သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းကို ပြောင်းလဲပြင်ဆင်လိုပါက ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၁၉။ (က) ဤဥပဒေသည် ဇယားဝင်အဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။

(ခ) ပုဒ်မခွဲ (က)တွင် မည်သို့ပင်ဆိုစေကာမူ အောက်ပါအချက်တစ်ရပ်ရပ်အရ ဗဟိုဘဏ်၏ ထောက်ခံချက်ဖြင့် ဝန်ကြီးဌာနက ဆုံးဖြတ်လျှင် ဇယားဝင်အဖွဲ့အစည်းများသည် ဤဥပဒေတစ်ရပ်လုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်-

(၁) ငွေအပ်နှံသူများ သို့မဟုတ် အများပြည်သူ အကျိုးစီးပွားကာကွယ်ရန်အလို့ငှာ လိုအပ်ခြင်း၊

(၂) ဇယားဝင်အဖွဲ့အစည်းများ၏ စုစုပေါင်းရရန်ပိုင်ခွင့်များသည် ဤပုဒ်မအလို့ငှာ ဗဟိုဘဏ်က စည်းမျဉ်းဖြင့် သတ်မှတ်သည့် ပမာဏထက်ကျော်လွန်နေခြင်း၊

(၃) ယင်းအဖွဲ့အစည်းက ဘဏ်လုပ်ငန်းစနစ် သို့မဟုတ် ငွေရေးကြေးရေးစနစ်တစ်ရပ်လုံး၏ တည်ငြိမ်မှုနှင့်ခိုင်မာမှုကို ထိခိုက်နိုင်ဖွယ်ရှိခြင်း၊

(၄) ယင်းအဖွဲ့အစည်းက ဤဥပဒေအရ ဘဏ် သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် လိုင်စင်ရယူခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းမှ တိမ်းရှောင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်း။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ)ပါ ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်စေရန် အမိန့်တစ်ရပ်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ဝန်ကြီးဌာန သို့မဟုတ် ဗဟိုဘဏ်သည် သက်ဆိုင်ရာ ဇယားဝင်အဖွဲ့အစည်းအား အမိန့်မထုတ်မီ ကိုယ်စားပြုတင်ပြစေရန်အတွက် အခွင့်အရေးပေးရန် မလိုအပ်ပါ။

(င) ပုဒ်မခွဲ(ခ)အရ ဝန်ကြီးဌာနကထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်သည် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဤဥပဒေတွင်ပါရှိသကဲ့သို့ မှတ်ယူရမည်။

(စ) ဤပုဒ်မပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်သောစည်းမျဉ်းများကိုလည်းကောင်း၊ ဗဟိုဘဏ်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ဆ) ဇယားဝင်အဖွဲ့အစည်းတည်ထောင်ရန် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း ပြဋ္ဌာန်းချက်တစ်စုံတစ်ရာပါရှိသော်လည်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ဤပုဒ်မအရ ထုတ်ပြန်သောစည်းမျဉ်း သို့မဟုတ် အမိန့်တစ်ရပ်ရပ်သည် အပြည့်အဝအာဏာသက်ရောက်မှုရှိစေရမည်။

အခန်း(၆)

ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းနှင့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများ

၂၀။ (က) ဥပဒေနှင့်အညီ တည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လိုသူသည် ဗဟိုဘဏ်၏ မှတ်ပုံတင်လက်မှတ်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းကို လုပ်ကိုင်သူများသည် ဆက်လက်လုပ်ကိုင်လိုပါက ဗဟိုဘဏ်၏မှတ်ပုံတင်လက်မှတ်ရရှိရန် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှခြောက်လအတွင်း ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ ဗဟိုဘဏ်သည် ပုဒ်မ ၂၀ အရ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ထုတ်ပေးရမည်။

၂၂။ ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်နိုင်သည်-

(က) အုပ်ချုပ်မှုအတွက် လိုအပ်ချက်များ၊

(ခ) ပွင့်လင်းမြင်သာမှုနှင့် ထုတ်ဖော်ပြောဆိုရန် လိုအပ်ချက်များ၊

(ဂ) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူအကာအကွယ်ပေးရေး ကိစ္စများ၊

(ဃ) အစီရင်ခံစာများတင်ပြခြင်းဆိုင်ရာ လိုအပ်ချက်များ၊

(င) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာကိစ္စရပ်များ။

၂၃။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဗဟိုဘဏ်က ချမှတ်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းများအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်-

(က) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်းများ၊

(ခ) အငှားချထားသည့်လုပ်ငန်းများ၊

(ဂ) ကြွေးမြီများ ဝယ်ယူကောက်ခံသည့်လုပ်ငန်းများ၊

(ဃ) အကြွေးဝယ်ကတ်လုပ်ငန်းများ၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊

(စ) ဗဟိုဘဏ်က သတ်မှတ်သည့် အခြားချေးငွေဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) ဗဟိုဘဏ်က အခါအားလျော်စွာ ခွင့်ပြုသည့်အခြားလုပ်ငန်းများ။

၂၄။ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုသည် နိုင်ငံတော်တွင် ဤဥပဒေနှင့်အညီ ကိုယ်စားလှယ်ရုံးဖွင့်လှစ်လိုပါက မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

၂၅။ ဗဟိုဘဏ်သည်-

(က) ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆုံးဖြတ်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်း၏ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်ပြုပါက လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၆။ (က) မှတ်ပုံတင်လက်မှတ်ရရှိသော ကိုယ်စားလှယ်ရုံးသည် ဗဟိုဘဏ်က သတ်မှတ်ထားသည့်လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ခွင့်ပြုသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

(ခ) မည်သည့် နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းမျှ ယင်း၏ ကိုယ်စားလှယ်ရုံးမှတစ်ဆင့် နိုင်ငံတော်အတွင်း ဘဏ်လုပ်ငန်း သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်း တစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ။

၂၇။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းအသီးသီးသည် ဗဟိုဘဏ်က မှတ်ပုံတင်လက်မှတ် ထုတ်ပေးလျှင်-

(က) သတ်မှတ်သည့် အခကြေးငွေများကို ဗဟိုဘဏ်သို့ ပေးသွင်းရမည်။

(ခ) မည်သည့်အချိန်တွင်မဆို ယင်း၏လုပ်ငန်း သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်တောင်းခံသည့် အချိန်ကာလအလိုက် အစီရင်ခံစာများကို တင်ပြရမည်။

၂၈။ (က) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးသည် ယင်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းတစ်ခုခုတွင် ပြင်ဆင်မှု သို့မဟုတ် ပြောင်းလဲမှုတစ်ခုခုပြုလုပ်လျှင် သုံးလအတွင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က)ပါ အကြောင်းကြားချက်ကို ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ ဒါရိုက်တာတစ်ဦးက ဥပဒေနှင့်အညီကြေညာ၍အတည်ပြုရမည်။

၂၉။ (က) ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်တစ်ခုခုအတွက် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ပြန်တမ်းတွင် အမိန့်ထုတ်ပြန်၍ ဤဥပဒေ၏ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် အချို့သည် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ရုံးတစ်ခုခုနှင့်သော်လည်းကောင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုနှင့်သော်လည်းကောင်း ယေဘုယျအားဖြင့် သက်ဆိုင်စေရမည်ဟု ကြေညာနိုင်သည်-

(၁) ငွေကြေးတည်ငြိမ်မှုနှင့် ငွေရေးကြေးရေးစနစ်ခိုင်မာမှု မြှင့်တင်ရေး၊

(၂) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ချေးငွေအခြေအနေကို ထိန်းကျောင်းပြုပြင်ရေး၊

(၃) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းကဖြစ်စေ၊ ကိုယ်စားလှယ်ရုံးကဖြစ်စေ လုပ်ကိုင်သောလုပ်ငန်း သို့မဟုတ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရေး။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်အခါ အဆိုပါဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံး၊ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား၊ အမျိုးအစားနှင့်သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဘဏ်နှင့်သက်ဆိုင်သကဲ့သို့ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံးနှင့်သော်လည်းကောင်း၊ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ အတန်းအစား သို့မဟုတ် အမျိုးအစားနှင့်သော်လည်းကောင်း သက်ဆိုင်စေရမည်။

၃၀။ ဗဟိုဘဏ်သည် ပုဒ်မ ၂၉ တွင် ဖော်ပြထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်ရုံးစာရင်းအားလုံးကို နှစ်စဉ်ထုတ်ပြန်ကြေညာရမည်။

အခန်း(၇)

အပ်နှံငွေလက်ခံခြင်း၊ အပ်နှံငွေခေါ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ

၃၁။ အပ်နှံငွေလက်ခံသည့်လုပ်ငန်းကို ဗဟိုဘဏ်၏ လိုင်စင်ရရှိသူသာ လုပ်ကိုင်ခွင့်ရှိသည်။

၃၂။ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် အောက်ပါဆောင်ရွက်မှု တစ်ခုခုကို ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေရရှိစေရန် ဆွဲဆောင်မှုပြုခြင်း သို့မဟုတ် အပ်နှံငွေလက်ခံရယူခြင်း၊

(ခ) အပ်နှံငွေလက်ခံရရှိရေးအတွက် သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် ထိုသို့ချုပ်ဆိုရန်ကမ်းလှမ်းခြင်း။

၃၃။ (က) ဘဏ်တစ်ခုခုက ပြုလုပ်သောကြော်ငြာတွင် ဖော်ပြချက်တစ်ခုခုမှာ မှားယွင်းကြောင်း၊ လိမ်လည်ခြင်း သို့မဟုတ် လှည့်ဖျားခြင်းပြုကြောင်း ဗဟိုဘဏ်က ထင်မြင်ယူဆလျှင် ဗဟိုဘဏ်သည် ထိုဘဏ်သို့ အောက်ပါတို့ကိုအကြောင်းကြားစာပေးပို့ ညွှန်ကြားနိုင်သည်-

(၁) ကြော်ငြာဆက်လက်ပြုလုပ်ခြင်းကို ရပ်စဲစေခြင်း၊

(၂) ဗဟိုဘဏ်က သတ်မှတ်သည့် နည်းလမ်းအတိုင်းကြော်ငြာကို ပြင်ဆင်စေခြင်း၊

(၃) ကြော်ငြာများ သို့မဟုတ် ပြသချက်များအားလုံးကို ရုပ်သိမ်း၍ ပြန်လည်ပြင်ဆင်ကြော်ငြာစေရန် သို့မဟုတ် ပြန်လည်ရုပ်သိမ်းရန် ဖြစ်နိုင်သမျှ ဆောင်ရွက်ခြင်း။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)အရ ထုတ်ပြန်သောညွှန်ကြားချက်တစ်ခုခုကိုပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။

အခန်း (၈)

မတည်ရင်းနှီးငွေ၊ သီးသန့်ရန်ပုံငွေနှင့် အဓိကကျသည့်ပိုင်ဆိုင်မှု

၃၄။ (က) ဘဏ်များသည် ၎င်းတို့၏မတည်ငွေရင်းကို အောက်ပါအတိုင်းထားရှိရမည်-

(၁) နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသည့် ဘဏ်ဖြစ်လျှင် ယင်း၏ထည့်ဝင်ပြီး မတည်ငွေရင်းမှာ ကျပ်သန်းနှစ်သောင်း (ကျပ် ၂၀ ဘီလီယံ)အောက် မနည်းရှိခြင်း၊

(၂) နိုင်ငံခြားဘဏ်၏ဘဏ်ခွဲ သို့မဟုတ် လက်အောက်ခံအဖွဲ့အစည်းဖြစ်ပါက အမေရိကန်ဒေါ်လာ ၇၅ သန်းနှင့် ညီမျှသော ငွေပမာဏအောက်မနည်း မတည်ငွေရင်းထည့်ဝင်ပြီးဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က)ပါ မတည်ငွေရင်းကို ဗဟိုဘဏ်ကထုတ်ပြန်သည့် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း အခါအားလျော်စွာ တိုးမြှင့်နိုင်သည်။

(ဂ) ဘဏ်သည် အသားတင်မတည်ရင်းနှီးငွေကို ဆုံးရှုံးမှုများကြောင့် လျော့နည်းမှုမရှိစေဘဲ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် အချိုးအစားအတိုင်း အမြဲထိန်းသိမ်းထားရှိရမည်။

(ဃ) ဤဥပဒေပါရည်ရွယ်ချက်များအတွက် ဘဏ်၏ ကနဦးမတည်ရင်းနှီးငွေသည် ထည့်ဝင်ပြီး မတည်ငွေရင်းဖြစ်ရမည်။

(င) ဘဏ်သည် အစုရှယ်ယာ မတည်ငွေရင်းကိုလျှော့ချလိုပါက ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(စ) လက်အောက်ခံအဖွဲ့အစည်းရှိသော ဘဏ်သည် တစ်လုံးတစ်စည်းတည်းသော မတည်ရင်းနှီးငွေထားရှိမှုကို အခြေခံတွက်ချက်၍ လုံလောက်သော အနည်းဆုံးမတည်ရင်းနှီးငွေ အချိုးပြည့်မီစွာ ထားရှိရမည်။

(ဆ) ဤဥပဒေအလို့ငှာ-

(၁) အဓိကမတည်ငွေရင်း သို့မဟုတ် အလွှာ(၁) မတည်ငွေရင်း (Core capital or Tier 1 Capital) ဆိုသည်မှာ အပြည့်အဝထည့်ဝင်သည့် သာမန်အစုရှယ်ယာများနှင့် ထပ်တိုးစုဆောင်းထားခွင့်မရှိသော သက်တမ်းသတ်မှတ်ထားခြင်းမရှိသည့် ဦးစားပေးအစုရှယ်ယာများ (Perpetual non-cumulative preference shares)၊ မတည်ငွေရင်းမှ ခွင့်ပြုငွေများ(Capital grants)နှင့် ယင်းနှစ်အတွင်း ဆုံးရှုံးငွေများ၊ နာမည်ကောင်းတန်ဖိုး၊ လုပ်ငန်းမလည်ပတ်မီ ကုန်ကျစရိတ်များ၊ ကြိုတင်ထုတ်ပေးသည့် ကုန်ကျစရိတ်များ၊ ရွှေ့ဆိုင်းထားသည့်စရိတ်များ (deferred charges)၊ ငှားရမ်းခွင့်များ (Leasehold rights)နှင့် ထိတွေ့၍မရသော အခြားရရန်ပိုင်ခွင့်များကို နုတ်ပယ်ပြီး အများပြည်သူသို့ ထုတ်ဖော်ကြေညာသော သီးသန့်ငွေများကိုဆိုသည်။

(၂) ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂)မတည်ငွေရင်းဆိုသည်မှာ အနာဂတ်ဆုံးရှုံးမှုများအတွက် အထွေထွေလျာထားမှုများ၊ လက်ငင်းမဖော်ပြနိုင်သည့် ဆုံးရှုံးမှုများ၊ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများ၊ ရွေးနုတ်နိုင်သော ဦးစားပေး အစုရှယ်ယာများအတွက် လျာထားငွေနှင့် ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်နိုင်သည့် အခြားပုံစံတစ်မျိုးမျိုးဖြင့် မတည်ရင်းနှီးငွေတို့ကိုဆိုသည်။

(၃) စုစုပေါင်းမတည်ငွေရင်းဆိုသည်မှာ အဓိကမတည်ရင်းနှီးငွေ(Core Capital)နှင့် ဖြည့်စွက်မတည်ငွေရင်းနှစ်ခုပေါင်းကို ဆိုသည်။

(၄) ဆုံးရှုံးနိုင်ခြေ အလေးပေးတွက်ချက်ထားသော စုစုပေါင်းရရန်ပိုင်ခွင့်များနှင့် လက်ကျန်ရှင်းတမ်း၌ မပါဝင်သည့် ရရန်ရှိကြွေးမြီများဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်ထားသည့်နည်းလမ်းဖြင့် ဆုံးရှုံးနိုင်ခြေကိုက်ညီတွက်ချက်ထားသော မတူညီသော ရရန်ပိုင်ခွင့်အမျိုးအစားများနှင့် လက်ကျန်ရှင်းတမ်းတွင် မပါဝင်သည့် ရရန်ရှိကြွေးမြီများကို ဆိုသည်။

ဆက်လက်ဖော်ပြပါမည်

သတင်းတိုများ

ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဒသမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ဇန်နဝါရီလ တတိယပတ်က ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ကိုကြီးစော**

ဇီးကုန်းမြို့နယ်၌ စက်မှုလယ်မြေ စနစ်ကျဖော်ထုတ်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ရွှေကြို့ပင်ကျေးရွာအုပ်စု ရွှေကြို့ပင်ရွာမတွင် ကွင်းအမှတ်(၃၈၉/၃၉၁) လယ် ၁၃၉ ဒသမ ၂၉ ဧကကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမှတ်(၂၇) စက်မှုလယ်ယာစခန်း မင်းလှမြို့မှ စက်မှုလယ်ယာမြေ စနစ်ကျဖော်ထုတ်ရေးကို ဇန်နဝါရီလတတိယပတ်မှစ၍ ထွန်စက်ကြီးများဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **သိန်းတိုး(ဇီးကုန်း)**

ညောင်ရွှေမြို့ အမှတ်(၁) အထကတွင် စာပေဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးပွဲတော်ကို ဇန်နဝါရီ ၂၆ ရက်က ညောင်ရွှေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ပတ္တမြားခန်းမ၌ ကျင်းပခဲ့သည်။ ထို့နောက် စာရေးဆရာမ ဆွေကြည်အေး၊ စာရေးဆရာစိုးညွန့်(တောင်ကြီး)နှင့် စာရေးဆရာမခင်(တောင်ကြီး)တို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။ **(ဝ၅၄)**

အမ်းမြို့နယ် ကျေးရွာဆိုလာမီးလင်းရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

အမ်းမြို့နယ်ရှိ ကျေးရွာများ၌ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ စတုတ္ထပတ်မှစ၍ အမ်းမြို့နယ်၌ မီးလောင်ချောင်း၊ ကျောက်မြောင်း၊ လင်ပန်းကျ၊ ဆင်ခုံတိုင်၊ မင်းရုံး၊ ညောင်ချောင်း၊ အိုးပုံကျေးရွာများတွင် ဆိုလာ ၈၃၇ ခုကို ကျေးရွာ ခုနစ်ရွာရှိ အိမ်ခြေ ၈၃၇ လုံးနှင့် လူဦးရေ ၄၅၀၀ အတွက် အကျိုးခံစားနေကြရပြီဖြစ်ကြောင်း သိရသည်။ **သန်းမောင်(အမ်း)**

ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဥပဒေရုံး၌ ဇန်နဝါရီလ တတိယပတ်က ကျင်းပသည့် ခရိုင်မြို့နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ ဥပဒေအရာရှိများ လုပ်ငန်းအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲသို့ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျနှင့်အဖွဲ့ တက်ရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် သရက်ခရိုင် ဥပဒေအရာရှိများက ဥပဒေရေးရာ တရားခွင်အမှုစစ်ဆေးနည်းစာတမ်းများကို ဖတ်ကြားရာ တက်ရောက်လာသည့် ဥပဒေအရာရှိများက မေးခွန်းများ မေးမြန်းဆွေးနွေးကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

လျှင်ဘေးဒဏ်ကြောင့် ထိခိုက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ UN-Habitat နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လျှင်ကော်မတီ ဘူမိဗေဒအသင်းတို့မှ လျှင်ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစည်းမျဉ်းများအကြောင်းကိုလည်းကောင်း၊ တောင်ငူမြို့၏ လျှင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်အကြောင်းကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ **မောင်ရွှေဝင်း(ပြည်)**

သန့်လေးသန့်ကျန်းမာရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့၌ ဇန်နဝါရီ ၂၈ ရက်က UNHCR (Baj)အဖွဲ့မှ ဦးနေဇာဦးစီးသော အဖွဲ့ဝင်များသည် ကျိုက်ဒုံမြို့ လယ်တောကြီးကျေးရွာနှင့် မိထဝမ်းကျေးရွာတွင် သန့်လေးသန့် ကျန်းမာရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ကျေးရွာမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်

ကရင်ပြည်နယ် ဘားအံမြို့၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းများဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ဘားအံအစိုးရနည်းပညာအထက်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းတွင် လျှပ်စစ်ပြုပြင်ထိန်းသိမ်းနည်း၊ ဂဟေဆက်ပညာ၊ အခြေခံစက်ချုပ်၊ အခြေခံကွန်ပျူတာသင်တန်းတို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

သက်ကြီးရွယ်အိုများအား သန်လျင်၌ တစ်နေ့တာပြုစုစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၂၉

သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စီစဉ်မှုဖြင့် သက်ကြီးရွယ်အို အဘွားများအား တစ်နေ့တာ ပြုစုစောင့်ရှောက်ခြင်းကို ဇန်နဝါရီ ၂၇ ရက်က မြို့ဟောင်းအရှေ့ရပ်ကွက်ရှိ မိခင်နှင့်ကလေးသားဖွားခန်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သက်ကြီးရွယ်အိုများကို နံနက်စာ၊ နေ့လယ်စာ၊ ညနေစာကျွေးမွေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ သန်လျင်မြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် တိုင်းရင်းဆေးကုသရေးဦးစီးဌာနတို့က ပူးပေါင်းပါဝင်ကာ ဗဟုသုတဖြစ်စေမည့် သုတ၊ ရသစာပေများဖတ်ကြားပေးခြင်း၊ တိုင်းရင်းဆေးဝါးများ ကုသပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သန်းဝင်း(သန်လျင်)

ကျောင်းဆောင်သစ် နှစ်ဆောင်နှင့် ဆေးပေးခန်း လွှဲပြောင်းပေးအပ်

ပူတာအို ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု မဒမ်ရှန်ဂေါင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ဂျပန်အစိုးရနှင့် ကျေးရွာနေပြည်သူများ၏ လှူဒါန်းမှုဖြင့် RCC တစ်ထပ် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr.Kei Maeda၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အလားတူ ပူတာအိုမြို့နယ် လုံရှာယာန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဂျပန်အစိုးရနှင့် ဒေသခံပြည်သူများ၏ လှူဒါန်းမှုဖြင့် RCC နှစ်ထပ်အဆောက်အအုံ၊ ဆေးပေးခန်း တစ်ထပ် အဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်တစ်ထပ် အဆောက်အအုံသစ်များကို လွှဲပြောင်းဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာဝန်သိသော ရှစ်နှစ်အရွယ်ကလေးတစ်ဦးကြောင့် ပိုင်ရှင်ထံ ပတ်စ်ပို့နှင့် ဗီဇာကတ်များ ပြန်အပ်နှံနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းရွာ ဈေးဆိပ်ရပ်ကွက်နေ မောင်ချမ်းမြေ့မင်းနိုင်(ရှစ်နှစ်)သည် ဇန်နဝါရီ ၂၄ ရက်က မင်းကွန်းရေဆိပ်အနီးတွင် အနက်ရောင် သားရေအိတ်တစ်လုံး ပိုင်ရှင်မဲ့တွေ့ရှိ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စိတ် (မင်းကွန်း)သို့ လာရောက်အပ်နှံခဲ့သဖြင့် သက်သေများရှေ့ စစ်ဆေးခဲ့ရာ အိတ်အတွင်းမှ အမေရိကန်နိုင်ငံသူ Mrs. Mary Elisabeth အမည်ပါ ပတ်စ်ပို့နှင့် ဗီဇာကတ်တို့ကို တွေ့ရှိရသည်။

တပ်ဖွဲ့စိတ်(မင်းကွန်း)မှ တပ်ဖွဲ့ဝင်များက အမေရိကန်နိုင်ငံသူ Mrs. Mary Elisabeth အား လိုက်လံစုံစမ်းရာ မန္တလေးဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသဖြင့် တပ်ဖွဲ့စု(မန္တလေး)သို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။ ထို့နောက် တပ်ဖွဲ့စု(မန္တလေး)မှတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ အောင်မြေသာစံမြို့နယ် မရမ်းခြံဆိပ်ကမ်းရှိ မြနန္ဒာစားသောက်ဆိုင်၌ အဆိုပါ အမေရိကန်နိုင်ငံသူအားတွေ့ရှိသဖြင့် တပ်ဖွဲ့စု(မင်းကွန်း)သို့ ပြန်လည်ဆက်သွယ်အကြောင်းကြားခဲ့ပြီး တပ်ဖွဲ့စိတ်(မင်းကွန်း)မှ တပ်ဖွဲ့ဝင်များက ယင်းပစ္စည်းများအား မန္တလေးသို့ယူဆောင်လာကာ စိစစ်၍ အမေရိကန်နိုင်ငံသူ Mrs. Mary Elisabeth ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုရဲ**

ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကွန်ကရစ်လျှောက်လမ်းခင်းခြင်းဆောင်ရွက်

လှိုင်ကော် ဇန်နဝါရီ ၂၉

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့တွင်းသို့ ဖြတ်သန်းစီးဆင်းနေသော နမ့်ပွန်ချောင်းအား ရေစီး

ရေလာ ကောင်းမွန်စေရေးအတွက် ဘေလီတံတား အထက်အောက် လက်ယာဘက်ခြမ်း ၂၅၂၅ ပေအား ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကမ်းပါးတစ်လျှောက် ၂၅၂၅ ပေတွင် ၁၀ ပေအကျယ် ကွန်ကရစ်လျှောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပ်ငွေ ၅၅၈ ဒသမ ၆၃ သန်းဖြင့် ဇန်နဝါရီ ၁၄ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါလုပ်ငန်းကို Hydraw-lic Excavator နှစ်စီး၊ Track Dozer class II တစ်စီး၊ Tipper ငါးစီး၊ လုပ်သားအင်အား ၁၂၀ တို့ဖြင့် မတ် ၁၅ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုစိုင်း(လှိုင်ကော်)

သရုပ်ဆောင်ချင်း တူစေကာမူ

သိပ္ပံစာရေးဆရာကိုကိုအောင်

၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ဟောလိဝုဒ်မှ ရိုက်ကူးထုတ်လုပ်ခဲ့သော Kiss The Girls and Make Them Die ဟု အမည်ပေးထားသည့် လှုပ်ရှားမှုအသားပေး လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာတစ်လွှား ရုံတင်ပြသခဲ့ပြီးနောက် ရုပ်ရှင်ပရိသတ်တို့အကြား အလွန်ရေပန်းစားခဲ့သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်မင်းသားနှင့် မင်းသမီးတို့က ရန်သူ့နယ်မြေအတွင်းမှ မော်တော်ကားတစ်စီးဖြင့် ထွက်ပြေးလာကြသောအခန်းသည် ဇာတ်လမ်း၏ အထွတ်အထိပ်ဖြစ်သလို. . . စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးပြကွက်များလည်း ဖြစ်သည်။ ထိုဇာတ်ဝင်ခန်းတွင် သရုပ်ဆောင်မင်းသား၊ သရုပ်ဆောင်မင်းသမီးနှင့် ယာဉ်မောင်းသူတို့သုံးဦး မောင်းနှင်ထွက်ပြေးလာသော မော်တော်ကားသည် နောက်က လူဆိုးအဖွဲ့ လိုက်ပါစီးနင်းလာကြသည့် မော်တော်ကားများ၏ လိုက်လံပစ်ခတ်ဖမ်းဆီးမှုမှ လွတ်မြောက်နိုင်ရန် တောင်ဆင်းလမ်းတစ်လျှောက် အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာခဲ့ကြသည်။

ထိုစဉ်အတွင်း နောက်မှလိုက်လာကြသော လူဆိုးအဖွဲ့ခေါင်းဆောင်က တောင်ခြေမြို့လေးရှိ ကျန်လူဆိုးအဖွဲ့ဝင်များထံ အဝေးစကားပြောစက်ဖြင့် လှမ်း၍ အကြောင်းကြားလိုက်ရာ တောင်ခြေရှိလူဆိုးအဖွဲ့များကလည်း မော်တော်ကားများဖြင့် တောင်တက်လမ်းအတိုင်း တစ်ရှိန်ထိုးမောင်းတက်လာကြတော့သည်။ ထိုသို့ တောင်ပေါ်နှင့် တောင်အောက်တို့မှ နှစ်ဖက်ညှပ်၍ လူဆိုးအဖွဲ့များ မောင်းနှင်လာနေကြသည်ကို သရုပ်ဆောင်မင်းသား၊ မင်းသမီးတို့၏ ကားအတွင်း၌ တပ်ဆင်ထားသော စက်ကိရိယာအကူအညီဖြင့် မင်းသားနှင့် မင်းသမီးတို့က ကြိုတင်သိရှိနေကြသည်။

သို့ရာတွင် တောင်တက်တောင်ဆင်း မော်တော်ကားလမ်းသည် တစ်လမ်းတည်းသာရှိပြီး လမ်းခွဲများ လုံးဝမရှိသလို. . . ဘေးပတ်ပတ်လည်ရှိ တောင်စောင်းချောက်ကမ်းပါးများပေါ်၌လည်း သစ်ပင်သစ်တောများ ထူထပ်စွာပေါက်ရောက်လျက်ရှိနေကြသဖြင့် ရှောင်တိမ်းလွတ်မြောက်နိုင်မည့်နည်းလမ်းကို စဉ်းစား၍မရဘဲ အကြံအိုက်လျက် ထိတ်လန့်တုန်လှုပ်နေကြသည်။

ထိုအချိန်တွင် ကားမောင်းသူက တောင်ဆင်းလမ်းကွေ့ မြက်ခင်းထူထူပေါ်သို့ ကားလမ်းနှင့်ယှဉ်လျက် မျဉ်းပြိုင်ပြု၍ ရုတ်တရက်ထိုးရပ်လိုက်သည်။ ထို့နောက် စတီယာရင်ဘေးရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သည့်အခါ မော်တော်ကား၏ဝမ်းဗိုက်အောက်မှ ထောက်လေးချောင်းထွက်လာပြီး မော်တော်ကားတစ်စီးလုံးကို လေပေခန့်မြင့်အောင် ပင့်တင်ပေးလိုက်ရာ မော်တော်ကားသည် လေးပေမြင့်သောစင်ပေါ်၌ တင်ထားသကဲ့သို့ ဖြစ်သွားသည်။

ဤတွင် ယာဉ်မောင်းသူက စတီယာရင်ဘေးရှိ ဒုတိယခလုတ်ကို ထပ်မံ၍နှိပ်လိုက်ရာ ကား၏ရှေ့ဘီးနှင့် နောက်ဘီးအကြား ဝမ်းဗိုက်အောက်မှ ဖိုင်ဘာအချပ်ကြီး ထွက်လာပြီး ထိုဖိုင်ဘာအချပ်သည် ကား၏လက်ဝဲဖက်အခြမ်းနှင့်ယှဉ်လျက် ၉၀ ဒီဂရီ ထောင်မတ်သွားသည်။ ထိုမှတစ်ဆင့် ပင်မဖိုင်ဘာအချပ်ကြီးမှ ဝဲယာနှစ်ဖက်သို့ ဖိုင်ဘာအချပ်နှစ်ခု ထပ်မံထွက်လာပြီး မော်တော်ကားတစ်စီးလုံးကို လုံးဝမမြင်ရအောင် ကာရံပေးထားလိုက်တော့သည်။

ထိုဖိုင်ဘာအချပ်သုံးချပ်စလုံး၏အပေါ်တွင် လူသုံးကုန် ပစ္စည်းကြော်ငြာကို ကြိုတင်ကပ်ထားပြီးဖြစ်သည့်အတွက် လမ်းပေါ်ဖြတ်သန်းမောင်းနှင်သွားမည့် ကားများပေါ်မှ လူများက တောင်ဆင်းလမ်းဘေး၌ လူသုံးကုန်ပစ္စည်းကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခု ထောင်ထားသည့်အနေဖြင့်သာ မြင်တွေ့နိုင်ကြပြီး ကြော်ငြာဘုတ်၏ နောက်ကွယ်၌ သရုပ်ဆောင်မင်းသား၊ မင်းသမီးနှင့် ယာဉ်မောင်းသူတို့သုံးဦးထိုင်နေသော ဆလွန်းကားကို မြင်တွေ့နိုင်ခြင်းမရှိတော့ပေ။

ထိုအချိန်တွင် တောင်ပေါ်မှဆင်းလာသော လူဆိုးအဖွဲ့၏ ကားများက ထိုဆိုင်းဘုတ်ကြီးကို ကျော်လွန်သွားပြီး တစ်ဟုန်ထိုး ဆက်လက်မောင်းနှင်သွားခဲ့ရာ လမ်းခုလတ်တွင် တောင်အောက်မှ တက်လာသော လူဆိုးအဖွဲ့ကားများနှင့် ဆုံမိကြပြီးနောက် လူဆိုးအဖွဲ့အားလုံးသည် တောင်ပေါ်လမ်းကို ပြန်တက်မလာကြတော့ဘဲ တောင်အောက်သို့ ဆက်လက်မောင်းနှင်သွားကြတော့သည်။

ဤသို့အားဖြင့် သရုပ်ဆောင်မင်းသား၊ မင်းသမီးနှင့် ယာဉ်မောင်းသူတို့ အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြပုံကို တီတွင်ဆန်းသစ်မှုများဖြင့် အချိတ်အဆက်မိမိ၊ လှလှပပရိုက်ကူးတင်ဆက်သွားခဲ့သည်။ ထိုဇာတ်ဝင်ခန်းသည် အဆိုပါဇာတ်ကားကို နာမည်ကျော်ကြားရေပန်းစားစေခဲ့သော အနုပညာဖန်တီးချက်တစ်ရပ်ပင်ဖြစ်သည်။ ထိုသို့သော ရုပ်ရှင်အနုပညာဆိုင်ရာဖန်တီးချက်များအတွက် စက်မှုနှင့်အီလက်ထရွန်နစ်နည်းပညာရှင်များက နောက်ကွယ်မှနေ၍ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြရသည်။

Back to the Future ရုပ်ရှင်တွင် အဓိကကျသော အတိတ်နှင့်အနာဂတ်ဆီသို့သွားလာနိုင်သည့် Delorean DMC -12 Off - Road ကား။

ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားအများစုထဲတွင် မော်တော်ကားမောင်းနှင်သော ဇာတ်ဝင်ခန်းများသည် အကြောင်းတစ်နည်းနည်းဖြင့် ပါဝင်ကြစမြဲဖြစ်သည်။ ဆလွန်းကား၊ ပစ်ကပ်ကား၊ ဗင်ကား၊ ဝက်ဂွန်ကား၊ ဘတ်စ်ကား၊ ထရပ်ကားစသည့် ပုံစံကွဲပြားခြားနားသော မော်တော်ကားများသည် ရုပ်ရှင်ဇာတ်ဝင်ခန်းများထဲတွင် မပါလျှင်မပြီးသော အထောက်အကူပြုယာဉ်များဖြစ်ကြသည်။

ထိုမျှမက ခရီးလမ်းကြမ်းများ၌ မောင်းနှင်နိုင်သည့် Off - Road ကားများနှင့် ပြိုင်ကားများသည်လည်း အချို့သော ဇာတ်လမ်းဇာတ်ကွက်များ၏ အဓိကကျသည့်နေရာ၌ ပါဝင်အသုံးတော်ခံခဲ့ကြသည်။ ထူးထူးဆန်းဆန်းအနေဖြင့်လည်း ကုန်းရေနှစ်ထွေသွားမော်တော်ကားများနှင့် လေထဲ၌ပျံဝဲနိုင်သည့် ကားပျံများကို ရုပ်ရှင်ဇာတ်လမ်းများထဲတွင် ထည့်သွင်းရိုက်ကူးခဲ့သည်များလည်း ရှိခဲ့ဖူးသည်။

ရုပ်ရှင်ဇာတ်ကားဟူသည်မှာ ဝတ္ထုရေးသားသူ၊ ဇာတ်ညွှန်းပြုစုသူ၊ စီစဉ်ညွှန်ကြားသူ၊ သရုပ်ဆောင်များ၊ ရိုက်ကူးရေးလုပ်သားနှင့် စက်ကိရိယာတို့ ဟန်ချက်ညီညီ ပူးပေါင်းစီစဉ်ဖန်တီးရသည့် အနုပညာထုတ်လုပ်မှုတစ်ခု ဖြစ်သည်။

ရုပ်ရှင်ဇာတ်လမ်း၏ သဘောသဘာဝအရ ပါဝင်သရုပ်ဆောင်သူတို့ တစ်နေရာမှတစ်နေရာသို့ သွားလာသည့်ဇာတ်ဝင်ခန်းများတွင် ပုံစံမတူသော မော်တော်ကားအမျိုးမျိုးတို့က သူ့အခန်းနှင့်သူ အံဝင် ခွင်ကျပါဝင်အသုံးတော်ခံကြရလေ့ရှိသည်။

သို့ရာတွင် အချို့သောရုပ်ရှင်ဇာတ်ကားများကမူ အထက်ဖော်ပြပါ Kiss The Girls and Make Them Die ဇာတ်ကားမှာကဲ့သို့ မော်တော်ကားတစ်စီး၏ စွမ်းရည်ကို အပြည့်အဝအသုံးချပြီး စွန့်စားခန်းများကို အသားပေးရိုက်ကူး တင်ဆက်လေ့ရှိကြရာ ထိုသို့သော ဇာတ်လမ်းဇာတ်အိမ်မျိုးအတွက် ရုပ်ရှင်ထုတ်လုပ်သူတို့၏ လိုအပ်ချက်နှင့်အညီ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများက သီးသန့်ကားပုံစံများကို ထုတ်လုပ်ပေးကြရသည်။

သာဓကအားဖြင့် Taxi ရုပ်ရှင်ဇာတ်လမ်းထဲတွင် ကားစွန့်စားခန်း ဇာတ်လမ်းဇာတ်ကွက်များ၌ ပါဝင်အစွမ်းပြအသုံးတော်ခံနိုင်ရန် ပြင်သစ်နိုင်ငံအခြေစိုက် PEUGEOT ကားကုမ္ပဏီက ဆလွန်းကားတစ်စီးကို သီးသန့်တီထွင် ထုတ်လုပ်ပေးခဲ့သည်။ ၂၀၀၁ ခုနှစ်ထုတ် PEUGEOT အမှတ်တံဆိပ် အဖြူရောင်ဆလွန်းကား၏ ညာဘက်ရှေ့တံခါးအောက်ခံပေါင်နှင့်ပူးတွဲလျက် လေယာဉ်တောင်ပံငယ်ပုံစံအပြားတစ်ခုကို ကားထုတ်လုပ်သူတို့က ဖန်တီးတပ်ဆင်ပေးခဲ့သည်။ ထိုတောင်ပံပြားပေါ်တွင် လူတစ်ဦး ကောင်းစွာမတ်တတ်ရပ်နိုင်သည်အထိ ခိုင်ခံ့တောင့်တင်းအောင် တပ်ဆင်ထုတ်လုပ်ပေးခဲ့သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားမှာ အောင်မြင်ကျော်ကြားသော ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ခဲ့သလို. . . ထိုဇာတ်ကား၏ စွန့်စားခန်းများထဲ၌ ပါဝင်အသုံးတော်ခံခဲ့သော ဆလွန်းကားကလေးကိုလည်း ပြင်သစ်နိုင်ငံရှိ ကမ္ဘာကျော် PEUGEOT Museum ထဲတွင် ယနေ့ထိတိုင် ပြသထားလျက်ရှိသည်။

အလားတူပင် ၁၉၆၄ ခုနှစ်က ရိုက်ကူးခဲ့ပြီး မင်းသားကြီး ရှောင်ကွန်နရီက ဂျိမ်းစ်ဘွန်း 007 အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော ကမ္ဘာကျော် Goldfinger ဇာတ်ကားထဲ၌ ဂျိမ်းစ်ဘွန်း၏ စီးတော်ယာဉ်နေရာတွင် Aston Martin DB5 ပြိုင်ကားကို ထည့်သွင်းအသုံးတော်ခံခဲ့သည်။

Aston Martin ကားကုမ္ပဏီသည် အဆိုပါရုပ်ရှင်ဇာတ်ကားအတွက် DB5 ပြိုင်ကားနှစ်စီးတည်းကိုသာ သီးသန့်ထုတ်လုပ်ပေးခဲ့ပြီး ထိုနှစ်စီးအနက် Goldfinger ရုပ်ရှင်ဇာတ်ကား၌ အသုံးတော်ခံခဲ့သောတစ်စီးကို ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦး၏ ကိုယ်ပိုင်ပြတိုက်ထဲ၌ ယနေ့ထိတိုင် ထိန်းသိမ်းပြသထားဆဲဖြစ်သည်။

ကြေးစားမော်တော်ကားခိုးသူများ၏ဘဝကို ထင်ဟပ်ရိုက်ကူးထားသော Gone in 60 Seconds ဇာတ်ကားထဲ၌လည်း အဓိကဇာတ်ဝင်ခန်းများ၌ Shelby Mustang GT 500 ပြိုင်ကားကို ထည့်သွင်းအသုံးတော်ခံခဲ့သည်။ ထိုဇာတ်ကား၏ အဓိကသရုပ်ဆောင်မှာ နီကိုးလပ်စ်ကေ့ချ်ဖြစ်ပြီး ဇာတ်ဆောင်မင်းသားနှင့်အတူ ပါဝင်အသုံးတော်ခံခဲ့သည့် GT 500 ပြိုင်ကားကို မြင်းကောင်ရေ ၄၀၀ စွမ်းအားရှိသည့် အင်ဂျင်တပ်ဆင်ပေးခဲ့သည်။

ရုပ်ရှင်ဇာတ်ကားများထဲတွင် ခေတ်လွန်သိပ္ပံဇာတ်လမ်းများလည်း အများအပြားရှိခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ရိုက်ကူးတင်ဆက်ခဲ့သော Back to the Future ဇာတ်လမ်းထဲတွင် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများဆီသို့ လိုသလိုခရီးနှင်နိုင်သော ခေတ်မီသိပ္ပံပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် ခရီးလမ်းကြမ်းသွား မော်တော်ကားအဖြစ် Delorean DMC -12 Off - Road ကားက ပါဝင်အသုံးတော်ခံခဲ့သည်။ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီသည် အဆိုပါရုပ်ရှင်ဇာတ်ကားအတွက် DMC - 12 မော်တော်ကား ခုနစ်စီးတည်းကိုသာ သီးသန့်တီထွင်ထုတ်လုပ်ပေးခဲ့သည်။

၁၉၇၁ ခုနှစ်က ရိုက်ကူးထုတ်လုပ်ခဲ့သော Le Mans ရုပ်ရှင်ဇာတ်ကားထဲ၌လည်း Porsche 911S ပြိုင်ကားကို ပါဝင်အသုံးတော်ခံစေခဲ့သည်။ ထိုရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအတော်များများတွင် ပါဝင်အစွမ်းပြခဲ့သော Porsche 911S ပြိုင်ကားကိုမူ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီက သီးသန့်ထုတ်လုပ်ပေးခဲ့ခြင်းမဟုတ်ဘဲ အများပြည်သူကိုရောင်းချသည့် မော်တော်ကားပုံစံကိုသာလျှင် ရုပ်ရှင်ဇာတ်လမ်းထဲ၌ ထည့်သွင်းရိုက်ကူးခဲ့ခြင်းဖြစ်သည်။

Le Mans ရုပ်ရှင်ဇာတ်ကားထဲ၌ ပါဝင်အသုံးတော်ခံခဲ့သော Porsche အမှတ်တံဆိပ်မော်တော်ကားကို ထိုဇာတ်ကား၏ အဓိကသရုပ်ဆောင် စတိဗ်မက်ကွင်းက ဆယ်စုနှစ်ပေါင်းများစွာ ဝယ်ယူထိန်းသိမ်းထားခဲ့ပြီးနောက် လွန်ခဲ့သောလေးနှစ်ခန့်က လေလံပွဲတစ်ခုတွင် လေလံတင်ရောင်းချခဲ့သည်။

ယနေ့ခေတ်ပေါ် မော်တော်ကားများကဲ့သို့ပင် ရှေးအလွန်ကျသည့် မော်တော်ကားအချို့ကလည်း ရုပ်ရှင်ဇာတ်ကားများထဲ၌ ပါဝင်အသုံးတော်ခံခဲ့ဖူးကြသည်။ ကမ္ဘာ့နာမည်ကျော်ရုပ်ရှင်မင်းသား အဲလ်ဗစ်ပရက်စလေ ပါဝင်သရုပ်ဆောင်ပြီး ၁၉၆၆ ခုနှစ်က ရိုက်ကူးထုတ်လုပ်ခဲ့သည့် Spinout ရုပ်ရှင်ဇာတ်ကားထဲတွင် ပရက်စလေ၏ စီးတော်ယာဉ်အဖြစ် ၁၉၂၉ ခုနှစ်က ထုတ်လုပ်ခဲ့သော Duesenberg အမိုးပွင့်မော်တော်ကားကလေးကို ဇာတ်ကားထဲ၌ ထည့်သွင်းရိုက်ကူးခဲ့သည်။

ထိုဇာတ်ကား ရိုက်ကူးချိန်တွင် Duesenberg အမိုးပွင့်ကားကလေး၏ သက်တမ်းမှာ ၃၇ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် ယာဉ်ကိုယ်ထည်မှစ၍ အင်ဂျင်နှင့်တကွ စက်အစိတ်အပိုင်းများအားလုံးသည် ကြံ့ခိုင်မှု အပြည့်အဝရှိနေဆဲပင်ဖြစ်သည်။ ရုပ်ရှင်ထဲတွင် ကမ္ဘာ့နာမည်ကျော်မင်းသားနှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သော Duesenberg အမိုးပွင့်မော်တော်ကားလေးကို လွန်ခဲ့သောသုံးနှစ်ကျော်က လေလံတင်ရောင်းချခဲ့ရာ ယူရိုငွေတစ်သန်းကျော်အထိပင် ဈေးရရှိခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် မင်းသားမင်းသမီးတို့မှာ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ကျော်ကြားမှုအရှိန်အဝါ လျော့ကျသွားပြီး အနုပညာကြေးဝင်ငွေများလည်း သိသိသာသာလျော့နည်းလာကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

သို့ရာတွင် သရုပ်ဆောင် မင်းသားမင်းသမီးတို့နှင့် အတူ ပူးတွဲပါဝင်သရုပ်ဆောင်ခဲ့ကြသော မော်တော်ကားကလေးများကမူ နှစ်ပရိစ္ဆေဒကြာညောင်းလာသည်နှင့်အမျှ ဂုဏ်အရှိန်အဝါ ပိုမိုကြီးမားလာသလို . . . တန်ဖိုးများကလည်း အဆမတန်မြင့်တက်လာကြတော့သည်။

ဤသည်မှာကား ရုပ်ရှင်သရုပ်ဆောင်ချင်း တူစေကာမူ. . . သက်ရှိဖြစ်သော မင်းသား မင်းသမီးတို့နှင့် သက်မဲ့ဖြစ်သော မော်တော်ကားတို့၏ ခြားနားချက်ပင် ဖြစ်ပေတော့သည်။ ။

ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားအများစုထဲတွင် မော်တော်ကားမောင်းနှင်သော ဇာတ်ဝင်ခန်းများသည် အကြောင်းတစ်နည်းနည်းဖြင့် ပါဝင်ကြစမြဲဖြစ်သည်။ ဆလွန်းကား၊ ပစ်ကပ်ကား၊ ဗင်ကား၊ ဝက်ဂွန်ကား၊ ဘတ်စ်ကား၊ ထရပ်ကား စသည့်ပုံစံကွဲပြားခြားနားသော မော်တော်ကားများသည် ရုပ်ရှင်ဇာတ်ဝင်ခန်းများထဲတွင် မပါလျှင်မပြီးသော အထောက်အကူပြုယာဉ်များဖြစ်ကြသည်။ ထိုမျှမက ခရီးလမ်းကြမ်းများ၌ မောင်းနှင်နိုင်သည့် Off - Road ကားများနှင့် ပြိုင်ကားများသည်လည်း အချို့သော ဇာတ်လမ်းဇာတ်ကွက်များ၏ အဓိကကျသည့်နေရာ၌ ပါဝင်အသုံးတော်ခံခဲ့ကြ. . .

ကျောက်ခွက်-အရာတော် ဓာတ်ငွေ့ပိုက်လိုင်းကြောင့် သီးနှံပျက်စီးသောတောင်သူများအား လျော်ကြေးငွေပေးအပ်

ပခုက္ကူ ဇန်နဝါရီ ၂၉

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်သော ကျောက်ခွက်-အရာတော် ဓာတ်ငွေ့ပိုက်လိုင်း အစားထိုးဆက်သွယ်ခြင်းလုပ်ငန်းကြောင့် သီးနှံများပျက်စီးခဲ့သော တောင်သူများအား သီးနှံလျော်ကြေးငွေ ပေးအပ်ပွဲကို ပခုက္ကူမြို့နယ် ကမ္မမြို့ အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

သီးနှံလျော်ကြေးငွေ ပေးအပ်ပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်လင်းနိုင်က သီးနှံလျော်ကြေး ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကြီးကြပ်ရေးအင်ဂျင်နီယာ ဦးအောင်ဇော်ထွန်းက ကမ္မ၊ ပေါက်တောနှင့် ကူကျေးရွာများမှ သီးနှံများပျက်စီးခဲ့သော တောင်သူ ၁၈ ဦးအား သီးနှံလျော်ကြေးငွေ ကျပ် ၁၁၃ သိန်းကျော်ကို ပေးအပ်ခဲ့သည်။

ကျောက်ခွက်-အရာတော် ၁၀ လက်မဓာတ်ငွေ့ပိုက်လိုင်း အစားထိုးဆက်သွယ်ခြင်းလုပ်ငန်းအတွက် လမ်းအူကြောင်းဖောက်လုပ်ရာတွင် ပျက်စီးခဲ့သော ပဲတီစိမ်း၊ မြေပဲ၊ သနပ်ခါး၊ ဝါ၊ ပဲစင်းငုံစသည့် သီးနှံပင်များ၏ အပင်အရေအတွက် နှင့် ပျက်စီးဧကအပေါ် မူတည်၍ ဒေသပေါက်ဈေးထက် သုံးဆနှုန်းဖြင့် ပေးလျော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၁၇)**

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အားကစားပြိုင်ပွဲများကျင်းပ

ညောင်ဦး ဇန်နဝါရီ ၂၉

ညောင်ဦးမြို့၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ဘောလီဘော၊ ပိုက်ကျော်ခြင်း၊ ဘီလိယက် (စနူကာ)နှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးအနီး အားကစားကွင်း၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများကိုဖွင့်လှစ်သည်။ ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် ဖွားစော(န)ကျေးရွာနှင့် ဖျောက်ဆိပ်ပင်ကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဖျောက်ဆိပ်ပင်ဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆုရ အားကစားအသင်းနှင့် အားကစားသမားများကို ဒိုင်းဆုများ၊ တစ်ဦးချင်း ရွှေ၊ ငွေ၊ ကြေး ဆွဲပြားတံဆိပ်များ၊ ငွေသားဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ပြီး မြို့နယ်ကိုယ်စားပြု အားကစားသမားများကိုလည်း ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့တွင် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်ကလည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဖလား ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ကျင်းပခဲ့ကာ ယခုနှစ်တွင် အားကစားဝန်ကြီးဌာနမှကြီးမှူး၍ အားကစားနည်း ငါးမျိုးပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို နောင်နှစ်များတွင်လည်း စဉ်ဆက်မပြတ် ကျင်းပပေးပါက ခရိုင်နှင့် မြို့နယ်ကိုယ်စားပြုသော အားကစားသမားကောင်းများ ပို၍ပေါ်ထွက်လာနိုင်ကြောင်း အားကစားဝါသနာရှင်တစ်ဦးက ပြောသည်။

ရဲသူရအောင်(ညောင်ဦး)

ကျေးရွာရေရရှိရေးလုပ်ငန်းများ ပြီးစီးသဖြင့် ရေစတင်ဖြန့်ဝေ

အင်းတော် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု ငါးပြည့်အင်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ခဲ့သော သဘာဝစိမ့်စမ်းရေပိုက်လိုင်းများသွယ်တန်းခြင်း၊ ရေလှောင်ကန်တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဇန်နဝါရီ ၂၇ ရက်မှစ၍ သောက်သုံးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ရွာမှာ သဘာဝစိမ့်စမ်းရေရရှိနိုင်ဖို့ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်ကတည်းက စတင်လုပ်ဆောင်ခဲ့ပါတယ်။ ကျေးရွာအတွင်း သောက်သုံးရေအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေကြရတာမို့ အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ အစပျိုးပြီး ဒေသခံတွေ စုပေါင်းလုပ်ဆောင်ခဲ့လို့ အခုလိုရရှိခဲ့တာပါ”ဟု ငါးပြည့်အင်းကျေးရွာ ရာအိမ်မှူး ဦးမင်းအောင်က ပြောသည်။

စိမ့်စမ်းရေသွယ်ယူရာတွင် ငါးပြည့်အင်းကျေးရွာ၏ အနောက်တောင်ဘုရားစေတီအနီးမှ ကျေးရွာအတွင်းသို့ လေးလက်မပိုက်လိုင်း အရှည်ပေ ၃၀၀၀၊ ကျေးရွာအတွင်း ရပ်ကွက်များသို့ လေးလက်မပိုက်လိုင်း အရှည်ပေ ၆၀၀၀ ကျော်ကို သွယ်တန်းခဲ့ပြီး ရေသိုလှောင်ရန်အတွက် အလျား ၁၀ ပေပတ်လည် အမြင့် ၈ ပေရှိ ရေလှောင်ကန်တစ်လုံးနှင့် အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၆ ပေရှိ ပင်မရေလှောင်ကန်တစ်လုံးတို့ကို တည်ဆောက်ခဲ့ကြောင်း သိရသည်။

အလျားပေ ၄၀၊ အနံ ၂၅ ပေ၊ အမြင့် ၈ ပေရှိ ပင်မရေသိုလှောင်ကန်ကြီး တစ်လုံးကိုလည်း ဆက်လက်တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ ပင်မရေသိုလှောင်ကန်ကြီး တည်ဆောက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၁၂၆ စုမှ လူဦးရေ ၆၀၀ ခန့်အတွက် ရေလုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

သတင်းတိုများ

ပြည်ထောင်စုနေ့ကိုကြိုဆိုသောအားဖြင့် ပန်းခြံအတွင်း ရေတွင်းဖွင့်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ရှိ မာလာပန်းဥယျာဉ်အတွင်းမှ ရေပန်းဖွင့်ပွဲကို ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘိုဌေးတို့က ဖွင့်လှစ်ခဲ့သည်။ ပန်းခြံအတွင်း၌ ရေစက်ရုံတစ်ရုံ၊ ရေစင်၊ စက်ရေတွင်း၊ မီးအလှများ၊ ရေပန်းနှင့် မြေယာအလှပြုပြင်ခြင်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ် ၆၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူခင်မောင်ဌေး

ပဲတီစိမ်းစိုက်တောင်သူများနှင့်မြစ်ရေတင်စီမံကိန်းတာဝန်ရှိသူများ ဆွေးနွေး

ညောင်ဦးမြို့နယ်ရှိ သူကောင်းတည်မြစ်ရေတင်စီမံကိန်းမှ ပေးဝေသောရေဖြင့် ပဲတီစိမ်းစိုက်ပျိုးကြမည့် တောင်သူများနှင့် စီမံကိန်းတောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို မြစ်ရေတင် အမှတ်(၅) အဆောင်၌ ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့ပြီး တောင်သူများက ပဲတီစိမ်းစိုက်ပျိုးရန် ရေလိုအပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ စီမံကိန်းတာဝန်ရှိသူများက ရေဖြန့်ဝေပေးမည့် အစီအစဉ်၊ ဖြန့်ဝေပေးသောရေကို စနစ်တကျသုံးစွဲရန်နှင့် မိမိတို့မြစ်ရေတင်ဘက်မှ အခက်အခဲများကိုလည်း တောင်သူများအနေဖြင့် နားလည်ပေးရန် စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကျော်ဌေး(ညောင်ဦး)**

ကျေးရွာလမ်းဖောက်လုပ်ပြီးသဖြင့် ဒေသခံပြည်သူများ အဆင်ပြေ

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကမ်းပြည့်ကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မင်းကင်း- ချောင်းဝ- ရှားတောလမ်းဆုံမှ ကမ်းပြည့်ကျေးရွာအထိ လမ်းအရှည် ၄ ဖာလုံ၊ အကျယ် ၁၈ ပေရှိ မြေသားလမ်းကို ဖောက်လုပ်ပြီးစီးသဖြင့် ကမ်းပြည့်ကျေးရွာမှ အိမ်ထောင်စု ၇၀ ကျော် အပါအဝင် ကျေးရွာအုပ်စု လေးခုမှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာပြီဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောသည်။ အဆိုပါ ကျေးလက်မြေသားလမ်းကို ကမ်းပြည့်ကျေးရွာမှ အလှူရှင် ဦးကျော်လွင်မိသားစုက ငွေကျပ်သိန်း ၄၀ အကုန်အကျခံ၍ ဖောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

ပုလဲသွယ်နွေစပါး အရှိန်အဟုန်မြှင့်စိုက်ပျိုးရေး တောင်သူပညာပေး

တပ်ကုန်း ဇန်နဝါရီ ၂၉

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာအုပ်စုအတွင်း၌ ပုလဲသွယ်နွေစပါး အရှိန်အဟုန်မြှင့်စိုက်ပျိုးရေးအတွက် တောင်သူပညာပေးတွေ့ဆုံဆွေးနွေးပွဲကို ကံကြီးကျေးရွာ၌ ဇန်နဝါရီလ တတိယပတ်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲ၌ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်ဦးကြိုင်က အယ်နီညိုရိုက်ခတ်မှု (EL- Nino Effect) ဒဏ်ကြောင့် ရာသီဥတုပိုမိုပူပြင်းပြီး စိုက်ပျိုးရေ အခက်အခဲရှိလာမည်ဖြစ်သဖြင့် သက်တမ်းရှည်စပါးမျိုးများ စိုက်ပျိုးပါက ရေလုံလောက်မှုမရှိသဖြင့် စပါးအထွက်နှုန်းကျဆင်းနိုင်ကြောင်း၊ ရေသုံးစွဲမှုသက်သာသည့် သက်လျင်အထွက်ကောင်းစပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရန်၊ အထူးသဖြင့် သက်တမ်းတိုအထွက်ကောင်းကာ ဈေးကွက်ကောင်းရရှိနေပြီဖြစ်၍ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က နွေစပါးကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနည်းများအကြောင်းရှင်းလင်းကာ ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်းသိရသည်။

သက်ထက်

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဆားလင်းကြီး မြို့နယ် အတွင်းရှိ သက်ကြီးရွယ်အို ဘိုးဘွားများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းမိသားစုက ဘိုးဘွားများအား ဆေးဝါးများလှူဒါန်းစဉ်။

ဦးငယ်(ဆားလင်းကြီး)

ရဲတပ်ဖွဲ့ အာကီဒို သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရန်သူအား အနီးကပ်တိုက်ခိုက်ခြင်းနှင့် ခုခံကာကွယ်မှုပညာရပ်(Aikido)သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂)၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ သင်ကြားပို့ချပေးသော Dynamic Aikido Club (Yangon)မှ အုပ်ချုပ်သူ ဦးအောင်ကိုကိုအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသားများအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ရဲအရာရှိနှင့် တပ်ဖွဲ့ဝင် ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာရေကူးပြိုင်ပွဲများ အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ကြိုးပမ်းမည်

သတင်း – မင်းခေတ်
ဓာတ်ပုံ – မိုးမခ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ၏ လမ်းညွှန်မှုဖြင့် မြန်မာ့ရေကူးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာရေကူးပြိုင်ပွဲများကို အိမ်ရှင်အဖြစ်ကျင်းပနိုင်ရေးစသည့် ရေကူးအားကစား နိုင်ငံတကာအဆင့်မီရေးလုပ်ငန်းများကို တစ်နှစ်တာအတွင်း လုပ်ငန်းစဉ်ပြက္ခဒိန်ရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ သိရသည်။

ရေကူးအဖွဲ့ချုပ်သစ်ဖွဲ့စည်းရေးအစည်းအဝေးတွင် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံအားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သစ်ကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အိုလံပစ်ဟိုတယ်အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ အဆိုပါအစည်းအဝေးသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက မြန်မာနိုင်ငံရေကူးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် နှစ်အလိုက်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန်လည်းကောင်း၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများတွင် ရေကူးအားကစားနည်း တာဝန်ခံများထားရှိသွားရန်လည်းကောင်း၊ ရေကူးအားကစားအဖွဲ့ချုပ်အနေဖြင့် ပြက္ခဒိန်အလိုက် ရေကူးပြိုင်ပွဲများ၊ နွေရာသီအခြေခံသင်တန်းများနှင့် အဆင့်မြင့်သင်တန်းများအပြင် နိုင်ငံတကာရေကူးပြိုင်ပွဲများကိုလည်း လက်ခံကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သစ်အနေဖြင့် နှစ်အလိုက်ကျင်းပမည့် ပြိုင်ပွဲများလျာထားချက်မှာ ဇန်နဝါရီလတွင် အာ/ကာသိပွဲများ ရေကူးပြိုင်ပွဲ၊ မတ်လတွင် နွေရာသီ အခြေခံသင်တန်းများ၊ ဧပြီလတွင် နွေရာသီအဆင့်မြင့်သင်တန်းများ၊ မေလတွင် သက်တမ်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲများ၊ ဇွန်လတွင် အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲများ၊ ဩဂုတ်လတွင် ဥက္ကဋ္ဌဖလား ရေကူးပြိုင်ပွဲများ၊ နိုဝင်ဘာလတွင် အမျိုးသားအားကစားပွဲတော် ရေကူးပြိုင်ပွဲများနှင့် ဒီဇင်ဘာလတွင် တံခွန်စိုက် ရေကူးပြိုင်ပွဲများဖြစ်သည်။ ထို့အပြင် ပြည်တွင်းပြိုင်ပွဲများ ယခုထက်ပိုမိုကျင်းပနိုင်ရန်နှင့် နိုင်ငံ့လူငယ်လက်ရွေးစင်နှင့် ပဏာမလက်ရွေးစင်များရွေးချယ်ကာ နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေခြင်းနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက အဖွဲ့ချုပ်သစ်အနေဖြင့် ယခင်အတိုင်း ရေကူးအားကစားနည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းပြိုင်ပွဲများကျင်းပမည့်အပြင် နိုင်ငံတကာပြိုင်ပွဲများသို့ အားကစားသမားများကို စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းဒိုင်များကိုလည်း အတွေ့အကြုံကောင်းများရရှိစေရန် ပြည်ပနည်းပြသင်တန်းများသို့ ပို့လွှတ်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ပြန်လည်အောင်မြင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

ကလေးခိုးမှုသတင်းများ ကောလာဟလဖြစ်ကြောင်း ရှင်းလင်း

ရေစကြို ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ပေါ်ပေါက်နေသော ကလေးခိုးမှုသတင်းများမှာ ကောလာဟလသတင်းများသာဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၈ ရက်က ရှင်းလင်းပွဲပြုလုပ်၍ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်တစ်ပတ်ခန့်က ရေစကြိုမြို့နယ် ဆန်းသစ်ကျေးရွာအနီးတွင် ကလေးခိုးမှုဖြစ်ကာ ကလေးသူခိုးကို ကျောက်တံခါးရွာအနီးတွင် ဖမ်းမိကြောင်း သတင်းများပေါ်ထွက်ခဲ့ပြီး အဆိုပါသတင်းကြောင့် မြို့နေပြည်သူများ စိုးရိမ်ပူပန်မှုများဖြစ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကောလာဟလသတင်းများသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရှင်းလင်းပွဲတွင် ရေစကြိုမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစည်သူအောင်က ရေစကြိုမြို့နယ်အတွင်း ကလေးခိုးမှုသတင်းများကို စတင်ကြားရချိန်မှစ၍ ပခန်းကြီး၊ ပခန်းငယ်၊ မအူရဲစခန်းများနှင့် မြေတော်၊ ရွှေလှန်၊ ကြက်ဆူကျင်းရဲကင်းများနှင့်ချိတ်ဆက်၍ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယနေ့အထိ အဆိုပါရဲစခန်းနှင့် ရဲကင်းများတွင် ကလေးခိုးမှုတိုင်ကြားခြင်း၊ ကလေးပျောက်တိုင်ကြားခြင်း အမှန်တကယ်မရှိကြောင်း၊ ကလေးခိုးမှုသတင်းများမှာ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး တိကျခိုင်မာမှုမရှိသည့် ကောလာဟလသတင်းမှားများသာဖြစ်ကြောင်း ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီဒီယာများအား ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ ကလေးခိုးမှုသတင်းများကို မြို့နယ်အတွင်း ကြားသိပါကလည်း သတင်းမှန်သိရှိနိုင်ရန်အတွက် စုံစမ်းနိုင်ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း ၀၆၂-၃၀၂၄၂ နှင့် မြို့မရဲစခန်း ဖုန်း-၀၆၂-၃၀၃၀၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းပြီး သတင်းအမှန်အမှားကို ချက်ချင်းခွဲခြားသိရှိနိုင်မည်ဖြစ်ကြောင်း ရေစကြိုမြို့မရဲစခန်းမှူးက ဆက်လက်ပြောကြားခဲ့သည်။

ဖေထွေးဇော် (ရေစကြို)

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စက်ကလေးအပိုင်း အထက (၆)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား မိုးပွင့်အထူးစီမံချက် အပိုင်း (၂)အရ နိုင်ငံသားစိစစ်ရေးကတ်များကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဇန်နဝါရီ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်ကဦးစီး၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၃၀၈ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေတိုင်သား (TWL)

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၌ ဂျပန်နည်းပြများ လာရောက်ပို့ချ

မန္တလေး ဇန်နဝါရီ ၂၉

မြန်မာ့ဘောလုံးအဆင့်အတန်းတိုးတက်ရေးနှင့် မျိုးဆက်သစ်ကစားသမားများ ပေါ်ပေါက်လာရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားသော မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)ကျောင်းမှ သင်တန်းသားများအား ဂျပန်နိုင်ငံ အိုဆာကာဘောလုံးအကယ်ဒမီသင်တန်းကျောင်းမှ နည်းပြဆရာများက ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ လာရောက်လေ့ကျင့်ပို့ချပေးခဲ့ကြောင်း သိရသည်။

"ဂျပန်နိုင်ငံ အိုဆာကာဘောလုံးအကယ်ဒမီမှ ဘောလုံးနည်းပြဆရာအဖွဲ့က စနစ်တကျလေ့ကျင့်သင်ပြလို့ လူငယ်ဘောလုံးကစားသမားတွေ စိတ်ဝင်တစားရှိပြီး ကြိုးစားသင်ယူခဲ့ပါတယ်။ နိုင်ငံတကာနည်းပြတွေရဲ့ အတွေ့အကြုံသင်ကြားပို့ချမှုတွေကိုရရှိလို့ လူငယ်ဘောလုံးအားကစားသမားတွေရဲ့ စွမ်းရည် ပိုတိုးတက်လာနိုင်ပါတယ်"ဟု မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောသည်။

ဂျပန်နည်းပြများ သင်ကြားပို့ချပေးမှုကို ဘောလုံးနည်းပြဆရာအသင်း (မန္တလေး)မှ ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းကြီးနှင့် အဖွဲ့ဝင်များ၊ ဘောလုံးနည်းပြများ လာရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် နည်းပြဆရာများက လေ့ကျင့်မှုအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

ခရမ်းချဉ်သီး ဈေးနှုန်းထိုးကျလာ၍ တောင်သူများအခက်ကြုံ

မုံရွာ ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း စိုက်ပျိုးခဲ့သော ဆောင်းသီးနှံများတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် ထိုင်ဝမ်ခရမ်းချဉ်သီးဈေးများ တစ်ဟုန်ထိုးကျဆင်းနေသဖြင့် ကျေးရွာများမှ ခရမ်းချဉ်စိုက်တောင်သူများအနေဖြင့် အခက်ကြုံနေကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော မုံရွာမြို့နယ်အတွင်း ဒေသများ၌ မြစ်ရေဝင်ရောက်ချိန် ကြာမြင့်ခဲ့သည့်အတွက် စိုက်ပျိုးချိန် နောက်ကျခြင်းကြောင့် စိုက်ပျိုးချိန်တိုသော ထိုင်ဝမ်ခရမ်းချဉ်သီးကို စိုက်ပျိုးကြသည့် တောင်သူအရေအတွက် များပြားခဲ့ကြောင်း၊ မြစ်ရေကြီးပြီးနောက် နုန်းမြေများ တင်ကျန်ခဲ့ကာ မြေဩဇာကောင်းလာသဖြင့် ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ပြီး အထွက်နှုန်းကောင်းသော်လည်း ဈေးနှုန်းမှာ မကြုံစဖူးထိုးကျသဖြင့် တောင်သူများ အခက်တွေ့နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မုံရွာမြို့မှ ခရမ်းချဉ်သီးဒိုင်များသို့ တောင်သူများသွင်းရသော ခရမ်းချဉ်သီးဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၀ နှုန်းသာရှိနေကြောင်း၊ ဈေးနှုန်းကျဆင်းသဖြင့် စိုက်ပျိုးစရိတ်ပြန်ရရန်ပင် ခက်ခဲနေကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

မင်းမင်း(ပြန်/ဆက်)

ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

လွိုင်ကော် ဇန်နဝါရီ ၂၉

ကယားပြည်နယ် လွိုင်ကော်မြို့ ချိကယ်ကျေးရွာအုပ်စု ဒေါမူကလားကျေးရွာ၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများပြီးစီးသဖြင့် ဓာတ်အား ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးအတွက် (၁၁)ကေဗွီဓာတ်အားလိုင်း ၁ သမ ၈ မိုင် သွယ်တန်းခြင်းနှင့် ၁၁/၀.၄ကေဗွီ ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် သွယ်တန်းခြင်းတို့ကို ပြည်နယ်အစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် မီးလင်းရေးလုပ်ငန်းများ ပြီးစီးကာ ကျေးရွာရှိ အိမ်ခြေ ၈၀ တွင် လျှပ်စစ်မီးစတင်အသုံးပြုနေပြီဖြစ်၍ ဒေသခံပြည်သူများ၏ ပညာရေး၊ စီးပွားရေးနှင့် လူနေမှုများ တိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

ကိုစိုင်း (လွိုင်ကော်)

ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးပြုလုပ်

မြိတ် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)အနေဖြင့် မြိတ်ဒေသအတွင်း ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ဇန်နဝါရီ ၂၇ ရက်က မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ အစည်းအဝေးပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် နယ်စပ်ကုန်သွယ်ရေးစခန်း (မြိတ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေကြိုင်က ကုန်သွယ်မှုလုပ်ငန်းအခြေအနေများကို ဆွေးနွေးပြောကြားကာ သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ကုန်သွယ်မှုအခြေအနေများကိုလည်းကောင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များနှင့် ရေလုပ်ငန်းရှင်များက ကုန်သွယ်မှုကဏ္ဍနှင့်ပတ်သက်၍ လည်းကောင်း၊ မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းက ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

နယ်စပ်ကုန်သွယ်ရေးစခန်း (မြိတ်)အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တတိယသုံးလပတ် (အောက်တိုဘာမှ ဒီဇင်ဘာအထိ)တွင် ကုန်သွယ်မှုပမာဏ ၅၂ ဒသမ ၉၃၉ လျာထားခဲ့ရာ ၃၇ ဒသမ ၅၁၅ ရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၇၀ ဒသမ ၈၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တရားစီရင်ထုံးဟောင်းများကို ဝက်ဘ်ဆိုက်ပေါ်တွင် ရှာဖွေကြည့်ရှုနိုင်ရန်ဆောင်ရွက်နေ

မြန်မာနိုင်ငံ၏ အခြေခံဥပဒေများ၊ ဥပဒေများ၊ စီရင်ထုံးများအပါအဝင် ဥပဒေဆိုင်ရာများကို ကြည့်ရှုနိုင်သည့် ဝက်ဘ်ဆိုက်ဖြစ်သော Laws in Myanmar ဝက်ဘ်ဆိုက်တွင် တရားစီရင်ထုံးဟောင်းများကိုပါ ရှာဖွေကြည့်ရှုနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် ၁၉၄၈ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း တရားစီရင်ထုံးများကို ရှာဖွေကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဝက်ဘ်ဆိုက်လိပ်စာမှာ http://lawsinmyanmar.com ဖြစ်ပြီး အဆိုပါဝက်ဘ်ဆိုက်ကို ဥပဒေပညာရှင်များဖြစ်သော ဦးမောင်မောင်ညွန့်နှင့် ဦးထွန်းမျိုးဌေးတို့နှင့် ဝက်ဘ်ဆိုက် ဒီဇိုင်နာနှင့် Devloper၊ အယ်ဒီတာများအဖြစ် ဦးမြတ်အင်းနှင့် ဦးတင်ဝင်းလှိုင်တို့ လေးဦးပူးပေါင်း၍ ပြုလုပ်ထားခြင်းဖြစ်သည်။ ဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံ၏ အခြေခံဥပဒေများ၊ စီရင်ထုံးများ၊ ဥပဒေလက်စွဲများ၊ ညွှန်ကြားချက်နှင့် အမိန့်ကြော်ငြာစာများ၊ နိုင်ငံတော်ပြန်တမ်းများ၊ ဥပဒေစာအုပ်အညွှန်းနှင့် ဆောင်းပါးများ စသည်ဖြင့် အတတ်နိုင်ဆုံး ပြည့်စုံစွာ ဖော်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

"ဥပဒေစိုးမိုးရေးကို အထောက်အကူပြုဖို့ လုပ်ကြရာမှာ ပြောနေရုံ၊ ဝေဖန်ပြစ်တင်နေရုံနဲ့ ဘာမှ ဖြစ်မလာနိုင်ပါဘူး။ ဥပဒေပညာရှင်တွေ၊ ဥပဒေပြုသူတွေ၊ ဥပဒေကို စောင့်ထိန်းလိုက်နာကြမယ့်သူတွေ အနေနဲ့ ဥပဒေကို လွယ်ကူရိုးရှင်းစွာ လေ့လာနိုင်မှသာ ဥပဒေဆိုင်ရာ ပညာရေးရေချိန် မြင့်တက်လာပြီး ဥပဒေစိုးမိုးရေး ဖော်ဆောင်ရာမှာ လွယ်ကူလာမယ်လို့ ယူဆမိကြလို့ ရည်ရွယ်ချက်တူ၊ ဝါသနာတူကြသူတွေစုပြီး ဝဘ်ဆိုက်တစ်ခု ပေါ်ပေါက်လာအောင်လုပ်ကြတာပါ။ နောက်တစ်ချက်က နိုင်ငံတကာမှာ နိုင်ငံအသီးသီးက ဥပဒေဝက်ဘ်ဆိုက်တွေက ကောင်းမွန်ပြည့်စုံကြပြီး မြန်မာနိုင်ငံအနေနဲ့လည်း ရိုးရှင်းလွယ်ကူပြီး အချက်အလက်ခိုင်မာတဲ့ ဥပဒေဝက်ဘ်ဆိုက်တွေ ရှိနေစေချင်လို့ပါ"ဟု ဝက်ဘ်ဆိုက်ဖန်တီးသူတစ်ဦးဖြစ်သည့် ဦးတင်ဝင်းလှိုင်က ပြောသည်။

ဝက်ဘ်ဆိုက်ကို လွှင့်တင်နိုင်ရန် ၂၀၁၅ ခုနှစ် မေလဆန်းတွင် စတင်စီစဉ်ခဲ့ပြီး ဇူလိုင်လဆန်းတွင် စတင်၍ အွန်လိုင်းဖြစ်ခဲ့သော်လည်း သိသူဦးရေမှာ နည်းနေသေးသည်ကို တွေ့ရသည်။ ဝက်ဘ်ဆိုက် စတင်ပြီးချိန်မှစ၍ ဝက်ဘ်ဆိုက်တွင် ပါဝင်သည့် အကြောင်းအရာများကို ဖြည့်စွက်လျက်ရှိကြောင်း၊ ခုနှစ်အလိုက် တရားစီရင်ထုံးများကိုလည်း အချိန်ရတိုင်း တင်ပေးနေပြီး ဇန်နဝါရီ ၂၈ ရက်အထိ ၁၉၄၈ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း တရားစီရင်ထုံးများကို တင်ထားပြီးဖြစ်ကြောင်း၊ နောက်ထပ်လည်း အချိန်ရသလို တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီရင်ထုံးများကို Google Search တွင်လည်း ရှာဖွေနိုင်ပြီဖြစ်ကြောင်း သိရသည်။ "စီရင်ထုံးရဲ့ ခေါင်းစာကို ရိုက်ထည့်ရပါတယ်။ Citation လို့ ဥပဒေပညာလေ့လာသူတွေ သိကြပါတယ်။ ဥပမာ U SAW Vs UNION OF BURMA ကို ဖတ်ချင်ရင် အဲဒီ Citation ဖြစ်တဲ့ U SAW Vs UNION OF BURMA lawsinmyanmar လို့ ဝက်ဘ်ဆိုက်ရဲ့ နာမည်ကို နောက်ကထပ်ရေးထည့်လိုက်ရင် စီရင်ထုံးရှိရာကို သွားလို့ရတဲ့လင့်ခ် Link က ပေါ်လာမှာပါ။ Print ထုတ်ရလွယ်အောင်လည်း လုပ်ထားပါတယ်"ဟု ဦးတင်ဝင်းလှိုင်က ပြောသည်။ ခေါင်းစာအနေဖြင့်သာမက (ခုနှစ်၊ စာမျက်နှာ၊ တရားရုံး) ပုံစံ၊ ဥပမာ ၁၉၅၆-၁(H.C) စသည့်ပုံစံဖြင့်လည်း ရှာဖွေနိုင်ကြောင်း သိရသည်။

ဝက်ဘ်ဆိုက်ကို အသုံးပြုရာတွင် အင်္ဂလိပ်စာနှင့်



မြန်မာစာဖြင့် အသုံးပြုနိုင်သော်လည်း တင်ထားသည့် အချက်အလက်များမှာမူ စာဖိုင်များမဟုတ်ဘဲ ဓာတ်ပုံအနေဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ဝက်ဘ်ဆိုက်ပြုလုပ်သူများမှ ရေးသားသော ဆောင်းပါးများနှင့် ဥပဒေစာအုပ်အညွှန်းများမှလွဲ၍ အခြားဥပဒေဆိုင်ရာ အချက်အလက်များကို စာပြန်ရိုက်၍မတင်ဘဲ မူရင်းစာအုပ်များကို ဓာတ်ပုံအဖြစ် ပြန်ပြောင်းပြီး တင်ထားသည်ကို တွေ့ရသည်။

ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ကဏ္ဍများအတွက် နည်းပညာဆိုင်ရာ အခက်အခဲမရှိသော်လည်း ကျွမ်းကျင်ပညာရှင်နှင့် ရန်ပုံငွေ အခက်အခဲရှိသဖြင့် နှစ် ၁၀၀ ကျော်စာ ပမာဏရှိနေပြီဖြစ်သော မြန်မာနိုင်ငံ၏ တရားစီရင်ထုံးများ၊ ပြန်တမ်းများ၊ ဥပဒေများ အားလုံးကို ဝက်ဘ်ဆိုက်ပေါ်ရောက်အောင် ဆောင်ရွက်ရန်မှာ အချိန်ကြာဦးမည်ဖြစ်ကြောင်း သိရသည်။

"ရည်ရွယ်ထားတဲ့ ဆက်စပ်စာမျက်နှာတွေ အားလုံးပြီးစီးဖို့ကတော့ အချိန်များစွာ လိုအပ်နိုင်ပါတယ်။ အခက်အခဲက ခိုင်မာတဲ့ရန်ပုံငွေမရှိတော့ လိုအပ်တဲ့ ကျွမ်းကျင်ပညာရှင်တွေ မငှားနိုင်ပါဘူး။ ကျွမ်းကျင်ပညာရှင် အယောက် ၂၀ လောက်က လုပ်ရမယ့်အလုပ်တွေကို အခုရှိတဲ့ လေးယောက်တည်းနဲ့ အပင်ပန်းခံပြီး လုပ်ကြရပါတယ်။ အဲဒီမှာ Data Analyst ဖြစ်တဲ့ ဦးထွန်းမျိုးဌေးက လက်ရှိ မြို့နယ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေတာပါ။ ဒီဝက်ဘ်ဆိုက်ကို စတင်ဖို့ ပြင်ဆင်နေချိန်တွေမှာ စနေ၊ တနင်္ဂနွေရုံး ပိတ်ရက်တွေ သူ့ဆီသွားပြီး အတူပူးပေါင်းအလုပ်လုပ်ခဲ့ရတာပါ။ အဲဒီတုန်းက သူက ဖြူးမြို့နယ်မှာပါ။ ခုတော့ ရာထူးတိုးပြီး ချင်းပြည်နယ်မှာရောက်နေတော့ သူ့ဆီကို ဥပဒေကိစ္စတွေ မေးဖို့က အခက်အခဲ ဖြစ်လာပါတယ်"ဟု ဝက်ဘ်ဆိုက်ဖန်တီးခဲ့ရာတွင် ကြုံတွေ့ရသော အခက်အခဲကို ဦးတင်ဝင်းလှိုင်က ရှင်းပြသည်။

လက်ရှိအချိန်တွင် ရိုးရှင်းလွယ်ကူရေးကို ဦးတည်ထားသဖြင့် ဒီဇိုင်းပိုင်းတွင် လိုအပ်ချက်များရှိနေသည်ကိုလည်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သည့် နည်းပညာများသုံးကာ Android ကို အပြည့်အဝထောက်ပံ့ပေးနိုင်ရန်စသည်ဖြင့် ပြင်ဆင်စရာအချို့ကိုလည်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေရရှိ၍ လူအင်အားထပ်ဖြည့်နိုင်ပါက ယခုလုပ်နေသည်ထက်ပိုပြီး မြန်မြန်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အခက်အခဲများ ရှိသော်လည်း ရန်ပုံငွေ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝက်ဘ်ဆိုက်ကို ရည်မှန်းထားသည့်အတိုင်း ဆက်လုပ်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ဝက်ဘ်ဆိုက်သို့ဝင်ရောက်၍ ဥပဒေများကို လေ့လာကြရန် ဖိတ်ခေါ်ကြောင်း ဦးတင်ဝင်းလှိုင်က ဖြည့်စွက်ပြောကြားသည်။

နောက်ပိုင်းတွင် ဝက်ဘ်ဆိုက်သို့ ဝင်ရောက်လေ့လာကြည့်ရှုသူများမှ ဆွေးနွေးလိုသည်များကို ပြန်လည်ဆွေးနွေးနိုင်ရန် Message Box ကို ထည့်ပေးရန်အစီအစဉ်ရှိကြောင်း၊ လောလောဆယ်တွင် Security ပိုင်းအတွက် ပညာရှင်မရှိသေးသဖြင့် Message box မထည့်သေးခြင်းဖြစ်ကြောင်း၊ ဝက်ဘ်ဆိုက်နှင့်ပတ်သက်၍ အကြံပြုလိုပါက info@lawsinmyanmar.com သို့ ဆက်သွယ်မေးမြန်း၊ ဝေဖန်အကြံပြုနိုင်ကြောင်း သိရသည်။

သတင်းဆောင်းပါး – သူရဖြိုး

နည်းပညာသတင်းတိုများ

ပြည်မြို့၌ ICT and Mobile နည်းပညာပြပွဲကျင်းပမည်

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ICT and Mobile နည်းပညာပြပွဲကို ပြည်မြို့၌ မတ် ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပခဲ့သည့် ICT and Mobile နည်းပညာပြပွဲကို ယခုနှစ်တွင် ယခင်နှစ်များကထက်ပိုမိုထူးခြားသော အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ပြည်တွင်းမှ ကွန်ပျူတာကုမ္ပဏီများ၊ မိုဘိုင်းကုမ္ပဏီများအပါအဝင် နည်းပညာဆိုင်ရာ ကုမ္ပဏီများ၊ ပြည်မြို့မှ မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာအရောင်းဆိုင်များအနေဖြင့် ပါဝင်ပြသရန်လည်း ဖိတ်ခေါ်ထားသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၅၃၁၀၅၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

Virtualization နည်းပညာသင်တန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ Virtualization နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များအတွက် VMware Certified Associate (VCA) Official Training သင်တန်းကို ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ခေတ်စနစ်ပြောင်းလဲလာမှု အခြေအနေအရ မြန်မာနိုင်ငံအတွင်း Virtualization နည်းပညာတိုးတက်စေရန်နှင့် လူငယ်များအနေဖြင့် Virtualization နည်းပညာနယ်ပယ်အတွင်း အသက်မွေးဝမ်းကျောင်း ရပ်တည်ခိုင်မာမှုအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ကွန်ပျူတာပညာရှင်အသင်းနှင့် VMware Inc အသိအမှတ်ပြု ကိုဘိုဘိုဇင်တို့ပူးပေါင်း၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းအတွက် ဖေဖော်ဝါရီ ၅ ရက်အထိ MCPA ရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်များကို မြန်မာ နိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ တွင်စုံစမ်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

အော်ရီဒူးဆင်းကတ်များသည် 4G မိုဘိုင်းစနစ်အတွက် အသင့်ဖြစ်နေကြောင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့၊ ဈေး(၂)ရပ်ကွက်၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ်(၂) ဈေးရပ်၊ ဧရိယာ ၀ ဒသမ ၀၅၄၈ဧကရှိ အရှေ့ဘက်-ဈေးလမ်း၊ အနောက်ဘက်-ဦးမြမောင်ခြံ၊ တောင်ဘက်-ဦးစန်းမြင့်ခြံ၊ မြောက်ဘက်-ဘူတာလမ်း အလားလေးရပ်အတွင်းရှိမြေအား လူနေဂရန်အသစ်ရရှိရန် ဦးသန်းလှိုင် ၉/အမရ(နိုင်)၀၄၂၃၃၈ က လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးသန်းလှိုင်သို့ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အုတ်တွင်းမြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၀/စီ၊ မြေကွက်အမှတ်-၄၃၊ ဧရိယာ(၁. ၆၆၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၄၃၊ အားလား၊ ရွှေနံ့သာသစ်ခွဲစိုက်ပျိုးရေးအထူးဇုန်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ရွှေနံ့သာစံပြကျေးရွာအတွင်းရှိမြေအား ရန်ကုန်တိုင်းဒေသကြီးသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အားလားရွှေနံ့သာသစ်ခွဲစိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန် ကြီးကြပ်ရေးဗဟိုကော်မတီ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ ရရှိထားသူ ဇိုလ်မှူးကြီးကိုကြီး (၁၂/လကန(နိုင်) ၀၁၂၈၇၄) ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ပိုင်ဆိုင်ခဲ့သူ ဒေါ်ဖြန့်ရွှေကျောက်(ခ) ဒေါ်ဆေးဆေး (၁၃/ကလတ(နိုင်)၁၁၇၈၄၆)၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိထားသူဦးတင်နိုင် (၁၂/ဗဟန (နိုင်) ၀၉၀၁၇၈) က ဂရန်လျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ၊ အရောင်းအဝယ်ကတိစာချုပ်များ၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၆၇၉) (၁၅-၁၂-၂၀၁၄) ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ (၂-၁-၂၀၁၅)တို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၄/ကံဘဲ့၊မြေကွက်အမှတ်-၁၆/ခ^{၃-A}၊မြေကွက်တည်နေရာအမှတ်-၄/ခ၊(၁၃)ရပ်ကွက်၊ရွှေသဇာလမ်း(အောင်ချမ်းသာလမ်း)၊Kတံနိုကိုဒီရာပုလဲ အမည်ပေါက်၊Bလ/န၃၉မြေအား(က)ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏တရားမကြီးမှုအမှတ်-၉၃၅/၂၀၀၅(တရားလိုဦးသက်ဇင်နှင့် တရားပြိုင်ဦးခင်မောင်လွင်၊ဦးတင်ထွန်း၊ဦးဟယ်ရီညွန့်၊ဒေါ်မြကျင်၊ဒေါ်ညွန့်ညွန့်)အမှုတွင်တရားလိုကတရားပြိုင်များအပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာတရားပြိုင်များမှတရားလိုအားရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၃၄၊ဦးပိုင်အမှတ်-၁၆၊ဘိုးဘွားပိုင်မြေဧရိယာ(၁)ဧကနှင့်ဒသမ၃၅၀အနက်မှတောင်ဘက်ပိုင်းဖြစ်သောမြေဧရိယာ၀.၂၀၃ကျော်ခန့်အလျား(၁၄၀'×အနံ၈၀')ခန့်အကျယ်ရှိမြေကွက်နှင့်မြေပေါ်ရှိအခွင့်အရေးအရပ်ရပ်တို့အားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန်စရိတ်နှင့်တကွအမိန့်ချမှတ်သည့်၃၀-၁၀-၂၀၀၆ရက်စွဲပါ စီရင်ချက်ဒီကရီ၊(ခ)ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏တရားမကြီးမှုအမှတ်-၆၁၀/၂၀၁၄(တရားလိုဦးသောင်းတင်နှင့်တရားပြိုင်ဦးသက်ဇင်၊ဦးခင်မောင်လွင်၊ဦးတင်ထွန်း၊ဦးဟယ်ရီညွန့်၊ဒေါ်မြကျင်၊ဒေါ်ညွန့်ညွန့်)အမှုတွင်တရားလိုကတရားပြိုင်အပေါ်ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ဦးပိုင်အမှတ်-၁၆၊ဧရိယာ(၀.၂၀၃)ဧက၊(၈၀'×၉၀')အကျယ်အဝန်းရှိ(၁၃)ရပ်ကွက်၊ရွှေသဇာလမ်း(အောင်ချမ်းသာလမ်း)အမှတ်-၄/ခမြေနှင့်အဆောက်အဦကိုပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာအနိုင်ဒီကရီချမှတ်သည့်၁၈-၃-၂၀၁၅ ရက်စွဲပါစီရင်ချက်၊ဒီကရီ၊(ဂ)ယင်းတရားရုံး၏တရားမဇာရီမှုအမှတ်-၁၀၀/၂၀၁၅အမိန့်နှင့်(ဃ)လျှောက်ထားသောမြေကွက်အမှတ်အမှန်မှာမြေကွက်အမှတ်-၁၆/ခ^{၃-A}ဖြစ်ကြောင်းယင်းတရားရုံး၏၁၅-၁၂-၂၀၁၅ရက်စွဲပါအတည်ပြုအကြောင်းကြားစာတို့အရရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးဒုတိယဦးစီးမှူးဒေါ်ဖူးမွှင့်အောင်မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်ရွှေ
(နတ်မော်ရွာ၊ ဘီလူးကျွန်း)
အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ ၅လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက် ၂၇၊ အခန်း ၂၀၄နေ (ဦးငွေထွန်း-ဒေါ်ငွေကြည်)တို့၏သမီး၊ (ဦးပန်းအောင်)၏ဇနီး၊ ဦးအောင်ချိန်ဆန်း (YCDC၊ ငြိမ်း)-ဒေါ်ခင်ခင်ချို (လ/ထညွှန်မှူး၊ ငြိမ်း၊ ဆည်မြောင်း၊ NEPS)၊ ဦးအောင်ထူး (ချမ်းသာ Co.,Ltd.)၊ ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းတင်ထွဋ်- ဒေါ်သီတာအောင် (ဆည်မြောင်း၊ ငြိမ်း)၊ ဦးခိုင်ဆန်း (ခေတ္တ-USA)- ဒေါ်တင်တင်မွန် (ခေတ္တ-USA)၊ ဦးစိုးလွင် (ဆိပ်ကမ်းအရာရှိ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကျောက်ဖြူ)- ဒေါ်ခင်ထွေးဝင်း (အလက-၁၁၊ တာမွေ) တို့၏မိခင်၊ ကိုတင်ကိုကိုအောင်မျိုး (Technical Consultant, Awa Instruments, S'pore) (New Gate Engineering Co.,Ltd.)၊ မပန်းမြင့်မြင့်ဝေဝေ (ခေတ္တ S'pore)၊ ကိုသီဟအောင်မျိုး (China Shipping)-မဖူးပွင့်ခိုင်၊ ကိုဇင်ကိုကိုအောင် (Ben Lines Myanmar Agencies)၊ မယမင်းသော်သော်ထွဋ် (Final Part I, IM 1)၊ မအောင်ကြင်းဖြူ @ Rohana (ခေတ္တ-USA)တို့၏အဘွားသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း
ဦးမြလှိုင်
စိန်ကျားချည်ထည်ရောင်းဝယ်ရေး
ပခုက္ကူမြို့
အသက် (၈၄)နှစ်

၃၀-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင် ဖခင်ကြီး မိသားစုနှင့် ခွဲခွာခဲ့သည်မှာ တစ်လပြည့်ပြီးဖြစ်သော်လည်း မိသားစုမှာ တစ်နေ့မှ မေ့မရ၊ လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ် ပြုလုပ်ရသောကောင်းမှုကုသိုလ်များနှင့် ယနေ့တစ်လပြည့် တွင် ပြုလုပ်ရသော ကောင်းမှုကုသိုလ်အစုစု၏ကုသိုလ်အဖို့ကို အနန္တကျေးဇူးရှင်ဖခင်ကြီး ဦးမြလှိုင်အား အမျှ-အမျှ-အမျှ ပေးဝေပါတယ်။ အနန္တကျေးဇူးရှင် ဖခင်ကြီး မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်တင်ဆွေနှင့်
သားသမီးမြေးမြစ်တစ်စု

အထူးကျေးဇူးတင်ရှိခြင်း
ဒု-ရဲမှူး ဦးမဟော်တူး(ငြိမ်း)
သတင်းတပ်ဖွဲ့ SB II
အသက် (၈၃)နှစ်

လားရှိုးမြို့နေအိမ်၌ ၂၂-၁-၂၀၁၆ရက် (သောကြာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဖခင်ကြီး ဦးမဟော်တူး၏ နာရေးစလယ်ဆုံး ကူညီပေးခဲ့သော ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများ၊ 'ဟော်'မျိုးနွယ်စု၊ လားရှိုးမိသားစုနှင့် လူမှုရေးအသင်းအဖွဲ့များအားလည်းကောင်း၊ လူကိုယ်တိုင် မေတ္တာပြလျက် လာရောက်အားပေးနှစ်သိမ့်ပေးခဲ့သော မိတ်ဆွေများ၊ အဝေးရောက် သတင်းမေးမြန်းအားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

"May God Bless You All"

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဇော်လင်း (ပ/၂၀၉၉)
ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ရွာသာကုန်းကျေးရွာနေ (ဦးကြိုင်-ဒေါ်သိန်း) တို့၏သား၊ (ဦးဘခွေး)-ဒေါ်မြရင်တို့၏သားသမက်၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒေါ်ခင်စော၊ ဦးသန့်ဇော်လင်း-ဒေါ်တင်အုန်းမြင့်၊ ကိုသန့်ဇော်၊ ကိုဝေလင်း-မသရဖီ၊ ကိုကြိုင်ထွန်းဇော်၊ ကိုငြိမ်းဇော်တို့၏ဖခင်၊ မောင်မင်းသန့်၊ မရွှေရည်မြတ်ပွင့်၊ မောင်သစ်လင်းတို့၏အဘိုးသည် ၂၈-၁-၂၀၁၆ရက် နံနက်၀၀း၃၀နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ် ၈၆၈နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆ရက် နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁)၊ နဝမတန်း(A)မှ မမျိုးစန္ဒာကျော်နှင့် ပဉ္စမတန်း(A)မှ မစိုးစန္ဒာကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး ၅/တဆန(နိုင်)၀၇၃၄၃၂ ဖြစ်ပါသည်။

ဦးမောင်ထွေး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဝက်လက်မြို့နယ်၊ ရင်းတောကျေးရွာနေ ဦးမြင့်နိုင်ဦး ၅/ဝလန(နိုင်)၀၃၄၈၆၂ ၏ သမီး မဇင်မိုးနိုင်နှင့် မဇင်မိုနိုင် ၅/ဝလန(နိုင်)၁၄၀၇၅၃မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

မဇင်မိုးနိုင်(ခ)မဇင်မိုနိုင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၃၃၅၉၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လေး ၁၀/သဖရ(နိုင်)၁၁၈၇၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

အထူးဝမ်းနည်းကြေကွဲခြင်း

လူ့ဘဝ၏ တန်ဖိုးရှိသော အသက်တာကာလအတွင်း သတ္တဗေဒ၊ ဇီဝဗေဒနှင့် ဇီဝနည်းပညာဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ဆောင်းပါးများ၊ သင်ကြားပို့ချချက်များ ရေးသားခြင်းဖြင့် ဆရာ၊ ဆရာမများနှင့် စာသင်သားတို့၏ ပညာရည်တိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသော ဆရာမကြီး ပါမောက္ခဒေါက်တာမော်လီမောင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

စိတ်ကူးချိုချိုစာအုပ်တိုက်နှင့်
Educator ပညာလမ်းညွှန်ဂျာနယ်
အယ်ဒီတာအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမော်လီမောင်
ပါမောက္ခဌာနမှူး (ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက် (၈၀)

ကျေးဇူးရှင်ဆရာမကြီး ဒေါက်တာ မော်လီမောင်သည် ၂၅-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ချစ်တပည့်များ
ဒေါက်တာစီစီလှဘူး (1981,YU)၊ ဒေါက်တာမီမီစိန် (1980,YU)
ဒေါက်တာနော်ဒေါ်လီဝေလ်ဘာ (1981,MU)၊ ဒေါ်ခင်အေးမူ (1981,YU)
ဒေါက်တာသန့်ဇင် (1982,MU)၊ ဒေါက်တာစမ်းစမ်းမြင့် (1983,YU)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမော်လီမောင်
ပါမောက္ခဌာနမှူး (ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက် (၈၀)

ကျေးဇူးရှင်ဆရာမကြီး ဒေါက်တာ မော်လီမောင်သည် ၂၅-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊
ကထိကများ၊ လ/ထ ကထိကများနှင့် သရုပ်ပြဆရာ ဆရာမများ၊
သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ကန်တော့ခံဆရာမကြီး
ဒေါ်တင်တင်နု (ဟသာ်တ)
အထက်တန်းပြ (ငြိမ်း)၊ အထက(၆)မင်္ဂလာတောင်ညွန့်
အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (Q-7) မြကန်သာ ၁ လမ်းနေ ဦးလူမော်မြင့်မောင်-ဒေါ်မော်မော်တင့် (MD, SWY Group of Companies) တို့၏မိခင် ဒေါ်တင်တင်နုသည် ၂၃-၁-၂၀၁၆ရက်(စနေနေ့) ညနေ ၆း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၆)မင်္ဂလာတောင်ညွန့်
ကန်တော့ခံဆရာ ဆရာမကြီးများနှင့် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊
ရေကန်၊ လမ်း၊ တံတား၊ မုခ်ဦး၊
အုတ်တံတိုင်းနှင့်မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ(လှည်းကူး)
ဒါယကာကြီး ဦးညွန့်လှိုင် (ကျိုက်လတ်၊ ထင်းကွင်းရွာ)

ကျေးဇူးကြီးမားလှသော ဖခင်ကြီးခွဲခွာသွားသည်မှာ ၃၀-၁-၂၀၁၆ နေ့တွင် (၁)နှစ်ရှိခဲ့ပါပြီ။ ယခင်အတူတကွ ယခု (၁)နှစ်တာကာလ၊ ယနေ့ပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်ရင်
သားကြီး-ဦးပိုက်တင်-ဒေါ်စီစီနွဲ့
သားလတ်-(ဦးပိုက်လုံး)-ဒေါ်နုနုယဉ်
သားငယ်-ဦးမြင့်လွင်-ဒေါ်ချိုကြီး
ချစ်တူ၊ တူမများ၊ ချစ်မြေးများနှင့်ချစ်မြစ်များ-အောင်ချမ်းပြည့်ဦး၊
အောင်ချမ်းမြေ့လွင်၊ စောဝဏ္ဏသူ၊ မာန်သွေးကို၊ စုရတီဖြိုး၊
သဒ္ဒါဇာခြည်သွေး၊ ထက်အိန္ဒြာဝတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင် (မန္တလေး/မိုးကုတ်)
အသက် (၇၃)နှစ်

မိုးကုတ်ပေါက်ပေါက်၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင် (မာမား)သည် ၂၈-၁-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ပေါက်ပေါက်တို့မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မိခင်ကြီး ဒေါ်ခင်ခင်(မာမား) ကောင်းရာသုဂတိလားနိုင်ပါစေ။

အဘိုး-ဦးအောင်ချို၊ သားကိုကြီးနှင့်
ကိုမင်းလှိုင်မိသားစု၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမောင်ထွေး (ငြိမ်း)
အသက်(၇၁)နှစ်

ဗိုလ်ကြီးမောင်ထွေး(ငြိမ်း) (တပ်မတော်နေ့ စစ်ရေးပြနည်းပြနှင့် ဗသက၊ စစ်ရေးပြဌာနမှူးဟောင်း)သည် ၂၆-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်အောင်ကြည်(ငြိမ်း) ဇနီး ဒေါ်သက်သက်ဆွေနှင့်မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြီးစိန်(မြင်းခြံမြို့) အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ (၂၈၈/၂၉၀) ရွှေတိဂုံဘုရားလမ်း၊ MWEA Tower (၁၀၀၇)နေ (ဦးတင်ထိုက်-ဒေါ်အေး)တို့၏သား၊ (ဦးလှမြိုင်)-ဒေါ်ညွန့်ညွန့်တို့၏သားသမက်၊ (ဒေါ်ရှုလွမ်)၊ ဦးအောင်ကျော်မြင့်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်တင်အေးကြွေ၊ ဦးဉာဏ်ဝင်း-ဒေါ်မြင့်မြင့်ဌေးတို့၏အစ်ကိုကြီး၊ ဒေါ်တင်တင်အေး(ထ-၄၊ ဗိုလ်တထောင်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကျော်နိုင်ဦး - ဒေါက်တာနီလာကျော်၊ ဦးဇော်ဝင်းထွန်း - ဒေါ်ခင်ချိုထက်၊ ဒေါက်တာခင်ကြော့ရှင်း၊ ဗိုလ်မှူးသီဟမင်းထွန်း၊ဒေါ်သိမ့်သဉ္ဇာထွေးတို့၏ဖခင်၊ မဆုယမုံ၊ မောင်ဇေယျာထွန်း၊ မောင်ခန့်ဇော်သူ၊ မဖူးပွင့်ဇော်ခိုင်၊ မောင်သင့်မြတ်ဝီရထွန်း၊ မောင်တည်ကြည်မင်းခန့်ထွန်းတို့၏အဘိုးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မြင့် (ရုံပိုင်ကြီး၊ ငြိမ်း)
အသက်(၇၆)နှစ်

ဒုတိယဗိုလ်မှူးကြီးခိုင်ထွန်းဆောင်(ငြိမ်း) ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန-ဒေါ်ချိုမာအောင်တို့၏ဖခင်သည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တေဇ(၁၇)မိသားစု

ဒေါ်အေးအေးမြင့် (မှော်ဘီ)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ ပြည်လမ်းနေ (ဦးအောင်တင့်-ဒေါ်တင်ယု)တို့၏သမီး၊ (ဦးအင်း၀-ဒေါ်အော်လွတ်)တို့၏သမီးချွေးမ၊ ဦးကွက်စီး(ခ)ဦးခင်မြင့်၏ဇနီး၊ ကိုကျော်မြင့်ထွန်း-မယဉ်နွယ်မြင့်၊ ကိုနေလင်းမြင့်-မနန်းသန္တာဖြူ၊ ကိုထိန်လင်းမြင့်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၁၀း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) တွင် ဦးကွက်စီး(ခ)ဦးခင်မြင့်-(ဒေါ်အေးအေးမြင့်)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မောင်ပြည့်ဖြိုးအောင်
B.A (Philosophy),
Dip;in English (T.H.S)
THACOS MARITIME Co.,Ltd.
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကျီစုရပ်ကွက်၊ ကန်သာယာ(၂)လမ်း၊ အမှတ် ၃၁၇-ဒီနေ(ဦးအေးကျော်)-ဒေါ်လှလှအေးတို့၏သား၊ ဦးကြည်ထွန်း-ဒေါ်တင်အေး၊ ဦးအောင်မြင့်၊ ဦးစိန်လှ၊ ဦးထွန်းလှ၊ ဦးစန်းလင်း-ဒေါ်သီတာ၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်တင်တင်လှတို့၏တူ၊ မောင်ထွန်းသော်ဦး၊ မောင်မျိုးသီဟ၊ မောင်မင်းသီဟတို့၏ညီ၊ မောင်ဖိုးချို၊ မသူဇာဝင်းတို့၏အစ်ကိုသည် ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်မင်းအေး
တပ်မတော်(ငြိမ်း)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးသော်-ဒေါ်ရင်ကြူ)တို့၏သား၊ (ဦးအုန်းလွင်-ဒေါ်စောလှ)တို့၏သားသမက်၊ ကိုသူရမင်း-မဖြိုးဖြိုးစု၊ မောင်သူရကျော်တို့၏ဖခင်၊ မသွန်းရတနာသူရိန်၏အဘိုး၊ ဒေါ်အေးဝင်း၏ခင်ပွန်းသည် ၂၇-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (လှိုင်သာယာနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းထွဋ်
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ နန္ဒဝန်လမ်း၊ အမှတ် ၉၇နေ ဦးလှအောင် - (ဒေါ်တင်ရှိန်)တို့၏သား၊ ဦးမျိုးကျော်-ဒေါ်ယဉ်ယဉ်ဦးတို့၏အစ်ကိုကြီး၊ ဒေါ်စိုးစိုးခင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁-၂၀၁၆ရက်(စနေနေ့) ညနေ ၃း၃၀နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ချောင်းမအနောက်ကျေးရွာ၌ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄း၃၀နာရီတွင် ချောင်းမအနောက်ကျေးရွာသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

မမြတ်သင်းကြူ
(3rd Year,Mech, နည်းပညာတက္ကသိုလ်၊ မှော်ဘီ)
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် တိုးချဲ့ (၄)ရပ်ကွက်၊ ၄/၈၉၊ ပတ္တမြားလမ်းနေ (ဦးလှစိန်-ဒေါ်အေးသောင်း)၊ ဦးကြည်အောင်-(ဒေါ်ကြင်အေး)တို့၏မြေး၊ဦးမြတ်ထွန်းအောင်(ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်နုနုအောင်တို့၏သမီး၊မောင်ဉာဏ်လင်းထွန်း၏အစ်မသည် ၂၈-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းနီအောင်
Miaki Myanmar Ltd.
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် ၂၅/၂နေ ဒေါ်ပပဖြိုး၏ခင်ပွန်း၊ မောင်ကောင်းမြတ်ထွန်း၊ မစုမြတ်ထွန်း၊ မောင်တေဇထွန်း၊ မစုပြည့်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ ဦးမိုးအောင်(ခေတ္တ-အိုမန်)၊ ဒေါ်အေးအေးခိုင်(ခေတ္တ-မလေးရှား)တို့၏ ညီ/မောင်၊ ဦးသက်မင်းထွန်း၏အစ်ကိုသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းကြည် (ထနီး)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခ ၅၄လမ်း၊ အမှတ် ၆၄နေ (ဦးဘိုးမြင့်-ဒေါ်အုန်းတင်)တို့၏သမီး၊ (ဦးမာရေး)၏ဇနီး၊ (ဦးတင်ညွန့်)-ဒေါ်တာ၊ (ဦးသန်းငွေ-ဒေါ်စန်းလေး)၊ ဦးထွေး-ဒေါ်သန်းအေးတို့၏အစ်မကြီး၊ ဦးလှသော်- ဒေါ်တင်ရီ၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်ခင်မာ၊(ဦးတင်လှိုင်တင်)-ဒေါ်ဘေဘီ၊ ဒေါ်နီနီမာ၊ (ဦးမြင့်အောင်)-ဒေါ်မာလာဝေ(အရှေ့ပိုင်းခရိုင်တရားရုံး)၊ ဒေါ်တင်တင်ခိုင်၊ (ဦးတင်အောင်ချို-ဒေါ်အေးအေးသန်း)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းစိန်
(ဦးစံ မိသားစု ထမင်းဆိုင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၄၅နေ (ဦးထွန်းခ-ဒေါ်အေးဖြူ)တို့၏သမီး၊ (ဦးဖိုးလှိုင်-ဒေါ်ဆိတ်)တို့၏ချွေးမ၊ (ဦးသိန်း-ဒေါ်မြအေး)၊ ဦးထွန်းရီ-ဒေါ်ခင်မြင့်၊ ဦးစိုးမြင့်၊ (ဦးအောင်ဆု-ဒေါ်ဌေးဌေး)၊ ဦးခင်မောင်စိုး-ဒေါ်မြင့်မြင့်အေး(မော်လမြိုင်ကျွန်း)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)နံနက် ၄နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချွေးမ
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ အမှတ် ၄၇B၊ သာယာရွှေပြည်လမ်းနေ(တန်ကျင်းဟုန်)၏ဇနီး၊ ဦးခင်မောင်တင့်-ဒေါ်ခင်မမကြီး၊ ဒေါ်မြဝင်း၊ ဦးဟုတ်ကြည်-ဒေါ်ခင်ခင်လှ၊ ဦးအေးဝင်း(ဝက်စုတ်)-ဒေါ်ခင်သန်းနွယ်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၁၁း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြည်မြင့် (တောင်သာ-တံငါကျင်း)
ဒုတိယရဲမှူး(ငြိမ်း)၊ ယစ်မျိုးအုပ်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ် ၉၁နေ (ဒေါ်ခင်ညီညီ၊ ပခုက္ကူမြို့)၏ခင်ပွန်း၊ ပခုက္ကူမြို့၊ မြို့မလမ်းနေ ဦးရန်နိုင်စိုး-ဒေါ်သီသီဆွေ၊ ဦးခင်မြင့်(လက်ထောက်ညွှန်ကြားရေးမှူး)၊ ဒေါ်သင်းသင်းအေး(ရုံးအုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေပြည်တော် ကောင်းသစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကျွေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်မြင့်
အလယ်တန်းပြ(ငြိမ်း)၊ အထက-ထန်းတပင်မြို့
အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ ဘုရင့်နောင်လမ်း၊ (၃)ရပ်ကွက်၊ အမှတ် ၅၀၅နေ(ဦးတင်ညွန့်-ဒေါ်အုန်း)တို့၏သမီး၊(ဦးသန်းစိန်)၏ညီမ၊ ဦးသန်းဝင်း-ဒေါ်လှညွန့်၊ (ဗိုလ်မှူးမောင်မောင်အေး)-ဒေါ်စန်းစန်းဦး၊ (ဦးမြင့်စိန်)-ဒေါ်သန်းသန်းအေး၊ ဦးစိုးဝင်း-ဒေါ်ဝေဝေမြင့်၊ ဗိုလ်မှူးကြီးခင်မောင်ကြည်-ဒေါ်စုစုမာတို့၏အစ်မ၊ ဦးအောင်ကြီး(ကျန်းမာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးအဏ္ဏဝါအောင်(ထွေ/အုပ်၊ ကြံခင်း)-ဒေါ်အိအိထွန်း၊ ဦးဇေယျာအောင်(မြေစာရင်း)-ဒေါ်ကြူကြူသန်း၊ ဗိုလ်မှူးတေဇာအောင်တို့၏မိခင်သည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထန်းတပင်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Suan Khan Siam
အသက်(၄၁)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ ပထမထပ်၊ ထီးတန်း ၄လမ်း၊ အမှတ် ၂၀နေ Rev. Dr Dam Khua Nang (Course Director-IOC)- Nu Sen Iang (a) Suan Go Lun တို့၏သား၊ Rev. Go Van Mung (Yonsei, University), Nu Man Hau Lun (USA) တို့၏ညီ/မောင်၊ Nu Zing Lian Cing (ACF) U Oo Win Naing (Oxfam GB) Nu C-iin Saan Nuam, Pa Suan Sian Tung Nung (USA) Pa Dal Kom Lian (Ooredoo Myanmar) Nu Cing Hau Mang (Norwegian People's Aid) တို့၏အစ်ကို၊ Tg Nang Deih Tung Mung (USA), Tg Nang Kam Kop Mung (USA). Tg Nang Sian Suang, Tg En Mun Muang (USA) တို့၏ဦးလေးသည် ၂၈-၁-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဆူးလေ၊ ယုဇနဥယျာဉ်မြို့တော် ပိတောက်ကွေ့မှတ်တိုင်နှင့် TBCY မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြမေ
ရုံးအဖွဲ့မှူး(ငြိမ်း)
လူမှုဝန်ထမ်းဝန်ကြီးဌာန
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊တိုက်(၄/အေ)၊ အခန်း ၀၀၂နေ (ဦးစိန်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးစံထွန်းအောင်-ဒေါ်မင်းဘူး)တို့၏သမီးချွေးမ၊ (ဦးအေး၊ အကောက်အခွန်ဦးစီးမှူး၊ ငြိမ်း)၏ဇနီး၊ (ဦးကိုကိုဦး)၊ဦးမောင်မောင်လင်း၊ ဦးကျော်ဉာဏ်လင်း-ဒေါ်အေးသီတာ (AMAZING TREE Co., Ltd.)၏ချစ်လှစွာသောမိခင်၊မမိုးမြတ်စုဉာဏ်(ခ)ပုံပုံ(Grade-6, B၊ အထက-၂၊ စမ်းချောင်း)၏အဘွားသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘွားဘွားကြီး
ဒေါ်သန်းကြည် (ထနီး)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခ(၅၄)လမ်း၊ အမှတ် ၆၄နေ (ဦးဘိုးမြင့်-ဒေါ်အုန်းတင်)တို့၏သမီး၊ ဦးအောင်ဇေယျ(ခေတ္တ-စင်ကာပူ)၊ ဦးအောင်ကျော်မြင့် (SH. Co.,Ltd.)-ဒေါ်ခင်သန္တာသော်၊ ဦးကျော်သူရ (ရွှေလင်းယုန် Cartoon Box)-ဒေါ်ညိုညိုစန်း၊ ဦးမိုးကျော်အောင် (မိုးသုခ ရတနာလုပ်ငန်း)-ဒေါ်ခင်စန္ဒာသော်၊ ဦးကျော်ဝဏ္ဏ (UNITEAM MARINE)-ဒေါ်မြင့်မြင့်စန်း၊ ဦးဖြိုးဝေသော်၊ ဦးကျော်သီဟ (KTH-Cartoon Box)-မငယ်လေး၊ မအိသူသူထက်(Myanmar Synergy Co., Ltd.)၊ မအိမွန်မွန်ထက် (မြတ်မိဘ Co., Ltd.)၊ ကိုသက်ပိုင်စိုး (Eucalyptus Co., Ltd.)-မသက်သက်ဇွန် (Eucalyptus Co.,Ltd.)၊ ကိုထက်အောင်ဖြိုး(Air KBZ)-မသင်းသင်းတို့၏အဘွား၊ မောင်ပြည့်စုံဦး၊ မောင်ကျော်ဝေယံမင်း၊ မောင်ပြေကောင်းကျော်၊မဖူးပွင့်ဝေ၊ မောင်သတိုးဝဏ္ဏ၊ မရွှေဘုံသက်၊ မမေလေးမြတ်ဘုန်းမိုရ်ရတို့၏ ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြသိန်း(ခ)
Margaret Tan
အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ ခြောက်မိုင်ခွဲ၊ အမှတ်၅၈နေ(ဦးကိန်းထင်း-ဒေါ်ညား)တို့၏သမီး၊ ဦးမြသန်း-Daw Susan Than၊ ဒေါ်ခင်ခင်ညွန့်-[ဗိုလ်မှူးကြီးထွန်းအောင်(လေ)(ငြိမ်း)]၊(ဒေါက်တာခင်စန်းရီ)တို့၏အစ်မကြီး၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ခင်မျိုးမြင့်-ဦးညီညီသန်း၊ ဒေါက်တာမောင်သန့် - ဒေါက်တာအေးအေးခိုင်၊ ဦးမောင်အန့်-ဒေါ်မျိုးမျိုးအေး၊ Dr. Peter တို့၏အဒေါ်၊ မောင်မျိုးညီ၊ ဒေါက်တာဖြူစင်သန့်၊ မောင်သူရိန်သန့်တို့၏ ဘွားဘွားကြီးသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးအောင်မြင့်(ရုံပိုင်ကြီး၊ငြိမ်း)
အသက်(၇၆)နှစ်

အမရပူရမြို့နယ်နေ (ဦးမြင့်ဦး)-ဒေါ်လှလှမွန်၊ ဒုမှူးကြီးခိုင်ထွန်းဆောင်(ငြိမ်း)(ညွှန်ကြားရေးမှူး၊စက်မှုဝန်ကြီးဌာန)-ဒေါ်ချိုမာအောင်၊ ဦးအောင်ထွေးမြင့်-ဒေါ်မိုးမိုးဆင့်၊ ဦးအောင်အောင်-ဒေါ်သီတာအောင်၊ (ဒေါ်မွန်မွန်အောင်)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်နေ ဒေါ်မြဝင်း၏ခင်ပွန်းသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့် (ဦးတာ)
ကပ-၁၃၃၉၆
(ရေတာရှည်မြို့နယ်အသင်း)
ဒုအရာခံဗိုလ်၊တပ်မတော်-ရေ(ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်း၊ အမှတ် ၁၆၊ အောင်သပြေလမ်းနေ (ဦးဘစိန်-ဒေါ်ငွေရှင်)တို့၏သား၊ (ဦးမောင်ကြည် - ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ ဒေါ်စမ်းစမ်းမြင့်၏ခင်ပွန်း၊ ကိုသင်းမောင်မောင် (တပ်မတော်-ရေ)၊ ကိုရဲမိုးအောင်(တပ်မတော်-ရေ)-မမီမီအေး၊ ကိုအောင်ကိုကို-မချောချောအိ၊ မချောသီရိမျိုး၊ ကိုအောင်အောင်မျိုးသန့်-မမို့မို့မြင့်အောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာစည်သြဝါဒါစရိယဆရာတော်ကြီး
ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာထေရ်
(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (Ph.D.)
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီး၏ သြဝါဒါစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ နာယကအဖွဲ့အကျိုးတော်ဆောင်၊ မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ၊ နေပြည်တော်၊ ပျဉ်းမနားဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာထေရ်မြတ်ကြီးသည် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်) ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့)ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မဟာစည်သာသနာ့ရိပ်သာစံကျောင်းတော်ကြီး၌ ဈာပနအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး မဟာစည်သာသနာ့ရိပ်သာကြီးမှ မော်တော်ယာဉ်များ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျင်ယုံ(ခ)ကျန်ကျင့်လျောင်း
အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ မင်းလမ်း၊ အမှတ် ၂နေ (ဦးဘိုးမြတ်-ဒေါ်ချို)တို့၏သား၊ ဒေါ်ကျင်ကြူး၏ခင်ပွန်း၊ ဒေါ်ခင်အေးမြင့်၊ ဦးလှမြင့်-ဒေါ်မိမိလေး၊ ဦးလှစိုး၊ ဦးလှဝင်း-ဒေါ်အေးမြသဲဖြူတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းဥ (အလုံမြို့နယ်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၄၇နေ (ဦးဉာဏ်ကြယ်-ဒေါ်အေးပို)တို့၏သမီး၊ (ဦးစိန်-ဒေါ်ရှင်လေး)တို့၏သမီးချွေးမ၊ (ဦးကျော်-ဒေါ်ဝင်းစိန်)၊ (ဦးအောင်တင်-ဒေါ်အုန်းကြည်)တို့၏ညီမ၊ ဒေါ်ခင်စိန်၏အစ်မ၊ (ဦးအောင်မြင့်-ဒေါ်တင်တင်အေး)၊ (ဦးမောင်မောင်)-ဒေါ်ခင်တီတီ(အောင်ဘုန်းမြတ် သင်္ကန်းတိုက်)၊ (ဗိုလ်ကြီးဦးသိန်းထွဋ်)-ဒေါ်သင်းသင်းလှ၊ ဦးရွှေဇံ-ဒေါ်ထွေးထွေးသိန်း၊(ဒေါ်ရင်ရင်ဇံ)၊ ဒေါ်ဝင်းဝင်းဇံ(အထက-၅၊ အလုံ)၊ (ဗိုလ်ကြီးမိုးမြင့်ဦး)-ဒေါ်ခင်မမ(အထက-၁၊ ပန်းဘဲတန်း၊ငြိမ်း)၊ ဦးလှထွေး-ဒေါ်အေးသက်ပိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဆရာကြီး ဦးတင်ရွှေ (ဇီးကုန်း)
B.A, B.Ed
အထက၊ ခရားအတွင်း (ကရင်ပြည်နယ်)
အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ကဇင်းကြီးကျေးရွာနေ (ဦးထွန်း-ဒေါ်ပု)တို့၏သား၊ ဇီးကုန်းမြို့၊ သစ်နဖားလမ်းနေ ဒေါ်ယဉ်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဆွေဆွေဝင်း၊ ဦးမြင့်သော်၊ ဒေါ်မိုးမိုး၊ ဦးအောင်ကျော်မိုး၊ ဒေါ်အေးအေးစိုး၊ ဒေါ်ငယ်ငယ်ဆွေတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)ညနေ ၆း၂၅နာရီတွင် ကြို့ပင်ကောက်မြို့ အောင်မြင်မြင့်မိုရ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဇီးကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သောင်းတင် (မော်လမြိုင်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၄လမ်း၊ အမှတ် ၁၄၉နေ (ဦးချစ်လှိုင်-ဒေါ်နှင်းလှ)တို့၏သမီး၊ [ဦးကြာရင်(ခ)ဦးစီနီ]၏ဇနီး၊ ဦးတိုးတိုးအောင်-ဒေါ်သန်းသန်းကြိုင်၊ ဦးမျိုး-ဒေါ်အေးငယ်၊ ဦးမြင့်ဝင်း-ဒေါ်နွယ်နွယ်အေး၊ ဦးစိုးလှိုင်၊ ဦးမောင်မောင်သွင်-ဒေါ်ဆန်းဆန်းဝင်း၊ ဦးဝင်းနိုင်ဦး-ဒေါ်မိုးမိုးဆန်းတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၉-၁-၂၀၁၆ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မေရီယံထွန်း (သားဖွားဆရာမ၊ ငြိမ်း)
အသက်(၈၀)

မအူပင်မြို့နယ်၊ ပန်းလှိုင်ကျေးရွာနေ (ဦးအောင်ထွန်း-ဒေါ်ဇာယဉ်)တို့၏သမီး၊(ဦးဘိုးကျော်-ဒေါ်ဒေါ်နီ)တို့၏သမီးချွေးမ၊ နော်အယ်ဖော-စောသိန်းသန့်၊ စောမိုးမြင့်လွင်-နော်ဝါးကပေါ်၊ နော်သက်ဖော-စောဝီလျံ၊ စောမင်းလွင်-နော်ဖောဖောဝါး၊ နော်သလဲဖော-စောဆာတဖော့၊ စောမြင့်လွင်တို့၏မိခင်၊ ဦးတင့်လွင်၏ဇနီး၊ မြေး ၂၀၊ မြစ် ၁၅ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ ရက် နံနက် ၄း၄၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင်ဈာပနဝတ်ပြုခြင်းအစီအစဉ်ကိုကျင်းပပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်စိန် အသက်(၆၁)နှစ်
(CDC-28291) (NORSTAR CREW MANAGEMENT Co.,Ltd.)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်နေ (ဦးသိန်းဟံ-ဒေါ်သန်းသန်း)တို့၏သား၊ ဦးအောင်မင်း-ဒေါ်စန်းစန်းကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ကျီတော်လမ်း၊တိုက် ၁၃၊အခန်း ၅-ခ၊ ခြောက်လွှာနေ ဒေါ်ခင်မို့မို့၏ခင်ပွန်း၊ ဒေါက်တာမြတ်သူဇာတင်(Product Specialist)(Nourtis Pharmaceutical Company)၊ မသင်းစံပယ်တင်(3rd Year University of Pharmacy)တို့၏ ဖခင်သည် ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၀း၅၀နာရီတွင်(M.T Oriental Freesia) သင်္ဘောပေါ်၌တာဝန်ထမ်းဆောင်ရင်း အီဂျစ်နိုင်ငံတွင်ကွယ်လွန်သွားပါသဖြင့်ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးကျင်းပမည့်ရက် ပြင်ဆင်ခြင်း

နေပြည်တော် ဇန်နဝါရီ ၂၉

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့်ရက်ကို နေပြည်တော်၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီ အစား၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုးပိုင် အိမ်ပိုင်မရှိသူများ မဟာဗန္ဓုလအငှားအိမ်ရာအတွက်လျှောက်ထားနိုင်ပြီ သတ်မှတ်အခန်း ၁၂၀၀ ထက်ကျော်လွန်လျှောက်ထားပါက မဲနှိုက်စီစဉ်ပေးသွားမည်

သတင်းနှင့် ဓာတ်ပုံ- ခင်မောင်ထွေး၊ ဇော်ကြီး(ပဏ္ဏိတ)

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်းရှိပြီး မြေကွက်၊ နေအိမ်ခန်း အိုးပိုင်အိမ်ပိုင် မရှိသူများအနေဖြင့် မဟာဗန္ဓုလ အငှားအိမ်ရာ လျှောက်ထားလိုပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း တိုက်ရိုက်လာရောက်လျှောက်ထားနိုင်ကြောင်း တိုင်းဒေသကြီးသစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက မြန်မာ့သတင်းစဉ်သို့ ယနေ့ပြောကြားသည်။

မဟာဗန္ဓုလအငှားအိမ်ရာသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်၌ တည်ရှိပြီး တစ်ခန်းလျှင် ၅၆၉ ဒသမ ၅ စတုရန်းပေရှိ အခန်းပေါင်း ၁၂၀၀ ပါဝင်သည်။

"အခုလို တန်ဖိုးနည်းအိမ်ငှားပေးမယ်ဆိုတော့ ကောင်းတာပေါ့၊ ကျွန်တော်တို့လို ကျူးကျော်တွေအတွက် ပိုကောင်းတယ်။ ဒါပေမယ့် သန်းခေါင်စာရင်းမရှိတဲ့သူတွေကတော့

စာမျက်နှာ ၁၀ ကော်လံ ၁ ■

မြန်မာစီးပွားရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးရေး ကမ္ဘာကျော်မိုက်ခရိုဆော့ဖ်ကုမ္ပဏီ နည်းပညာကူညီပေးမည်

❍ သတင်း - မြင့်မောင်စိုး

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ နည်းပညာဆန်းသစ်မှုဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေး၊ နည်းပညာအရ အကူအညီပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာကျော် မိုက်ခရိုဆော့ဖ်မှ တာဝန်ရှိသူများက ပြောကြားသည်။

" မိုက်ခရိုဆော့ဖ်က လူ့စွမ်းအားမြင့်မားလာအောင် အမြဲရည်သန်ဆောင်ရွက်ပေးနေပါပြီ။ လူငယ်တွေအတွက် IT နည်းပညာတွေ ထောက်ပံ့ပေးနေတဲ့ Youth Spark ၊ စီးပွားရေးကုမ္ပဏီလုပ်ငန်းရှင်တွေအတွက် နည်းပညာထောက်ပံ့ပေးနေတဲ့ Biz Spark နဲ့ တက္ကသိုလ်ဘွဲ့ရ လူငယ်တွေအတွက် နည်းပညာတွေ ထောက်ပံ့ပေးနိုင်တဲ့ Deam Spark လို့ခေါ်တဲ့ လမ်းကြောင်းသုံးခုရှိတဲ့ ဝက်ဘ်ဆိုက်တွေဟာ SPARK Program ကနေ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို အကူအညီပေးနေပါတယ်"ဟု မိုက်ခရိုဆော့ဖ်မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး အက်ဆရစ်တူမီနက်ဇ်က ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၃ ●

ချန်ပီယံရန်ကုန်ကို ရောဝတီအသင်းနိုင်ပွဲရ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ပုသိမ် ဇန်နဝါရီ ၂၉

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ပထမနေ့ပွဲစဉ်ကို ယနေ့ ညနေ ၃နာရီခွဲက ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက လက်ရှိ ချန်ပီယံရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လက်ရှိချန်ပီယံရန်ကုန်အသင်းသည်အဝေးကွင်း၌ ဦးဆောင်ဂိုးနှစ်ဂိုးရရှိခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့်ဖိအားများနှင့် ရင်ဆိုင်ခဲ့ရပြီဖြစ်သည်။ ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည့် ရန်ကုန်အသင်းမှာ ချန်ပီယံဘွဲ့ကာကွယ်နိုင်ရန် အခက်အခဲများနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။သုံးပွဲဆက် ရှုံးနိမ့်ထားသည့် ရောဝတီအသင်းမှာ ပထမဆုံး

စာမျက်နှာ ၁၄ ကော်လံ ၁ ❖

တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်း သတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးသွားမည်ဖြစ်ရာ ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်အတွက် စာကို ကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာလေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဒီ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် သိရှိထားကြဖို့ လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။ နှစ်တိုင်းမှာမေးတဲ့ မေးခွန်းပုံစံတွေလိုပဲ မေးခွန်း(၈)ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁)ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A) က Write the correct word or words to complete each sentence. ဖြစ်တယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကိုဖြည့်ရမှာ ဖြစ်တယ်။

သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့လိုချင်လိုလိမ့်မယ်။ ဥပမာ- စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ active verb form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ passive verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။

ဥပမာ စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့်မေးခွန်းမှာ Perishable foodstuffs -------- different ranges of temperature. လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမဲ့စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့စာပိုဒ်ထဲက present participle နဲ့ပေးထားတဲ့ စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်က require ဖြစ်ပါတယ်။

တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင်လိုလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက People ------ robots in the process for the painting, welding and assembly of the car. လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က use ဖြစ်ပါတယ်။

Question No. 1(B) ကတော့ Answer each question in one sentence. ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း(၅)ခုမေးထားကာ ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့အကြောင်းအရာ (content) ရော၊ သဒ္ဒါ (Grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ- စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ ပေးထားပြီး While sitting before the mirror what did Jenny Tier Bishop do? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။ past tense နဲ့ မေးထားတဲ့အတွက်၊ အဖြေကလည်း past tense verb ကို ပြန်သုံးရပါမယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာပေးထားတဲ့မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကိုဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသားကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကိုစစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့ မေးမှာဖြစ်တယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်(၅)ခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ်(၅)ခုကတော့ ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှု စွမ်းရည်ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။

နမူနာပြရမယ်ဆိုရင်

1. Looking good does not mean making yourself into ---------- of a famous pop star.
2. A year is the length of time ---------- takes to travel around the sun one time.
3. March wind ranges; April ----------;

ဆိုတဲ့မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ a carbon copy ဆိုတဲ့ စကားလုံးသုံးလုံးလိုပေမယ့် နံပါတ်(၂)မှာတော့ the earth ဆိုတဲ့ စကားလုံး နှစ်လုံးလိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက changes စကားလုံး တစ်လုံးလိုမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၄)ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာ တစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါ မှန်ကန်တဲ့အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။

ဥပမာ

IV. 1. For whom was the first clock with a face and an hour hand made and where was it placed? (OR)

Among which age group is sleepwalking most common and when do they grow out of it? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။

ပထမမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက The first clock with a face and an hour hand was made for a king of France and it was placed in a tower of the royal palace. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခုလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4 မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက တစ်မျိုးကတော့ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

ဥပမာ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

"Soon after the two of you left, I built a fire." လို့ မေးခဲ့ရင် အဖြေက The man of music and dancing said these words to his friends, the philosopher and the medico. The sentence is taken from (the story) "Too Much Knowledge Maketh Fools. ဖြစ်ပါတယ်။

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့၊ we တို့၊ they တို့ စသဖြင့် pronoun ကို မျဉ်းသားခဲ့ရင် အဲဒီ pronoun က ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

The female mosquito locates her human targets by following the carbon dioxide that we exhale. လို့မေးရင် အဖြေက The title of the unit from which the sentence is taken is 'Mosquito: Getting to know the enemy.' The word underlined in the sentence refers to 'the mosquito's. လို့ ဖြေရပါမယ်။

ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears it sounded so much like the rhythmic beats of music coming from a drum that I started dancing to it? လို့ မေးလာရင် အဖြေက The title of the unit from which the sentence is taken is 'Too Much Knowledge Maketh Fools'. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to the bubbling noise of the boiling rice. လို့ဖြေရပါမယ်၊ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့ မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာဖြစ်တယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်း နှစ်ကြောင်းလောက်ကိုပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲ ဖြစ်တယ်။ What do these lines mean? လို့ မေးမှာဖြစ်တယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ၊ ဆိုလိုရင်းအဓိပ္ပါယ်ရော၊ သဒ္ဒါရောမှန်ရပါမယ်။

ဥပမာ What do these lines mean?
What is this life if, full of care, –
We have no time to stand and stare? ဆိုတဲ့ ကဗျာထဲကစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုပါစို့။ အဲဒီကဗျာ ၂ ကြောင်းရဲ့ စကားပြေကို ပြန်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ်(၁) B လိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်ဖတ်ပြီး အဓိပ္ပာယ်သိရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ ဝါကျတွေ တည်ဆောက်တတ်အောင်လဲ များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂)မှတ်တန် မေးခွန်းတွေဖြစ်ပေမယ့် အဖြေတစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက်ရပါတယ်။ ဥပမာ- Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ ပေးထားပြီး How can we prevent malaria? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ် မတတ် စစ်ဆေးမှာဖြစ်တယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာသိဖို့ အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကိုပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။

ဥပမာ ဖတ်စာအုပ်ထဲမှာပေးထားတဲ့ စာကြောင်းတစ်ကြောင်းကိုကြည့်ရအောင် she is different i said she has manners but she doesn't have language ဒီစာကြောင်းကိုကြည့်ရင် direct speech နဲ့ ရေးထားတဲ့ ဝါကျဖြစ်တယ်။ ပြောတဲ့သူက first person pronoun ဖြစ်တဲ့ " I " ဖြစ်လို့ Capital letter နဲ့ ရေးရပါမယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb 'said' ရဲ့နောက်မှာ comma (,) ရှိရပါမယ်။ I ကပြောတဲ့ အကြောင်းအရာနှစ်ခုက I ရဲ့ တစ်ဖက်တစ်ချက်မှာ ရှိနေတာတွေ့ရပါမယ်။ I ကပြောတဲ့ စကားလုံးတွေက she is different နဲ့ she has manners but she doesn't have language ဖြစ်လို့ I ကပြောတဲ့စကားတွေရဲ့ အစမှာ open inverted commas (") ရှိပြီး၊ သူပြောတဲ့စကားတွေရဲ့အဆုံးမှာ close inverted commas (") ရှိရပါမယ်။

She is different ဆိုတဲ့ I ကပြောတဲ့ ပထမအကြောင်းအရာရဲ့ နောက်မှာလည်း ဝါကျမဆုံးသေးလို့ comma ရှိရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကိုကြည့်မယ်ဆိုရင် နှစ်ပိုင်းပါတာကို တွေ့ရပါမယ်။ she has manners နဲ့ but she doesn't have language တို့ ဖြစ်ပါတယ်။ ဒီအပိုင်း နှစ်ပိုင်းကို but ဆိုတဲ့ sentence connector နဲ့ ဆက်ထားလို့ but ဆိုတဲ့ sentence connector ရဲ့ရှေ့မှာ comma (,) ရှိရပါမယ်။ ဆက်ပြီးကြည့်မယ်ဆိုရင် doesnt ဆိုတဲ့ စကားလုံးဟာ spelling မမှန်ပါဘူး။ does နဲ့ not ကို အတိုကောက် (contracted form) နဲ့ရေးတာဖြစ်လို့ 'n' နဲ့ 't' ကြားမှာ apostrophe (') ရှိရပါမယ်။ ပြီးတော့ ဝါကျရဲ့အစတွေကို capital letter နဲ့ စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒီပေးထားတဲ့ ဝါကျကို ကြည့်မယ်ဆိုရင် punctuation marks စုစုပေါင်း (၁၂)ခုလိုပါတယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်း ၂ ပိုင်း ပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့ စာကြောင်း(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ ဝါကျတွေ Grade 10 မှာရော Grade 11 ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေကိုများများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: ဆိုပြီး ရွေးစရာ(၂)ပုဒ်ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကို ရွေးပြီးရေးပါ။

စာမျက်နှာ (ခ)သို့

စာမျက်နှာ (က)မှ

မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ Dengue Fever အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- Dengue fever – viral disease – carried – Aedes mosquito
- Disease occurs mainly – tropical – subtropical regions

လို့ ပေးထားတယ်ဆိုပါစို့။

ပထမဝါကျမှာ dengue fever ဟာ viral disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းကိုပြတဲ့ verb to be ဖြစ်တဲ့ "is" ကို သုံးရပါမယ်။ ပြီးတော့ အဲဒါ ဝါကျမှာ viral disease ဟာ singular noun ဖြစ်လို့ article 'a' ထည့်ပေးရမယ်။ ပြီးတော့ dengue fever ကို Aedes ခြင်က သယ်ဆောင်တာဖြစ်လို့ which is carried by Aedes mosquito လို့ ရေးရပါမယ်။ ဒီနေရာမှာ which ဆိုတဲ့ relative pronoun နဲ့ verb to be ဖြစ်တဲ့ is ကို ထားခဲ့ရင်လည်းပဲ ရပါတယ်။ ဒီအပိုင်းကို passive voice နဲ့ရေးထားတဲ့အတွက် ပြုလုပ်သူ (agent) ဖြစ်တဲ့ Aedes mosquito ရှေ့မှာ by ထည့်ဖို့လိုပါမယ်။ ပြီးတော့ Aedes mosquito ဆိုတာ ခြင်အမျိုးအစားတစ်မျိုးရဲ့ ကိုယ်ပိုင်နာမည်ဖြစ်လို့ အဲဒီအမည်ရဲ့ရှေ့မှာ definite article 'the' လိုပါမယ်။

ဒါကြောင့် Dengue fever – viral disease – carried – Aedes mosquito ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ Dengue fever is a viral disease, (which is) carried by the Aedes mosquito လို့ ပြန်ရေးရပါမယ်။

နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင်ပေးထားတဲ့ prompts တွေက disease occurs mainly – tropical – subtropical regions ဖြစ်ပါတယ်။ ဒီ ဝါကျကိုကြည့်မယ်ဆိုရင် disease ဆိုတဲ့စကားလုံးနဲ့ စတာဖြစ်ပေမယ့် ပထမဝါကျမှာ နိဒါန်းပျိုးပြီးသားဖြစ်တဲ့ dengue fever အကြောင်းကို ပြောတာဖြစ်လို့ definite article 'the' လိုပါမယ်။ ပြီးတော့ ဒီရောဂါဟာ tropical နဲ့ subtropical ဒေသတွေမှာ ဖြစ်တဲ့အတွက် နေရာကိုဖော်ပြဖို့ in ဆိုတဲ့ preposition လိုပါမယ်။ ပြီးတော့ နေရာဒေသနှစ်ခုအကြောင်းကိုပြောလို့ tropical နဲ့ subtropical ကို and ဆိုတဲ့ conjunction နဲ့ ဆက်ရပါမယ်။ ဒါကြောင့် disease occurs mainly – tropical – subtropical regions ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ The disease occurs mainly in tropical and subtropical regions. လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၃)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ- (၁)စာရေးမယ့်သူက ဘယ်သူလဲဆိုတာသိဖို့ လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာ ကြည့်ပါ။ (၃) ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့ နာမည်ကို ပေးထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘယ်ကျောင်း၊ ဘယ်မြို့နယ်ကဖြစ်တယ်ဆိုတာ လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။ နမူနာ မေးခွန်းတစ်ပုဒ်ကိုကြည့်ကြရအောင်၊ You are Nyi Nyi. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, asking him which university he would like to join and what he is doing to make his dream come true.

ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Nyi Nyi ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့ စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် asking him which university he would like to join နဲ့ what he is doing to make his dream come true. ဆိုတဲ့ အကြောင်းအရာနှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာဖြစ်တယ်။ မေးခွန်းမှာမေးထားတဲ့အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားတာ အားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းရမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(၁) Organization - ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၂) Relevancy - သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(၃) Content - အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့် အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(၄) Language - အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

(၆) ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကိုမရေးဘဲ ကျစ်ကျစ်လျစ်လျစ် ထိထိမိမိနဲ့ သဒ္ဒါမှန်မှန်နဲ့ ရေးဖို့ပဲအရေးကြီးပါတယ်။ ဥပမာ Enemies of youths today ဆိုတဲ့ စာစီစာကုံး ရေးခိုင်းမယ်ဆိုရင် enemy တစ်ခုတည်း ရေးလို့မရပါဘူး။ enemy တစ်ခုတည်းအကြောင်းကိုရေးရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း ကြိုးစားပါ။ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဖေဖော်ဝါရီလ၊ ၆-ရက်၊ (၅၇)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇန်နဝါရီလ (၁၀)ရက် (၅၆)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၇၁၀၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဖေဖော်ဝါရီလ (၆၊ ၇)ရက်တွင် ၅၇-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စနေမာသိရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလှူရှင်များနှိုးဆော်ခြင်း

သာယာဝတီမြို့ သာသနာစခဲ့သော နှစ်ပေါင်း ၁၃၇ နှစ်ရှိ မင်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ဒေါက်တာဉာဏိဿရ M.A(India) ဓမ္မာစရိယ Ph.D(India) Ph.D(UK), Ph.D(india) မြို့နယ် ဘ/က ဥက္ကဋ္ဌ မြို့နယ်ဝိနည်းဓိုရ်အရှင်သူမြတ်မှ ဦးစီးတည်ဆောက်လျက်ရှိသော အလျားပေ ၂၇၀၊ အနံပေ၅၀ အပြည်ပြည်ဆိုင်ရာသာသနာပြု တက္ကသိုလ် သုံးထပ်ဆောင်ဆောက်လုပ်နေပါပြီ၊ အလှူရှင်များအနေဖြင့် အောက်ပါအတိုင်း လှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။

ဘုရားခန်း	၃၀×၃၀ (သိန်း ၃၀)	RCတိုင်တစ်တိုင်	၄သိန်း၅သောင်း
သံဃာနေ	၃၀×၄၅ (သိန်း ၄၀)	အလူမီနီယမ်တံခါးတစ်ပေါက်	၄သိန်း
စာသင်ခန်း	၃၀×၃၀ (သိန်း ၃၀)	တံခါးမကြီးတစ်ပေါက်	၇သိန်း၃သောင်း
ကွန်ပျူတာခန်း	၃၀×၃၀ (သိန်း ၃၀)	လှေကားတစ်စင်း	သိန်း ၂၀
စာသင်သားခန်း	၃၀×၆၀ (သိန်း၅၀)	ကျား/မအိမ်သာ	၁၅ သိန်း
ဆွမ်းစားခန်း	၃၀×၆၀ (သိန်း ၅၀)	အုတ် အစဲ ၁၀၀၀	၆၀၀၀ိ
စာကြည့်တိုက်	၃၀×၆၀ (သိန်း ၅၀)	ဇိမ္မူးလုံး တစ်တန်	၄၅၀၀၀ိ
စာချခန်းဆရာတော်	၁၅×၁၅(၁၅သိန်း)	ကျောက် တစ်ကျင်း	၇၀၀၀ိ
ကျောင်းအုပ်ခန်း	၁၅×၃၀ (သိန်း ၂၀)	သဲ တစ်ကျင်းခွဲ	၃၀၀၀ိ
အထူးပုဂ္ဂိုလ်ခန်း	၁၅×၃၀ (သိန်း ၂၀)	ဘိလပ် တစ်အိတ်	၅၅၀ိ
ဧည့်ကြို	၁၅×၃၀ (သိန်း ၂၀)		
ဘွဲ့နှင်းသဘင်ခန်းမ	၃၀×၁၃၅ (သိန်း ၁၀၀)		
အစည်းအဝေးခန်းမ	၃၀×၄၅ (သိန်း ၄၀)	ကမ္မည်းထိုးလှူဒါန်းနိုင်ပါသည်။	

လှူဒါန်းလိုပါက

ဖုန်း-၀၉-၅၃၆၀၄၃၆ (ကျောင်းအုပ်)
ဖုန်း-၀၉-၄၂၃၆၈၀၇၆၉ (ပြန်ကြားရေးဌာန)
ဖုန်း-၀၉-၃၁၆၅၁၉၁၂ (ပရဟိတပညာရေးရုံးခန်း)
မင်းကျောင်းလူငယ်သင်တန်းကျောင်းနှင့် ဘ/က ပညာရေးကျောင်း
မင်းကျောင်း ပရဟိတ ပရိယတ္တိ ပဋိပတ္တိဘက်စုံသာသနာပြုကျောင်းတိုက်
သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ပထဝီဝင် (1985-86 Intake, Hlaing Campus)

1985-86 Intake ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တွင် ပထဝီဝင် အထူးပြုဘာသာရပ်ဖြင့် တက်ရောက်ပညာသင်ကြားခဲ့ကြပြီး ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများမှ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၂-၂၀၁၆ ရက် (စနေနေ့)
အချိန် - ညနေ ၃း၀၀ နာရီ
နေရာ - ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းလျားလမ်း(လှေလှော်ရွက်တိုက်ဝင်း)
ဆက်သွယ်ရန်ဖုန်းနံပါတ်များ
ဒေါက်တာထွန်းဇော် ဖုန်း-၀၉-၅၅၀၃၀၅၄
မျိုးအောင် ဖုန်း-၀၉-၅၀၇၀၃၇၈
နန်းဆွေခမ်း ဖုန်း-၀၉-၇၉၅၂၈၃၇၉၄
ကိုမောင်နိုင် ဖုန်း-၀၉-၅၀၃၅၄၄၃
မင်းကျော်သူ ဖုန်း-၀၉-၇၃၁၁၇၈၃၅

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်- ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ- မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀-၁၂-၁၀၀-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း-၀၉ ၂၁ ၁၀ ၃၀၅၊ ၀၉ ၇၈၇ ၆၆၆၆ ၇၀၊ ၀၉ ၇၈ ၇၈ ၇၇ ၉၆၉၊ ၀၉ ၂၆ ၃၂ ၄၄၄ ၆၆)

ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

သည်းငယ် - ခိုင်ဆုဝေ

ဒီနေ့ ၃၀-၁-၂၀၁၆ ရက်ဟာ ကိုယ်တို့နှစ်ဦး ရွှေလက်တွဲလာတာ (၅)နှစ်တာပြည့်ခဲ့ပါပြီး။ ဒီကာလအတွင်း ကိုယ့်အပေါ် အစစအရာရာ ဂရုစိုက်ပေးတာတွေ၊ ကိုယ်တို့နှစ်ဦးရဲ့ ရင်နှစ်သည်းခြာ သားနှင့်သမီး အမွှာလေးမွေးပေးခဲ့တာတွေကြောင့် ပိုလို့ချစ်ရပါတယ်။ ကိုယ်တို့နှစ်ဦးရဲ့ နောင်လာမယ့် နေ့ရက်တွေဟာ ဒီထက်ပိုပြီးလှပသာယာပါစေလို့ ကို အမြဲဆုတောင်းပါတယ်။

ကိုကို-နေမျိုးထိုက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ အမှတ် ၁၄/က အခန်း(၅)၊ မြေညီထပ်အပါ သုံးလွှာ ခေါင်းရင်းခန်းကို တရားဝင်ပိုင်ဆိုင်သူ ကိုနောင်လတ်မော် ၉/တတဥ(နိုင်)၀၀၀၀၁၄ ၏ တရားဝင် ကိုယ်စားလှယ်လွှဲစာရရှိသူ ကိုသောင်းထိုက်မော် ၁၂/ကမရ(နိုင်)၀၄၉၂၉၇ထံတွင် ကျွန်ုပ်၏အမှုသည်က အထက်ဖော်ပြပါ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်သူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်းဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသူ
LL.B,D.B.L,WIPO(Switzerland)
အထက်တန်းရှေ့နေ (စဉ်-၃၁၅၇၇)
အမှတ်(၁၆/က)၊ အခန်း(၂)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊
မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၅၇၀၂၆၊ ၀၉-၇၈၄၉၁၇၃၀၃၊ ၀၁-၅၀၀၂၁၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၄၉၂^A (တော်တမံရိုးအနောက်)၊ ဦးပိုင်အမှတ်-၃၈^ဃ၊ ဧရိယာ ၀ဒသမ၆၆ဧကရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးဝင်း ၁၂/ဗဟန(နိုင်) ၀၀၀၄၀၇ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ထွန်းနိုင် ၁၀/မလမ (နိုင်) ၀၁၇၈၄၇က ၂၁-၁-၂၀၁၄ရက်စွဲပါ ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ဥသာမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/၂၊ မြေကွက်အမှတ် (၇၅၅/၇၅၇/၇၅၉)ဟု ခေါ်တွင်သောပေ (၁၀၀×၆၀) အကျယ်အဝန်းရှိ မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးကျော်ကျော်လင်း ၁၂/ကမတ(နိုင်)၀၀၀၇၈၂နှင့် ဒေါ်မိုးမိုးဝင်း ၁၂/ဗဟန(နိုင်)၀၀၀၄၀၇ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ထွန်းနိုင်က ၂၁-၁-၂၀၁၄ ရက်စွဲပါ ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ ယင်းမြေကွက်များအား အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်သူများ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးလှိုမွှေ (LL.B) **ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) **ဦးဝေယံဦး (စဉ်-၄၂၂၂၇)**
အထက်တန်းရှေ့နေများ
အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၂၀၂၆၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ အီး၊မြေကွက်အမှတ် ၆၇/၂/A၊ မြေကွက်တည်နေရာအမှတ် ၆(က)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး (ခ)ရပ်ကွက် (ဒေါ်တင်ဦး)အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား မြေကွက်အမည်ပေါက် ဒေါ်တင်ဦး ၁၂/တမန(နိုင်)၀၅၅၇၇၉မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၂)ရပ်ကွက်၊ ရေကြည်ဦးရပ်ကွက်၊ အကွက်အမှတ် (၆၆-က)၊ ရေကြည်ရေနောက်ကွင်း၊ ဧရိယာ ၃၆ ဒသမ ၈၅ ဧကရှိ အစိုးရမြေကို (Ayeyarwaddy Development Public Co.,Ltd.) အမည်ဖြင့် မြေနေရာချထားမိန့် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃)အထည်စက်ရုံ ဝါစိုက်ကွင်း(စစ်ကိုင်း)ပိုင်မြေပေါ်ရှိ အသုံးမလိုတော့သည့် မြေအောက်ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများ၊ အဝီစိတွင်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါကြောင်း ကြေညာအပ်ပါသည်-

တင်ဒါအမှတ် - ၀၄/၂၀၁၅-၂၀၁၆
တင်ဒါဖြန့်ရက် - ၁-၂-၂၀၁၆ ရက်
တင်ဒါပိတ်ရက် - ၁၅-၂-၂၀၁၆ ရက်

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ထုတ်လုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - အမှတ် (၆၉/၇၁)၊ မြဓာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး ရုံးအမှတ် (၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော် (ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ) တွင် တစ်စုံလျှင် ၂၀၀၀ိ/- (ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁-၂-၂၀၁၆ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၉-၂-၂၀၁၆ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန

ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးတွင် လစ်လပ်လျက်ရှိသော နည်းပြ(ကျန်းမာရေးမှူး-၂) (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ) ရာထူးနေရာများ ဖြည့်စွက်ခန့်ထားရန်

လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးတွင် လစ်လပ်လျက်ရှိသည့် နည်းပြ(ကျန်းမာရေးမှူး-၂) (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ) ရာထူးနေရာများ ဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) B.Com.H ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဂ) B.Com.H တွင် သင်ကြားသော ဘာသာရပ်များအတွက် အနည်းဆုံး ဘာသာရပ်သုံးခုတွင် Grade 4 ရမှတ် ၆၀% နှင့်အထက်ဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့် ၂၉-၂-၂၀၁၆ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်။**
(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ် (ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်။**
(က) ဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း
(ဃ) လွန်ခဲ့သည့်တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ သုံးပုံ။
(င) အလုပ်သမားမှတ်ပုံတင်မူရင်း။
(စ) နည်းပြ(ကျန်းမာရေးမှူး-၂)အဖြစ်ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံးငါးနှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသည့်လျော်ကြေးငွေ ကျပ် ၄၀၀၀၀၀ိ/-(ကျပ်လေးသိန်းတိတိ)ကိုပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်

၅။ လျှောက်လွှာများကို ၂၉-၂-၂၀၁၆ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ် ၄ (နေပြည်တော်)သို့ လိပ်မူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ သတ်မှတ်ရက်ထက်နောက်ကြပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံးဝ)လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲစစ်ဆေးမည့်အစီအစဉ်ကို ထပ်မံကြေညာပါမည်။

၈။ အသေးစိတ်သိရှိလိုပါက ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉၊ (Ext-၈၂၆) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကမ်းနားလမ်းပေါ်ရှိ အမှတ်(၁၆)၊ သစ်စက်ဟောင်းဝင်းအတွင်းရှိ အဆောက်အဦအဟောင်းများအား ဖျက်သိမ်းဝယ်ယူရန်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) ပစ္စည်းအမျိုးအမည် - (၁)ပင်မစက်ရုံဟောင်း(သွပ်မိုးသစ်သားထည်)၊ (၂)ခွဲသားဂိုဒေါင်၊(၃)စက်ရုံရုံးခန်း၊ (၄)ဝန်ထမ်းအိမ်ယာ၊ (၅)စတိုဂိုဒေါင်၊ (၆)ဝန်ထမ်းလိုင်းခန်း၊ (၇)အုတ်တံတိုင်း၊ (၈) မီးသတ်ရေကန်
(ခ) နေ့ရက် - ၁၆.၂.၂၀၁၆ရက်၊ နံနက် (၁၀း၀၀)နာရီ
(ဂ) နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ဘားအံမြို့၊ ကရင်ပြည်နယ်
(ဃ) ဆက်သွယ်ရန်ဖုန်း - ၀၅၈-၂၁၁၅၇

၂။ အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၁၅.၂.၂၀၁၆နေ့နောက်ဆုံးထား၍ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

အဆောက်အအုံအဟောင်းများ လေလံတင်ရောင်းချရေးအဖွဲ့

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ နန်းတော်အိုးရပ်ကွက်ရှိ၊ အမှတ် (၁၇) သစ်စက်ဟောင်းဝင်းအတွင်းရှိ အဆောက်အဦအဟောင်းများအား ဖျက်သိမ်းဝယ်ယူရန်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) ပစ္စည်းအမျိုးအမည် - (၁)ပင်မစက်ရုံဟောင်း(သွပ်မိုးသစ်သားထည်)၊ (၂)ခွဲသားဂိုဒေါင်၊(၃)စက်ရုံရုံးခန်း၊ (၄)သစ်ဆိုင်ရုံးခန်း၊ (၅)လက်ထောက်မန်နေဂျာနေအိမ်
(ခ) နေ့ရက် - ၁၆.၂.၂၀၁၆ရက်၊ နေ့လည် (၁း၃၀)နာရီ
(ဂ) နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ဘားအံမြို့၊ ကရင်ပြည်နယ်
(ဃ) ဆက်သွယ်ရန်ဖုန်း - ၀၅၈-၂၁၁၅၇

၂။ အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၁၅.၂.၂၀၁၆နေ့နောက်ဆုံးထား၍ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

အဆောက်အအုံအဟောင်းများ လေလံတင်ရောင်းချရေးအဖွဲ့

မိခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁) အဋ္ဌမတန်း(B)မှ မောင်မောင်ဦးနှင့် တတိယတန်း(ခ)မှ မောင်မောင်လွင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်လောလီ ဖြစ်ပါကြောင်း။

ဒေါ်လောလီ
၁၃/မဆတ(နိုင်)၀၃၂၃၉၈

သဇင်ပန်းလှလှ

ထားဝယ်သဇင်ဥ၊ သဇင်ဥမျိုးစုံ၊ စိုက်ပြီးသဇင်တိုင်၊ တိုင်လွတ်
ဖုန်း-၀၁-၅၆၀၅၆၇၊
၀၉-၂၅၂၆၉၀၄၀၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၈၅၄၈၀ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုတိုး ၉/ပမန(နိုင်)၂၂၄၆၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)အတွက် လိုအပ်သော ကြွေကျောက် (၈၀၀)တန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၀-၂-၂၀၁၆ရက် ၁၅း၃၀နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀/၄၀၈၃၆၃)

အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၈-၁-၂၀၁၆ရက်မှ ၁၁-၂-၂၀၁၆ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၂-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၃၁၀၂၇၊ ၀၆၇-၄၃၁၀၄၂တို့သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။ **လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓေပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၁၅

ဦးစိုးမြင့် **နှင့်** ၁။ ဦးတင်စိုး
၂။ ဒေါ်စန်းစန်းဝေ
၃။ ဒေါ်စိုးမိုးသူ

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၅ ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၃၆/B နေ ဦးတင်စိုးနှင့် ဒေါ်စန်းစန်းဝေ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းအရောင်းအဝယ် စရန်ပေး ကတိစာချုပ်အတိုင်း တိုက်ခန်းဖိုးကျန်ငွေကို လက်ခံရယူ၍ ဝယ်ယူထားသော တိုက်ခန်းအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)
ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

YGN လိုင်စင် စတိန်ပါတ်ကားများ ရောင်းမည်

1. 2011 Suzuki SWIFT ပုံပြောင်း push start Grade စုံ
2. 2011 Honda Fit GPJ (Hybrid)
3. 2011 Mazda Demio (ပုံပြောင်း)

ဖုန်း-၀၉-၂၅၂၈၅၇၉၈၈၊ ၀၉-၃၀၀၀၆၄၄၄၊ ၀၉-၇၃၀၅၇၀၉၂

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ ဖေဖော်ဝါရီ ၅ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်

၂၀၁၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို ၅၈ ပုဒ်၊ ဆောင်းပါး ၅၇ ပုဒ်နှင့် ဓာတ်ပုံ ၃၀၈ ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများ၏ဝတ္ထုတိုပြိုင်ပွဲတွင် ခင်တင့်ဝေ(မြို့တော်စည်ပင်)က မျဉ်းပြိုင်နှစ်ကြောင်းဖြင့် ပထမ၊ ကျော်မျိုးသူက မမြင်ရသောပန်းတိုင်ဖြင့် ဒုတိယ၊ ဖြူစင်မိုး(မြန်မာစာ)က ကာလယန္တရားဖြင့် တတိယ၊ သုတဆု(စဥ့်ကူး)၊ မင်းထင်ကျော်နှင့် အောင်ခန့်ဖြိုးဝေ (တောင်ငူ)တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်ပွဲတွင် မနောဖြူက နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အားကစားကဏ္ဍမြှင့်တင်စို့ဖြင့် ပထမ၊ သဇင်ထွန်း(ပညာရေး)က ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ကိုတည်ဆောက်ဖို့ပြင် ဒုတိယ၊ တက္ကသိုလ်ပွင့်သူအောင်က အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးဖြင့် တတိယ၊ မောင်မောင်မိုးအောင်၊ စုစုစံနှင့် သက်ဦးမောင်တို့က နှစ်သိမ့်ဆု၊ ဓာတ်ပုံပြိုင်ပွဲတွင် ဟိန်းထက်အောင်က ပထမ၊ မျိုးမင်းကြွယ်က ဒုတိယ၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)က တတိယ၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ အောင်မြင့်ထွေးနှင့် ရီရီရွှေတို့က နှစ်သိမ့်ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအား ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီတွင် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများအနေဖြင့် မပျက်မကွက်(မပျက်မကွက်)တက်ရောက်ပါရန်နှင့် တက်ရောက်နိုင်မည့်အခြေအနေအား လူထုအားကစားနှင့်ပညာပေးဌာနခွဲ (နေပြည်တော်)ဖုန်း-၀၆၇-၄၀၆၀၂၇၊ ၀၉-၂၅၀၈၄၈၅၁၂တို့အား မပျက်မကွက်(မပျက်မကွက်) ဆက်သွယ်သတင်းပို့ကြရန် ဖြစ်ပါသည်။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၃၇ နှင့်ဆက်နွယ်သည့်
၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၆

ဒေါ်လှဝင်း **နှင့်** ၁။ ဦးတင်လတ်
၂။ ဒေါ်သီတာဆွေ

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ် ၁၀၆၈နေ ဦးတင်လတ်၊ ဒေါ်သီတာဆွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၃၇ တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထိန်မင်း)
ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓေပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မကွေးခရိုင်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆ နှင့်ဆက်နွယ်သည့်
၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂

ဒေါ်သိန်းအေး **နှင့်** ၁။ ဦးနေလင်းအောင်၊ ၂။ ဦးကျော်ထင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးကျော်ထင် (ဘ) ဦးလှကျော် အမှတ် ၉၅၊ ၁၀လမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သိန်းအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုင်နိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်မြင့်ထွေး)
ဒုတိယခရိုင်တရားသူကြီး(၂)၊ မကွေးခရိုင်တရားရုံး

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့
ရွှေမှိုက်ပစ္စည်းများနှင့် ရွှေစစ်ကန်မှ ရွှေမြေများရောင်းချရန်

ဈေးပြိုင်ကြော်ငြာစာ

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၀၁၅ခုနှစ်၊ ရွှေမှိုက်ထုတ်လုပ်ငန်းဆောင်ရွက်ရာမှ ကျန်ရှိခဲ့သောရွှေပါဝင်သည်ဟု ယူဆရသည့် ရွှေမှိုက်ပစ္စည်းများနှင့် ဆီမီးခံပတ်လည်ရှိ ရွှေစစ်ကန်များအတွင်းရှိ ရွှေမြေများအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းလိုသူများသည် ၈-၂-၂၀၁၆ရက်မှ ၁၀-၂-၂၀၁၆ရက် အထိ ရုံးချိန်အတွင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရွှေနှင့်ရတနာဌာန၌ဈေးပြိုင် အဆိုပြုလွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့်ဝယ်ယူ၍ ရွှေမှိုက်ပစ္စည်းများအား မျက်မြင်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာကို ၁၈-၂-၂၀၁၆ရက် မွန်းလွဲ ၁း၀၀နာရီတွင် ကိုယ်တိုင်တင်သွင်းရမည်ဖြစ်ပြီး ဂေါပကအဖွဲ့မှ ဈေးပြိုင်အဆိုပြုလွှာတင်သွင်း သူများ ရှေ့မှောက်တွင် ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။ **ဖုန်း-၀၉-၇၃၂၄၄၁၄၇၊ ၀၉-၄၂၁၀၂၄၉၄၃**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)ဖြင့် **လူမှုထူးချွန်ဒုတိယဆင့်ဂီတစာဆို ဟသ်ာတမြင့်ငွေအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့**အဖြစ် **အလင်္ကာကျော်စွာဘွဲ့**ကို ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်းခံရသည်အတွက် **အလင်္ကာကျော်စွာ ဂီတစာဆို ဟသ်ာတမြင့်ငွေ** မိသားစုနှင့်အတူ လှိုက်လှဲဝမ်းမြောက် ဂုဏ်ယူရပါကြောင်း။

ဥက္ကဋ္ဌ၊ CEO နှင့် မြဝတီဘောလုံးအသင်းများ

စံတော်ဝင်မြေဇင်းတောရ ဓမ္မရိပ်သာ (မိုးကုတ်မြို့)
(၁၂)ကြိမ်မြောက် ကန္တီဥပနိသ္သယ ရက်(၆၀)

တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွံ့ပန်းကြီး ရွံ့ပန်းလေးရပ်ရှိ စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးမဏ္ဍလမှ ရက်(၆၀) တရားစခန်းအား ၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက် (၂၄-၂-၂၀၁၆ရက်) တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ကြိုတင်စာရင်းပေးသွင်းရန် အခက်အခဲရှိသော တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းဖွင့်ပွဲမတိုင်မီ တစ်ရက်ကြိုတင်၍ ကြွရောက်ပါရန် အသိပေး ကြေညာအပ်ပါသည်။

မှတ်ချက်။ ။ (နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ရက်နေ့ အပတ်စဉ်နှင့် ကဆုန်လဆန်း ၁ရက်နေ့ အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။)

ဖုန်း-၀၉-၄၀၂၆၉၈၆၉၊ ၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂၊ ၀၉-၄၇၀၅၈၂၀၄၊ ၀၉-၄၂၀၈၁၆၈၉၄
ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း(မြန်မာစံတော်ဝင်၊ စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးကြည်ထွန်း(ဥက္ကဋ္ဌ) Trust & Gain Co.,Ltd ၏ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ ကောင်းကျိုးလိုအင်ဆန္ဒများနှင့်ပြည့်စုံပြီး ချစ်သော မိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်စေပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရန်ကုန်၊ ပုသိမ်၊ ဘားအံ မှ ဝန်ထမ်းများ
Trust & Gain Co.,Ltd

အမည်ပြောင်း
ဦးမျိုးမြင့် ၏သား၊ အ.မ.က(၁)လသာ၊ စတုတ္ထတန်း(က)မှ မောင်အောင်တိုးလျှံအား မောင်လျှံသက်တိုးအောင်ဟုပြောင်းလဲခေါ်ပါရန်။
မောင်လျှံသက်တိုးအောင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7470, Suzuki , P/U ယာဉ်လက်ဝယ်ရှိသူ ဦးထန်လိန်ဆွမ်း ၅/ကလထ(နိုင်)၁၂၉၃၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကလေးမြို့)

အထူးကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူခြင်း

အလင်္ကာကျော်စွာ ရွှေမန်း(ဦးတင်မောင်)-သုံးပန်လှ (ဒေါ်သိန်းညွန့်)တို့၏မြေးများ၊ ရွှေမန်း(ဦးဝင်းဗိုလ်)-ဒေါ်နွဲ့နွဲ့အေး ဖွဲ့စည်းတည်ထောင်သော ''သစ္စာမေတ္တာရွှေမန်းသဘင် ဗိုလ်ညီကို''ရဲ့ အနုပညာလမ်းသည် အောင်မြင်မှုပန်းတိုင်ဆီသို့ လှမ်းချီတက်နိုင်ခဲ့ပါပြီ။ ''လေ့ကားထစ်ကလေးများရဲ့အစ''မှ ဖြူစင်သောမေတ္တာစေတနာများဖြင့် စုပေါင်းပါဝင်ကူညီခဲ့ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူနေပါတယ်။

ရန်ကုန်ရွှေမြို့တော်ကြီးနှင့်တကွ မြန်မာပြည်အနှံ့အပြားမှာ အောင်မြင်မှုပန်းများ ပွင့်လန်းပါစေ။ ကမ္ဘာ့နိုင်ငံများတွင်လည်း မြန်မာ့ဇာတ်သဘင်ဂုဏ်ကို အထူးဖော်ဆောင်နိုင်သော အဖွဲ့ကြီး ဖြစ်ပါစေ။

စာနယ်ဇင်းပွဲနှင့် ဇာတ်ခုံစင်မြင့်ထက်မှာ ''အစ်မ''တစ်ဦးချင်းစီရဲ့ နာမည်ကိုပြောပြီး ''ကျေးဇူးတင်ပါတယ်''ဆိုတဲ့ စကားလေးကိုလည်း ဝမ်းသာပီတိများစွာဖြင့် ရင်ထဲမှာ ထာဝရ သိမ်းဆည်းထားပါတယ်။

လှိုက်လှဲစွာ ကြိုဆိုအားပေးတော်မူခဲ့ကြသော ရွှေမန်းချစ်ပရိသတ်ကြီးများကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။

သစ္စာ မေတ္တာဖြင့်
''ထာဝရ''
အစ်မများ

မင်းတုန်းအသင်း (ရန်ကုန်)
သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး

အထက်ပါအခမ်းအနားကို ၆-၂-၂၀၁၆ (စနေနေ့) နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ ဗိုလ်တထောင်ဘုရားအနီး ပတ္တမြားကျောင်းတိုက်တွင် (၁၄)ကြိမ်မြောက် ကျင်းပပြုလုပ်ပါမည်။ (၇၅)နှစ်နှင့်အထက် အဘိုးအဘွားများကိုယ်တိုင် ကြွရောက်ကန်တော့ခံကြပါရန်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ အထောက်အထားတင်ပြ၍ ဆုလက်ခံယူကြပါရန်နှင့် မင်းတုန်းသူ မင်းတုန်းသားများအားလုံး (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) မပျက်မကွက် ကြိုးစားတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
မင်းတုန်းအသင်း (ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ် (၁၈)၊ ဦးပိုင်အမှတ်(၇) ဧရိယာ ၀ဒသမ၁၉၃၈ကကို ဒေါ်ခင်မြ ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက် ရရှိထားပါသည်။ဒေါ်ခင်မြအမည်မှ ဦးရှင်ဟုန့် ၁/မမန(နိုင်) ၀၀၉၇၃၀ အမည်သို့ အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဇန်းမော်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၈၁)၊ ဦးပိုင်အမှတ်(၂၇/က)ဧရိယာ ၀ဒသမ၀၆၁ဧကကို ဒေါ်မီမီကြိုင်ပါလေးဦး ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ၀ဒသမ၀၇၃ဧကကို ဦးရဲမင်းသူက ဝယ်ယူခဲ့၍ ၂၀၁၂ခုနှစ် ဇွန်လ ၈ရက်တွင် ဇန်းမော်မြို့မှတ်ပုံတင်စာချုပ်စာတမ်းရုံး၌ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဒေါ်မီမီကြိုင် ပါလေးဦး အမည်မှ ဦးရဲမင်းသူ ၁၄/ကပန(နိုင်) ၀၀၁၇၀၆အမည်သို့ အမည်ပြောင်း ဦးပိုင်ခွဲ မြေငှားဂရန်သစ် လျှောက်ထားလာရာ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်း ဦးပိုင်ခွဲ မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဇန်းမော်မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/7903 Toyota Corolla Fielder, S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးစောနေဇလု ၁၂/ကမတ(နိုင်)၀၄၄၉၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

MAMDA

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း(ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင်ရွေးကောက်ပွဲနှင့်အသင်းသားစုံညီအစည်းအဝေး အခမ်းအနားဖိတ်ကြားခြင်း

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းဒေသကြီးအား ယာယီရွေးချယ်ပွဲကို (၁၈-၇-၂၀၁၅)ရက်နေ့တွင် ရွေးချယ်ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအား (၃-၇-၂၀၁၅)ရက်နေ့တွင် ရွေးချယ်၍ ယာယီဖွဲ့စည်းနိုင်ခဲ့ပါသည်။

သို့ပါ၍ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ တိုင်းဒေသကြီးအသင်းခွဲများအား တရားဝင်ဖွဲ့စည်းနိုင်ရန် အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ် မည်ဖြစ်ပါ၍ အသင်းဝင်များမှတက်ရောက်ပေးပါရန်လေးစားစွာ ဖြင့်ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

နေ့ရက် ၁၄-၂-၂၀၁၆ (တနင်္ဂနွေနေ့)
အချိန် နေ့လည်(၂း၀၀)နာရီမှ(၅း၀၀)နာရီအထိ
နေရာ UMFCCI(ပထမထပ်)၊မင်္ဂလာခန်းမ၊အမှတ်(၂၉)၊မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

မန္တလေးတိုင်းဒေသကြီး

နေ့ရက် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)
အချိန် နေ့လည်(၁၂း၃၀)နာရီမှ(၃း၃၀)နာရီအထိ
နေရာ SuzukiShowroomအမှတ်(၆/၂)၊သီပေါလမ်း(၆၀×၆၁)ကြား။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ အနော်ရထာ၊ မြေကွက်/ဦးပိုင်အမှတ် (၃၂)၊ မြေဧရိယာ ၀ဒသမ၀၅၉ဧက၊ မြေကွက်တည်နေရာ အမှတ်(၃၂)၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့ရှိ မြေကွက်အား ဒေါ်မြင့်မြင့်အေး(ခ)ကျင်ကျူ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ (ဘ) ဦးအောင်ကြီး ၉/တကန(နိုင်)၀၀၅၁၀၇မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ သိမ်ကုန်းအုပ်စု၊ ဖက်တောကျေးရွာနေ အဖဦးဖိုးပြည့် ၉/မလန(နိုင်) ၀၅၅၆၁၉ အမိ ဒေါ်ထွေးရီ ၉/မလန(နိုင်)၀၅၄၉၇၈တို့၏ သမီးဖြစ်သူ မဇာနည်ထွေး ၉/မလန(နိုင်) ၁၁၄၁၅၈သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သောအကြောင်းအရာကို ပြုလုပ်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးဖိုးပြည့်-ဒေါ်ထွေးရီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၈၅၂) ဧရိယာ ၀ဒသမ၁၄၆ဧက ဒေါ်ခင်မာကြည်အမည်ပေါက် နှစ်(၃၀)အငှားဂရန် မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၈၆/၂၀၁၅ဖြင့် ဒေါ်ခင်မာကြည်၏ အထူးကိုယ်စားလှယ် ဦးအောင်အောင် ၁၁/စတန(နိုင်) ၀၅၀၃၇၈ (ဘ) ဦးအောင်မြမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**